www.burmeseclassic.com




ရွှေငါးလေး

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## ရွှေငါးလေး


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ – ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်
အမှတ် (၁၉)၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်။

တွန်ပျူတာစာစီ – ပြည့်ဖြိုး

အတွင်းပလင် – ကိုကြီးပေါက် (၀၉–၄၂၀၂၄၃၃၂၄)

မျက်နှာဖုံးဒီဇိုင်း – ရဲလေး

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၆၊ မေလ။

အုပ်ရေ / တန်ဖိုး – ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး – ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁–လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၀၉ ၅၃၀၅၁၆၆၄၊ ၀၉ ၅၃၁၂၆၃၅၈

၈၉၅ .၈၃

မိုးစက်ပိုင်
ရွှေငါးလေး/မိုးစက်ပိုင်။ – ရန်ကုန်၊
ခုနစ်[illegible]ယ်စာပေ ၊ ၂၀၁၆။
၁၉၂ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ရွှေငါးလေး


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ညသယ်နာရီခွဲဆိုသည့်အချိန်က အတော်ပင် မှောင်နေလေပြီ။ တဖွဲဖွဲရွာသွန်းနေသေးသော မိုးရေစက်တွေကြောင့် ထက်နှောင်က ကားကို ဖရွတစိုက်မောင်းနေရ၏။ အမှန်အတိုင်းပြောရလျှင် သူငယ်ချင်းများနှင့် စားသောက်လာသောအရှိန်ကြောင့် အတော်လေး ရီဝေနေပြီမို့ အနားယူချင် နေပြီ ဖြစ်သည်။

ထို့ကြောင့် အိမ်သို့မြန်မြန်ပြန်ရောက်ရန် ကားကို မသိမသာ အရှိန် မြှင့်လိုက်၏။ ကားမီးရောင်ကြောင့် မိုးရေစက်များ ကျနေသည်ကို မြင်နေ ရသော်လည်း ညနက်ပြီမို့ ကားလမ်းက ရှင်းလင်းနေသည်။

လမ်းမကြီးအတိုင်း မောင်းလာရင်း လမ်းချိုးတစ်ခုအရောက်မှာ တော့ လမ်းလည်းရှင်းနေသည်မို့ အရှိန်မလျှော့ဖြစ်တော့ဘဲ ဆင်ခြေနဲ

www.burmeseclassic.com

www.burmeseclassic.com



ကွေ့လိုက်ပါ၏။

ထိုအချိန်မှာပဲ …

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် လမ်းသွယ်လေးထဲမှ ပြေးထွက်လာသော မိုးရေတွေရွှဲရွှဲစိုနေသည့် ကောင်မလေးတစ်ယောက်ကို ကားမီးရောင်နှင့် မြင်လိုက်ရသဖြင့် အလန့်တကြား စတီယာရင် ဆွဲကွေ့ကာ ရှောင်လိုက်မိသည်။

သို့သော်လည်း ကား၏ ခေါင်းတစ်ဖက်စွန်းနှင့် မလွတ်တော့ဘဲ သွေးပျက်ထိတ်လန့်သွားသော ကောင်မလေး၏မျက်နှာကိုသာ ကားမီးရောင်ထဲတွင် တွေ့လိုက်ရပြီး …

"ဒုန်း"

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

အိပ်ရာမှ လန့်နိုးနိုးလာချင်း အိပ်မက်ပါလားဆိုသည့် အသိကြောင့် အတန်ငယ် စိတ်သက်သာရာရသွားသော်လည်း အိပ်မက်ဆိုးကြောင့် ဇောချွေးတွေ ပြန်နေတုန်း ဖြစ်သည်။

အသက်ကို ဝဝရှူသွင်းကာ စိတ်တည်ငြိမ်အောင် ခဏမျှ ငြိမ် သက်နေပြီး အိပ်ရာထဲမှ ထလိုက်၏။ ရေခဲသေတ္တာဆီသွားကာ ရေပုလင်း ထုတ်၍ မော့ချလိုက်တော့မှ အတော်လေး နေသာထိုင်သာ ရှိသွားသည်။

ထက်နောင်တစ်ယောက်တည်းနေသည့် အိမ်မို့ ဘာသံမှ မကြား ရဘဲ ငြိမ်ဆိတ်နေ၏။ ရေသောက်အပြီး နာရီကြည့်လိုက်တော့ ညဆယ့် နှစ်နာရီထွန်းစွန်းပဲ ရှိသေးတာမို့ ထက်နောင် အတော်အံ့ဩသွား၏။ တကယ် ဆို ညဆယ်နာရီလောက်ကမှ အိပ်ရာဝင်ခဲ့ခြင်း ဖြစ်သည်။ ယခုလို

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်ပြီး လန့်နိုးလာတော့ အနည်းဆုံး ညနှစ်နာရီ သုံးနာရီ ရှိလောက်ပြီဟု ထင်ထားသောကြောင့် အံ့ဩသွားခြင်းလည်းဖြစ်၏။

ဘယ်လိုပဲဖြစ်ဖြစ် လတ်တလော ပြန်အိပ်ဖို့ဆိုတာက အဆင်မပြေတော့ချေ။ စိတ်ထဲတွင် ပြန်အိပ်ချင်စိတ်လည်း အလျဉ်းမရှိ။ ပြီးတော့ အဓော်ကြီးကို ကျယ်ဝန်းသည့် သူ့အိမ်က ခုချိန်တွင် ထက်နောင်အတွက် ကျဉ်းနေသလို။ ထပ်ပြောရလျှင် အသက်ရှူမဝသလို ခံစားနေရသည်။ ထို့ကြောင့် ဘာလုပ်ရမည်ကို စဉ်းစားရင်း သူငယ်ချင်းဖြစ်သူ ကျော်စွာထံ ဖုန်းခေါ်လိုက်ပါ၏။

"ဟဲလို ထက်နောင် ပြော"

တစ်ဖက်မှ ပြန်ပြောလာသည့် ကျော်စွာ့အသံက အိပ်ရာထဲမှ ပြန်ပြောသည့် အိပ်ချင်မူးတူးသံမဟုတ်။ တက်ကြွရွှင်လန်းနေသော အသံမျိုးဖြစ်သည်။ ပြီး ... ဖုန်းထဲမှာ ထပ်ကြားနေရသည်က ဆူညံမြူးကြွသော တီးလုံးသံများ၊ စကားပြောသံများ။ ဒီလောက်ဆိုလျှင် ကျော်စွာ ဘယ်နေရာ ရောက်နေသည်ဆိုတာ ထက်နောင် သိလိုက်ရလေပြီ။

သို့သော်လည်း စကားခံပြီး မေးလိုက်ပါသေး၏။

"ကျော်စွာ ... မင်း ဘယ်ရောက်နေတာလဲကွ။ ငါလည်း အိပ်မပျော်လို့ကွာ"

တစ်ဖက်မှ ကျော်စွာက တဟားဟား အရင်ရယ်လိုက်သေးသည်။ ပြီးမှ ...

"ဒီအချိန် ဘယ်ရောက်နေရမှာလဲ ထက်နောင်ရာ။ Club ထဲ



www.burmeseclassic.com

www.burmeseclassic.com


ပေါ့ကွ။ မင်း အိပ်မပျော်ရင် လာခဲ့လေ၊ နည်းနည်းတော့ လန်းသွားမှာ သေချာတယ်''

ထက်နောင် ပြုံးလိုက်မိသည်။ တစ်ဆက်တည်းပဲ ...

''အေး ... လာတော့လာခဲ့ချင်သားကွ။ ဒါနဲ့ မင်း အဲဒီမှာ ရှိဦးမှာလား ဟေ့ကောင်''

''ငါရောက်နေတာတော့ ကြာပြီကွ။ အမှန်အတိုင်းပြောရရင်တော့ ပြန်တော့မလို့ပဲ။ မင်းလာမယ်ဆိုရင်တော့ စောင့်မယ်လေ။ ဒါပေမဲ့ ... ပုလင်းတော့ ဖွင့်ပေးရမယ်နော် ဟေ့ကောင်''

စကားအဆုံးမှာ ထက်နောင်က တဟက်ဟက်ရယ်လိုက်ရင်း ...

''ရပါတယ် ကျော်စွာရာ၊ မင်းသောက်မယ့် အရက်ပုလင်းတ တစ်ပုံးမကျော်ရင် ပြီးတာပဲ။ ငါ အခုထွက်လာခဲ့မယ် ဟေ့ကောင်''

ဖုန်းချပြီး သွားရန်ပြင်ဆင်လိုက်သည်။ ပြင်ဆင်သည်ဆိုရာတွင်လည်း အထူးတလည်တော့မဟုတ်။ အဆင်ပြေသည့်အကျႌနှင့် ဂျင်းဘောင်းဘီတစ်ထည် ဝတ်ဆင်လိုက်ခြင်းသာ ဖြစ်သည်။ အရေးကြီးတာက ပိုက်ဆံပဲမဟုတ်လား။

ပိုက်ဆံအိတ်တစ်ချက်ဖွင့်ကြည့်ကာ သူ့အတွက် ယုံကြည်မှု ရှိနိုင်လောက်သည့် ငွေကြေးပမာဏကို ထပ်ဖြည့်ပြီးချိန်မှာတော့ ထက်နောင်အတွက် အားလုံးအဆင်သင့် ဖြစ်သွားလေပြီ။

ထို့နောက် ကားသော့ကို လှမ်းယူလိုက်ပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

Night Club ကတော့ ထုံးစံအတိုင်း ဆူညံပွက်လောရိုက်နေပါ သည်။ မီးရောင်စုံအောက်တွင် မြူးကြွသောတီးလုံးသံဖြင့် ကခုန်နေကြသော လူရောင်စုံတွေကိုလည်း မမောမပန်းနိုင်သည့်မျက်နှာပေးများနှင့် တွေ့ရ၏။

စီးကရက်နံ့၊ အရက်နံ့၊ ဘီယာနံ့၊ နှုတ်ခမ်းနီနံ့တွေကြား ထက်နောင် ခဏတော့ မျောသွားသည်။ အပျော်ကို ငွေပေးကာ ရှာရသော နိုဗ္ဗာန်အတုသည် အလင်းတံလှပ်တွေ တလက်လက် ထနေသည်။

လူတွေကြားထဲ တိုးဝင်ကာ ကျော်စွာကို အရင်ရှာလိုက်၏။ သကောင့်သားက ထောင့်ကျကျစားပွဲတစ်ခုမှာ အသင့်စောင့်နေသည်။ စားပွဲပေါ်တွင်လည်း အရက်ပုလင်းသစ်တစ်လုံးနှင့်။



www.burmeseclassic.com

www.burmeseclassic.com

ထက်နောင်က စားပွဲတွင် ဝင်ထိုင်လိုက်ပြီး ...

"အောင်မာ ... တယ်ဟုတ်ပါလားကွ။ ပုလင်းတောင် မှာထားပြီပဲ"

ကျော်စွာက ခွီးခနဲ အသံထွက်ကာ ရယ်သည်။

"ဒီကာရှိတုန်း သောက်ရတာလေကွာ။ တစ်ရက်တစ်ရက် ဘီယာနဲ့ချည်းပဲ နှစ်ပါးသွားနေရတာ သိပ်ခံတွင်း မတွေ့ဘူးကွ"

ထိုစကားကြောင့် ထက်နောင်က နှာခေါင်းရှုံ့လိုက်ပြီး ...

"အမယ်လေး ကျော်စွာရာ ... မင်းအနေအထားကြီးနဲ့ လာညည်း နေသေးတယ်။ ဝယ်မသောက်နိုင်တာလည်း မဟုတ်ဘဲနဲ့"

ကျော်စွာက ခပ်ဖြည်းဖြည်း ခေါင်းခါရင်း ...

"မဟုတ်သေးဘူးလေကွာ။ သောက်နိုင်တယ်ဆိုပေမယ့် ငါက club ကို နေ့တိုင်းလာတာကွ။ ဒီတော့ ညတိုင်း ပုလင်းဖောက်ဖို့တော့ မတတ်နိုင်ဘူးလေကွာ။ မင်းက တစ်လလောက်မှ တစ်ခါလောက် ရောက် တာဆိုတော့ သိပ်မသိသာဘူးလေ"

ဟုတ်တော့လည်း ဟုတ်သည်။ Club ကို ညတိုင်းလာသူအဖို့ တော့ ငွေသိန်းဂဏန်းရှိသည့် အရက်ပုလင်း ညစဉ် ဝယ်သောက်ဖို့ဆိုတာက ပိုက်ဆံကို လိုတာထက် ပိုဖြုန်းသလို ဖြစ်နေသည်။ ထိုကြောင့် အလိုက်သင့် ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ပါပြီ ကျော်စွာရာ။ တစ်ခါတလေမှ club ရောက်တဲ့ ငါကပဲ တိုက်ပါ့မယ်။ ဒါနဲ့ ... မင်း ညတိုင်း club လာတက်တာ မရိုးဘူးလား"

စကားအဆုံးမှာပဲ ကျော်စွာက club ထဲ ကခုန်နေသည့် လူတွေဆီ

www.burmeseclassic.com

ထက်ငွေယမ်းကာပြုပြီး ...

"ဘာရှိးစရာရှိလဲကွ၊ ဟိုမှာကြည့်လေ အဲဒီစကီလေးတွေက မရိုးနိုင်အောင် မြူးထွယ်နေတာပဲဥစ္စာ"

ပြောရင်း ကျော်စွာက သူ့ကိုယ်သူ သဘောကျသလို ရယ်လိုက်သည်။ ထက်နောင်ကတော့ သူဆင်ခြေနှင့်သူ ဟုတ်နေသည့် ကျော်စွာကို ပြုံး၍သာ ကြည့်နေလိုက်၏။

Club ထဲ ကခုန်နေကြသည့် လူတွေဆီကြည့်ရင်း ထက်နောင် စိတ်တွေလည်း မြူးကြွလာသလို ခံစားလာရ၏။ ဒါသည်ကပင် night club ၏ဆွဲဆောင်မှုပေလား မပြောတတ်ချေ။

ကျော်စွာက အရက်ပုလင်းကိုဖွင့်ကာ ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်ရင်း ...

"မင်းသောက်မှာနော် ထက်နောင်"

တစ်ချက်စဉ်းစားလိုက်ပြီးမှ ထက်နောင်က ခေါင်းညိတ်၍ ..

"အေး ... တစ်ခွက် နှစ်ခွက်လောက်တော့ သော်မယ်လေ"

ထိုစကားကြောင့် ကျော်စွာက တမင်အံ့ဩဟန်လုပ်ကာ ပခုံးတွန့်လိုက်ပြီး ...

"ဘာလဲဟ ... တစ်ခွက်,နှစ်ခွက်ပဲလား။ သော်စမ်းပါကွ ... မင်းလို တစ်ခါတလေမှ club လာတဲ့သူဆိုတာက တစ်ခုခု မွန်းကျပ်လို့ စိတ်ထွက်ပေါက်ရှာဖို့ လာတာပဲလေ။ စိတ်ကို လွှတ်ပေးထားစမ်းပါကွ"

ကျော်စွာ့အပြောကြောင့် ထက်နောင် ပြုံးမိသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းက သိလှချည်လား ကျော်စွာ။ ငါ စိတ်တွေ မွန်းကျပ်နေတယ်ဆိုတာကိုလေ"

"ဟဲ ဟဲ ... အဲဒါက သိပ်မခက်ပါဘူးကွာ။ မင်း ဒီလိုအချိန် ရှုန်းဆက်ကတည်းက ငါ ပေါက်ပါတယ်။ ပြောပါဦး ... ဘာတွေဖြစ်နေတာလဲ။ စိတ်ညစ်တယ်ဆိုတာက"

ထက်နောင်က ပြောပြရန် ဟန်ပြင်လိုက်ပြီးမှ ခေါင်းအသာခါလိုက်ရင်း ...

"ဒီလိုပါပဲကွာ ... ဟိုနည်းနည်း ဒီနည်းနည်းပေါ့"

"ဟော့ကောင် ထက်နောင် ... လျှိုမနေနဲ့ မင်းလို အသက်သုံးဆယ့်ငါးနှစ်အရွယ် လူပျို၊ ကုမ္ပဏီပိုင်ရှင် လုပ်ငန်းရှင်တစ်ယောက်မှာ ဘာစိတ်ညစ်စရာများရှိနေလို့လဲကွ ... ဟေ"

စကားအဆုံးမှာ ထက်နောင်က မျက်နှာတည်လိုက်ပြီး ...

"စိတ်ညစ်စရာဆိုတာထက် စိတ်ရှုပ်စရာလို့ပြောရင် ပိုမှန်လိမ့်မယ်။ ငါ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကားအက်ဆီးဒင့်တစ်ခုဖြစ်တာ မင်း သိတယ်နော်။ ငါ့ကြောင့် ကောင်မလေးတစ်ယောက် ဒုက္ခိတဖြစ်သွားခဲ့ရတာ ... မင်း မှတ်မိတယ်မလား"

ကျော်စွာ မျက်နှာ ချက်ချင်းတည်သွားသည်။

"မှတ်မိပါတယ်ကွ၊ အဲဒီတုန်းကလည်း ကောင်မလေး ကျေနပ်အောင် မင်း အားလုံး ပြန်လုပ်ပေးခဲ့တာပဲလေ"

"အေးကွာ ... ငါ အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးလုပ်ပေးခဲ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်မလေး သူ့ကိုယ်သူ သေကြောင်းကြံသွားတော့ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်''

"ဟာ ... မင်းကလည်း၊ အဲဒါက မင်းနဲ့မှမဆိုင်တာ။ သူဟာသူ အိပ်ဆေးသောက်ပြီးသေသွားတာပဲဟာကို။ သူ့ရည်းစားနဲ့ ပြဿနာတက်လို့ ဆိုလား၊ ကြားမိသေးတယ်''

"ဒါပေမဲ့လည်းကွာ ... အဲဒီပတ်ဝန်းကျင်မှာတော့ ကောင်မလေးဟာ ငါ့ကြောင့် ဒုက္ခိတဖြစ်ပြီး အဲဒီအခြေအနေကြီးကို လက်မခံနိုင်တာနဲ့ ခုလို သေကြောင်းကြံသွားတာလို့။ သတင်းတွေ ထွက်ခဲ့သေးတာပဲ''

စကားအဆုံးမှာ ကျော်စွာက လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ထက်နောင်ရာ ... မင်း အဲဒီကိစ္စအတွက် ဒီလောက်တောင် တွေးနေခဲ့တာလား။ ငါ မထင်မိဘူး''

ထက်နောင်က ခေါင်းခါပြလိုက်သည်။

"ငါ မတွေးချင်ဘူး ကျော်စွာ။ မတော်တဆဖြစ်ခဲ့တဲ့အတွက် ငါ အတတ်နိုင်ဆုံး လုပ်ပေးခဲ့တာပဲ။ ဒါပေမဲ့ကွာ သူ့ကို အဲဒီညက ကားနဲ့ ဝင်တိုက်မိတဲ့မြင်ကွင်းကို မကြာခဏဆိုသလို အိပ်မက်ပြန်မက်တယ်။ အဲဒီလို အိပ်မက်မက်ပြီဆိုရင် အဲဒီအကြောင်းတွေ ခေါင်းထဲပြန်ရောက်လာရော''

စကားအဆုံးမှာပဲ ကျော်စွာက လက်ညှိုးထိုးလာပြီး ...

"ငါ သိပြီ၊ ကြည့်ရတာ မင်း ဒီညလည်း အဲဒီအိပ်မက်မက်ပြီး လန့်နိုးလာတယ်နဲ့ တူတယ်၊ ဟုတ်လား''

www.burmeseclassic.com



"အမှန်ပဲ"

ထက်နောင်စကားကြောင့် ကျော်စွာက ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ကဲပါ ... မင်း ဦးနှောက်ထဲမှာ တွေးနေတဲ့အတွေးကိုတော့ ငါလည်း ကလော်ထုတ်လို့မရဘူး။ ဒီတော့ တခြားကိစ္စတစ်ခု မင်း အာရုံထဲကို ထိုးထည့်မှရမယ်"

"ဘာ ... ဘယ်လို"

ကျော်စွာက ပြန်မဖြေသေးဘဲ အရက်ခွက်ကို ကောက်ကိုင်လိုက်ရင်း ...

"လာကွာ ... အရင်သောက်လိုက်ရအောင်၊ ချီးယားစ်"

ထက်နောင်လည်း အရက်ခွက်ယူကာ ဖန်ခွက်ချင်းတိုက် လိုက်ပြီး တစ်ခါတည်း မော့ချလိုက်သည်။

လည်ချောင်းတစ်လျှောက် ပူခနဲဖြစ်သွားပြီး ခန္ဓာကိုယ်ထဲမှ သွေးများပင် နွေးသွားသလို။

ထိုအချိန်မှာပဲ ကျော်စွာက ဝိုင်းနားမှ ဖြတ်သွားသည့် ကောင်မလေးတစ်ယောက်၏လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်ကာ ...

"ဟော့ ဖူးဖူး ... ဒါက ဘယ်ကိုလဲ"

ကောင်မလေးက ကျော်စွာ့ကိုပြန်ကြည့်ကာ တောက်တောက်ပပ ပြုံးလိုက်ရင်း ...

"ဟိုင်း ... အိုပါးပါလား။ ဘာလဲ မုန့်ဖိုးပေးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ခပ်တည်တည်ပဲ ...

"သိပ်သေချာတာပေါ့ကွ၊ ဒါပေမဲ့ ... မင်း ငှါ့ကို တစ်ခုခု ပြန်လုပ်ပေးရမယ်"

ဖူးဖူးဆိုသော ကောင်မလေးက ကျော်စွာ့ပေါင်ပေါ်မှာ ဆတ်ခနဲ ထိုင်ချလိုက်ရင်း ချွဲပျစ်ပျစ်လေသံနှင့် ...

"အိုပါးကလည်း ဖူးဖူးက ဘာတွေများ လုပ်ပေးရဦးမှာလဲ။ ဆန်းဆန်းပြားပြားတွေတော့ မပြောနဲ့နော်၊ ဖူးဖူး မရဲဘူး"

"ဟုတ်လို့လား ဖူးဖူးရဲ့"

ဖူးဖူးက တခစ်ခစ်ရယ်လိုက်ပြီးမှ ...

"ဒီလိုပဲ မရဲချင်ယောင်ဆောင်နေတာပေါ့ အိုပါးရဲ့ ... ခစ်ခစ်"

ကျော်စွာက ဒီကောင်မလေးနှင့် တော်တော်ရင်းနှီးပုံရသည်။ ခုလည်း ကောင်မလေး၏ပခုံးသားကို ဖျစ်ညှစ်လိုက်သဖြင့် ...

"အာ့ အိုပါး ... နာတယ် ဖြည်းဖြည်း"

တမင်ဟန်လုပ်၍ ချွဲပျစ်ပျစ်ပြောလိုက်သောအသံကြောင့် ကျော်စွာက ရယ်လိုက်ကာ ...

"ဟား ဟား ... မင်းကတော့ တော်တော်တတ်နိုင်တာပဲ။ ကဲပါ တစ်ခုခုပြန်လုပ်ပေးရမယ်ဆိုတာကလည်း ဆန်းဆန်းပြားပြားတွေ မဟုတ်ပါဘူး။ ဒီက ငှါ့ဘော်ဒါကိုခေါ်ပြီး ခဏလောက် မြူးမြူးကြွကြွလေး အပျော်ကပေးဖို့ပါ"

"ဟာ ... ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ထက်နောင် လန့်ကာ အသံပြုလိုက်သော်လည်း ဖူးဖူးက ဆတ်ခနဲ ရှုံ့ရှုံ့စိုက်စိုက် ကြည့်လာသည်။ ကြည့်နေရင်းက ကျေနပ်သလို ပြုံးလိုက်သေး၏။ ပြီး ... ကျော်စွာ့ပေါင်ပေါ် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်ရင်း ထက်နောင်လက်ကို လှမ်းဆွဲလိုက်သည်။

"လာ အိုပါး"

ထက်နောင် အငိုက်မိသလိုဖြစ်ရင်းက ထရပ်မိလျက်သား ဖြစ်သွား၏။ ဖူးဖူးကပဲ အရည်လဲ့နေသော မျက်ဝန်းတွေဖြင့် ကြည့်ကာ ...

"မကြောက်နဲ့နော် အိုပါး၊ ကြောက်ရင် ဖူးဖူးက ကိုက်စားမှာ ... ဒီ"

ထက်နောင် ဘာမှပြန်မပြောဘဲ ပြုံးပြလိုက်သည်။ ဖူးဖူးကပဲ လူတွေ ကနေသည့်နေရာသို့ ထက်နောင်ကို ဆွဲခေါ်သွားရင်း ကျော်စွာကို ခင် လှည့်ကာ လှမ်းပြောလိုက်သေး၏။

"အိုပါးရေ ... ဒီအိုပါးနဲ့ဆိုရင် ဆန်းဆန်းပြားပြားတွေလည်း ဖြစ်တယ်လို့ ... နော့"

ကျော်စွာက သဘောပဲဆိုသည့်ပုံစံနှင့် ပခုံးပဲ ပြန်တွန့်ပြလိုက် သည်။ ကနေကြသည့် ကွင်းလယ်ရောက်တော့ ဖူးဖူးက ထက်နောင်ကို ဆိုင်းဖက်လာရင်း နားနားကပ်ကာ တိုးတိုးလေး ပြောလာပါသည်။

"အိုပါး ... ခုနက ဖူးဖူးလှမ်းပြောတာ ကြားလိုက်လား"

"အင်း ... ကြားပါတယ်"

"အို ရှက်လိုက်တာ ... ခစ်ခစ်"



www.burmeseclassic.com

www.burmeseclassic.com



တော်တော် တတ်နိုင်သည့်ကောင်မလေးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သွေးဆူလှုပ်စေသည့် နူးညံ့သောအထိအတွေ့မှာ ထက်နောင်ခဏ မိန်းမောသွားရသည်ကတော့အမှန်ပင်။

တီးလုံးသံ၊ နှုတ်ခမ်းနီနဲ့ ရေမွှေးနံ့။ ပြီးတော့ သွေးဆူလာစေလောက်အောင် ကကြိုးကကွက်၏အထိအတွေ့များ။

ထက်နောင်တစ်ယောက် အယောင်ခံဆောင် နတ်သမီးလှောင်အိမ်ထဲမှာ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မီးရောင်စုံအောက်တွင် ဖူးဖူးနှင့်အတူကရင်း ဆယ့်ငါးမိနစ်လောက် ကြာသည့်အချိန်မှာတော့ ထက်နောင် တော်တော်မောဟိုက်လာသည်။ ထို့ကြောင့် ဖူးဖူးကိုထားခဲ့ကာ စားပွဲဆီပြန်လာခဲ့၏။ ဖူးဖူးကတော့ လိုက်လာခဲ့မယ် အိုးပါးဟုပြောကာ 'က' ရင်း ကျန်နေခဲ့သည်။

စားပွဲဆီပြန်ရောက်တော့ ကျော်စွာက ရယ်ကျဲကျဲလုပ်ကာ . . .

"ဘယ်လိုလဲ ထက်နောင် . . . ညစ်နေတာတွေ နည်းနည်းတော့ ပြေစ်သွားတယ်မလား"

ထက်နောင်က စားပွဲပေါ်မှ ရေဘူးကိုဖွင့်ကာ မော့ချလိုက်ပြီးမှ .

"အေးကွာ . . . စိတ်ထဲ ခဏတော့ ပေါ့ပေါ့ပါးပါးဖြစ်သွားတာ အမှန်ပဲ။ ဒါပေမဲ့ . . . က,ရတာ မောတယ်ကွ၊ မက,တတ်တော့ ပိုဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ကျော်စွာက တဟားဟားရယ်တော့သည်။ အရယ်ရပ်တော့မှ စားပွဲပေါ်တွင်ရှိနေသည့် ဘောက်ချာစာရွက်ဆီ မေးဆတ်ပြကာ . . .

"ကဲ ကိုယ့်လူ . . . အမောပြေရင်တော့ ပုလင်းဖိုးဘောက်ချာလေး ရှင်းလိုက်ပါဦး"

ထက်နောင်က ဘောက်ချာပင်လှမ်းမယူဘဲ ပိုက်ဆံအိတ်ကို ယူရန် ဘောင်းဘီနောက်ဘက်အိတ်ကပ်ဆီ လက်လှမ်းလိုက်သည်။

"ဟင်"

အိတ်ကပ်ထဲတွင် ပိုက်ဆံအိတ်ကို မစမ်းမိသဖြင့် ထူပူသွားရသည်။ သေသေချာချာရှာကြည့်သော်လည်း ပိုက်ဆံအိတ်က မရှိတော့။ 'က' နေရင်း ထွက်ကျသွားပြီလား မသိချေ။

ထက်နောင်၏ပုံစံကိုကြည့်ကာ ကျော်စွာက . . .

"ဟေ့ကောင် . . . ဘာဖြစ်လို့လဲ၊ ပိုက်ဆံအိတ် ပျောက်လို့လား"

ခေါင်းညိတ်ရင်း ထက်နောင်က . . .

"အေးကွာ . . . ငါ သေသေချာချာ ထည့်ထားပါတယ်။ ခုနက ကခုန်နေရင်း ထွက်ကျပြီလားမသိဘူး"

ကျော်စွာက စိတ်ညစ်သွားဟန်နှင့် . . .

"ဟာ . . . အဲဒါမှ ကျိုင်ပဲ ထက်နောင်။ Club ထဲမှာပျောက်ရင်တော့ ပြန်ရဖို့မှာမဟုတ်လောက်ဘူး။ ရသွားတဲ့သူ 'မ' သွားမှာသေချာတယ်။ ပိုက်ဆံဘယ်လောက်တောင်ပါသွားလဲ"

www.burmeseclassic.com

www.burmeseclassic.com


ထက်နောင်က လေပူမှုတ်ထုတ်လိုက်ရင်း ...

"ပိုက်ဆံက အရေးသိပ်မကြီးပါဘူးကွာ။ ပိုက်ဆံအိတ်ထဲမှာ ငါ့အမေရဲ့ဓာတ်ပုံနဲ့ကတ်တချို့ ပါသွားတယ်။ အဲဒါကို နှမြောတာ"

ထိုအချိန်မှာပဲ ...

"ပိုက်ဆံကို မနှမြောဘူးဆိုတော့ အဲဒီပိုက်ဆံအိတ်ထဲက ပိုက်ဆံတလွဲပြီး ကျန်တာတွေ ပြန်ရမယ်ဆို ကျေနပ်မလား"

"ဟင်"

"ဟာ"

ထက်နောင်နှင့်ကျော်စွာတို့ အာမေဍိတ်ကိုယ်စီ ရွတ်ကာ နောက်ဘက် အသံလာရာဆီကို ကြည့်လိုက်မိကြသည်။ ဖူးဖူးအရွယ်လောက်ရှိမည့် ကောင်မလေးတစ်ယောက်က သူတို့ဆီ လှမ်းကြည့်နေရင်း ပြောလိုက်ခြင်းဖြစ်သည်။

ကျော်စွာက ခပ်တည်တည်ဟန်ဖြင့် ...

"ဘာလဲ ... မင်းက ထက်နောင်ပိုက်ဆံအိတ်ကောက်ရထားလို့လား"

ကောင်မလေးက မထီတရီမျက်နှာပေးလေးနှင့် ပြန်ကြည့်ကာ ...

"မေးတာပဲ အရင်ဖြေပါ၊ အိတ်ထဲက ပိုက်ဆံကလွဲပြီး ပိုက်ဆံအိတ်ပြန်ရမယ်ဆိုရင် ကျေနပ်မလားလို့"

ပြောပြီး ကောင်မလေးက ထက်နောင်ကို စေ့စေ့ကြည့်လာသည်။ ထက်နောင်က ခေါင်းညိတ်ပြလိုက်ပြီး ...


www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ပါတယ်။ အဲဒီပိုက်ဆံအိတ် ပြန်ပေးမယ်ဆိုရင် အိတ်ထဲက ပိုက်ဆံတွေကို ကောက်ရတဲ့လူကိုပေးမယ်"

"တကယ်မနေ့မြောတာပဲ။ ရော့ . . . ရှင့်ပိုက်ဆံအိတ်"

မှတ်ချက်ချရင်း ကောင်မလေးက သူ့ဂျာကင်အင်္ကျီထဲမှ ထက်နောင်၏ပိုက်ဆံအိတ်ကိုထုတ်ကာ ပေးလာသည်။ ထက်နောင် လှမ်းယူကာ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်တော့ . . .

"ဟင်"

ပိုက်ဆံအိတ်က သူ အိမ်ကယူလာသည့်အတိုင်း လက်ရာမယွင်းသေး။ ထက်နောင်က သဘောပေါက်စွာ အိတ်ထဲပိုက်ဆံတွေကို အကုန်ဆုတ်လျက် ကောင်မလေးထံ လှမ်းပေးလိုက်ပါသည်။

"ရော့ . . . အိတ်ထဲက ပိုက်ဆံတွေ၊ ဒါအကုန်ပဲ"

ကောင်မလေးက လှမ်းမယူချေ။ ထက်နောင်ကို ကြည့်နေရင်းက ခေါင်းခါပြကာ . . .

"မယူပါဘူး။ ခုနကတည်းက ရှင့်ပိုက်ဆံအိတ် ကောက်ရလို့ ပြန်ပေးမယ်ဆိုပြီး လာတာ။ ဒီအနားရောက်မှ ရှင်က အိတ်ထဲက ပိုက်ဆံတွေကို မနေ့မြောဘူးဆိုလို့ တမင်ပြောလိုက်တာပါ။ စနိုး သူများပိုက်ဆံကို အလကား မလိုချင်ပါဘူး"

ထိုစကားကြောင့် ကျော်စွာက မျက်ခုံးပင့်ကာ ထက်နောင်ကို ကြည့်လာသည်။ ထက်နောင်က စနိုးဆိုသော ကောင်မလေးကိုပဲ ကြည့်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . ကိုယ်က မင်းကို မုန့်ဖိုးအဖြစ် ပေးတယ်ဆိုရင်ကော ယူမလား"

စနိုး မျက်ခုံးအသာပင့်ရင်း ပြုံးစစလေး ဖြစ်သွားသည်။ ပြီးမှ ခေါင်းခါလိုက်ရင်း . . .

"ဟင့်အင်း . . . မယူချင်ပါဘူး။ ကိုယ်နဲ့မသိတဲ့လူတစ်ယောက်ဆီက မုန့်ဖိုးယူဖို့ဆိုတာ ပိုမဖြစ်နိုင်တဲ့ကိစ္စပဲ။ ရှင့်ပိုက်ဆံအိတ်လည်း ပြန်ရပြီဆိုတော့ စနိုးကို ခွင့်ပြုပါဦး"

ပြောပြီး စနိုးက ချာခနဲလှည့်ထွက်သွားသည်။ ထက်နောင်က စနိုးနောက်သို့ ချက်ချင်းပြေးလိုက်သွားကာ စနိုး၏ရှေ့တွင် ပိတ်ရပ်လိုက်ပြီး . . .

"ခဏလေး စနိုး။ ကိုယ် မင်းကို ကျေးဇူးတင်စကားပြောရင်း တစ်ခုခုကျွေးပါရစေ။ ပြီးတော့ မင်းနဲ့ မိတ်ဆွေဖြစ်လို့ရမလား"

စနိုးက ထက်နောင်ကို ပြန်ကြည့်ကာ တစ်ချက် စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်ရင်း . . .

"အိုကေလေ . . . အဲဒါဆိုရင်တော့ ဖြစ်ပါတယ်"

"ကျေးဇူးပဲ စနိုး။ ကိုယ့်နာမည်က ထက်နောင်ပါ"

ပြောရင်း လက်ဆွဲနှုတ်ဆက်ရန်အတွက် ထက်နောင်က လက်ကမ်းပေးလိုက်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သေသေချာချာဝတ်စားပြင်ဆင်ပြီး အိပ်ခန်းထဲမှထွက်လာသော စန်းကိုကြည့်ကာ မိခင်ဖြစ်သူ ဒေါ်နီနီက မျက်မှောင်ကြုတ်လိုက်သည်။ ပြီး ... သိပ်မကြည်ဟန်ဖြင့် လှမ်းပြောလိုက်၏။

"စန်း ... ညည်းက ဖီးလိမ်းပြင်ဆင်ပြီး ဘယ်သွားဦးမလို့လဲ"

စန်းက မိခင်ဖြစ်သူကို ခပ်အေးအေးပဲ ပြန်ကြည့်ကာ ...

"ဒီနေ့ ကျော်ကျော် စင်ကာပူကပြန်လာတော့မယ်လေ၊ အဲဒါ လေဆိပ်သွားကြိုမလို့"

"ဪ ဪ ... နိုင်ငံခြားကပြန်လာမယ့် ရည်းစားကို သွားကြိုမယ်ပေါ့ ... ဟုတ်လား။ ဒီနား ခဏလာစမ်းပါဦး"

အရေးထဲလှမ်းခေါ်နေပြန်သဖြင့် စန်း မသွားချင်ဘဲ သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com


ရသည်။ အနားရောက်တော့ အမေက ထိုင်ခုံကို မေးဆတ်ပြသဖြင့် ဝင်ထိုင်လိုက်ရပြန်၏။ တော်ကီလွှတ်ပေဦးတော့မည်။

ဒေါ်နီနီက စနိုးကို သေသေချာချာ စူးစိုက်ကြည့်ရင်း . . .

"သမီးကို အမေ မေးပါဦးမယ်။ အမေတို့သားအမိနှစ်ယောက်ရဲ့ အခြေအနေကို သမီးလည်း သိတာပဲလေ။ အမေ့ရဲ့မဖြစ်စလောက် ပွဲစား အလုပ်နဲ့ စားနေရတယ်ဆိုတာ"

"ဟုတ် . . . အမေက ဘာပြောချင်လို့လဲ"

စနိုးစကားကြောင့် အမေက သက်ပြင်းချရင်း . . .

"အင်း . . . ဟုတ်ပြီလေ၊ သမီးအနေနဲ့ ကျော်ကျော်နဲ့ပတ်သက် ပြီး ဘယ်လိုရှေ့ဆက်ဖို့ စဉ်းစားထားလဲ"

စနိုး ခေါင်းဖွဖွကုတ်လိုက်မိသည်။

"ဘာကိုစဉ်းစားရမှာလဲ အမေရာ။ ကျော်ကျော်က သမီးရည်းစား လေ။ ခု သူပြန်လာလို့ သွားကြိုရုံပဲဟာကို"

ထိုအဖြေကို ဒေါ်နီနီက ဘဝင်ကျပုံမရှိချေ။ ထပ်ကာမေး လာသည်။

"ဒီနေ့ကိစ္စလောက်ကို မေးတာမဟုတ်ဘူး သမီး။ သမီးအနေနဲ့ ကျော်ကျော့်ကို လက်ထပ်ဖို့အထိ စဉ်းစားထားတာလားလို့မေးတာ"

"အာ . . . အဲဒီလောက်အထိတော့ မစဉ်းစားထားသေးပါဘူး"

စကားအဆုံးမှာ ဒေါ်နီနီက ခေါင်းညိတ်လိုက်ကာ . . .

"အေး . . . မစဉ်းစားတာကောင်းတယ် သမီး။ ကျော်ကျော့်ဆိုတာ


www.burmeseclassic.com

www.burmeseclassic.com


ကလည်း သူ့မိသားစုက သိပ်အဆင်ပြေတာ မဟုတ်ဘူးလေ။ ပြီးတော့ စင်ကာပူကပြန်လာတာ ငွေဘယ်လောက်ပါလာမှာမို့လို့လဲ။ အမေကတော့ သမီးဘဝအတွက် အိမ်ထောင်ဘက်ကို ကျော်ကျော်လိုလူမျိုးနဲ့ မဖြစ်စေချင်ဘူး။ သမီးကို တင့်တောင်းတင့်တယ်ထားနိုင်တဲ့လူမျိုးမှ သမီးရော အမေ့အတွက်ပါ အဆင်ပြေမှာ"

စန္ဒီး တကယ်ခေါင်းရှုပ်လာရသည်။ တစ်ကယ်တမ်းပြောရရင် ကျော်ကျော်နှင့်ရည်းစားဖြစ်တာ တစ်နှစ်ခွဲလောက်ရှိပြီဖြစ်သော်လည်း အိမ်ထောင်ပြုဖို့ကိစ္စလောက်ထိ မစဉ်းစားရသေးချေ။ ခုလိုအချိန်မှာ မိခင်ဖြစ်သူက အိမ်ထောင်ရေးအကြောင်း အရေးတကြီးပြောလာသည်မို့ စိတ်ရှုပ်သွားရခြင်းဖြစ်သည်။

"အမေ ... သမီး ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ သမီးအနေနဲ့ ကျော်ကျော်နဲ့ ရည်းစားဆိုပေမယ့် အိမ်ထောင်ပြုဖို့လောက်ထိ မစဉ်းစားရသေးဘူး။ အဲဒါကလည်း ကျော်ကျော်နဲ့ သမီးရဲ့နောက်ခံစွားပွားရေး အခြေအနေက သူမသာ ကိုယ်မသာဖြစ်နေလို့ မစဉ်းစားတာမဟုတ်ဘူး အမေ။ သမီးအနေနဲ့ အိမ်ထောင်ပြုဖို့ဆိုတာ စောသေးတယ် ထင်လို့ပါ။ သမီး စဉ်းစားတဲ့အခါကျရင် အမေ့ကို ပြောမှာပေါ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီအေ။ ငါကလည်း စိတ်ပူလို့ပြောတာပါ။ အမေ့သဘောကတော့ ရှင်းတယ် သမီး။ သမီးဘဝအဆင်ပြေဖို့အတွက် ချမ်းသာတဲ့လူနဲ့ပဲ ယူစေချင်တယ်။ ငါ့သမီးရုပ်ရည်နဲ့က လူကောင်းသားကောင်း ရနိုင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


သမီး အဆင်ပြေဖို့ထက် အမေအဆင်ပြေချင်တာ မဟုတ်လားဟု စနိုးစိတ်ထဲက ပြောလိုက်မိသည်။ ပါးစပ်ကတော့ မပြောရက်ပါချေ။ အိမ်ငှားပြီးနေရသောဘဝ၊ ပွဲစားအလုပ်ဖြင့် ခုချိန်ထိ သူ့မကို ကျွေးမွေးစောင့်ရှောက်နေသော အမေ၏ပင်ပန်းမှုတွေကိုလည်း စနိုး နားလည်ပါသည်။

ထို့ကြောင့် သက်ပြင်းချလိုက်ပြီးမှ ...

"ဟုတ်ကဲ့။ အမေပြောတာတွေကို သမီးနားလည်ပါတယ်။ သမီးလည်း အမေ့ကို တစ်လှည့်ပြန်စောင့်ရှောက်ဦးမှာပါ အမေ။ ခု ... သမီး သွားတော့မယ်နော်"

စကားကိုဖြတ်ပြီး ထွက်လာခဲ့သည်။ နောက်ဘက်ဆီမှ ထွက်လာသော အမေ၏သက်ပြင်းချသံကိုလည်း ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

မည်သို့ပင်ဖြစ်စေ ...

ခုလောလောဆယ် ခေါင်းထဲရောက်နေသည်က ကျော်ကျော့်ကို လေဆိပ်တွင် သွားကြိုရမည့်ကိစ္စ။ ခုချိန်မှာ ထိုကိစ္စထက် အရေးကြီးတာမရှိ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

လက်ရှိမြန်မာနိုင်ငံတွင် ပေါ်များလာသော ကားများ၊ ပို၍ ကျပ်လာသောလမ်းအနေအထားများကြောင့် ကိုယ်ရောက်ချင်သည့်အချိန်ထက် တစ်နာရီလောက်စော၍ စနိုး ကြိုထွက်လာခဲ့သည်။

သို့သော်လည်း ဒီနေ့မှ ကိုယ်ငှားစီးမိသည့် taxi သမားက လမ်းအထူးကျွမ်းကျင်သောသူဖြစ်နေသဖြင့် လေဆိပ်သို့ မျှော်လင့်ထားသည့်အချိန်ထက် စောကာရောက်သွားသည်။

ဒါလည်းပဲ ပြဿနာမရှိချေ။ စောတော့လည်း အနီးနားရှိ ကော်ဖီဆိုင်တစ်ဆိုင်ဆိုင်မှာ ခဏဝင်ထိုင်နေရုံပေါ့ဆိုသည့် စိတ်ကူးလေးနှင့် နီးစင်ရာကော်ဖီဆိုင်ထဲ ဝင်ထိုင်လိုက်၏။

ထိုအချိန်မှာပဲ ခပ်လှမ်းလှမ်းရှိ စားပွဲတစ်ခုတွင် တင်းယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည့် ထက်နောင်ကို စနိုး လှမ်းတွေ့လိုက်ရခြင်းဖြစ်၏။

စနိုးစိတ်ထဲ ထက်နောင်ကို မြင်မြင်ခြင်း club ထဲတွင် ပိုက်ဆံအိတ်ကျပျောက်ခဲ့သောသူဆိုပြီး မှတ်မိလိုက်သော်လည်း တကူးတကသွားနှုတ်ဆက်ရန် အစီအစဉ်မရှိချေ။ တော်ကြာ ကိုယ့်ဘက်က သွားရောသလို ဖြစ်နေဦးမည်။

သို့သော်လည်း လက်ရှိထိုင်နေသည့် အနေအထားအရ သူမက ထက်နောင်၏နောက်ကျောဘက်မှာရှိနေသဖြင့် ထက်နောင်လှုပ်ရှားမှုမှန်သမျှ လိုက်ကြည့်စရာမလိုဘဲ အလိုလို မြင်နေရ၏။

ထက်နောင်သည် ကော်ဖီသောက်နေရင်းပင် ခဏခဏဝင်လာသေ ဖုန်းများကို လက်ခံပြောဆိုနေသည်။ ပြန်ပြောနေသည့်စကားများအရ ထက်နောင်သည် လုပ်ငန်းရှင်တစ်ဦးဖြစ်မှန်း သိသာလှ၏။

သို့သော်လည်း အလုပ်ကိစ္စမဟုတ်သော ဖုန်းတစ်လုံးကို ပြန်ဖြေသံကြောင့် စနိုး ပြုံးမိသေးသည်။

"ဘယ်လို ... ဘယ်လို ရန်နိုင်၊ လောလောဆယ်ဖွင့်ထားတဲ့ ကြေးက နှစ်လုံးခုနစ်ဆယ်ရှုံး ဟုတ်လား။ ဆိုစီဒက်နဲ့ ကန်မှာပဲကွာ။ ရီးရဲလ်ဘက်က ထည့်ရင်ကောင်းမယ်။ ခဏလေးကွာ ... ငါ စဉ်းစားပြီး ပြန်ဆက်ပေးမယ်"

ဘောလုံးပွဲလောင်းရန်ပြောနေသည်မို့ စနိုး ပြုံးလိုက်မိခြင်းဖြစ်သည်။ အင်းပေါ့လေ ... လူချမ်းသာတွေဆိုတော့လည်း ဘာမှာ စားပွဲတွေ အများကြီး ကစားလို့ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းက ကိုယ့်ကိစ္စကိုယ် အာရုံပြန်ရောက်ကာ နာရီကြည့်လိုက်မိသည်။ အင်း . . . လေယာဉ်ဆိုက်ရောက်ဖို့ မိနစ်နှစ်ဆယ်လောက် လိုသေးတာပဲ။ ဒါပေမဲ့လည်း ဧည့်သည်ကို ကြိုရမည့်နေရာသို့ ကြိုသွားသင့်မှန်း စနိုး တွေးလိုက်မိသည်။

ထိုအချိန်မှာပဲ ထက်နောင်ထိုင်နေသည့် စားပွဲဆီမှ စကားတွေကို ထပ်ကြားလိုက်ရပြန်၏။

"အေး . . . အဲဒါမှ ကျွင်ပဲကွာ။ ကိုယ့်ပိုက်ဆံအိတ်က ကားထဲ ကျန်ခဲ့ပြန်ပြီနဲ့ တူတယ်။ အဲဒီလိုလုပ်ပါလား။ ကိုယ့်ဖုန်းကို ဒီမှာ ခဏထားခဲ့ပြီး ပိုက်ဆံအိတ်သွားယူလိုက်မယ်လေ၊ ဖြစ်တယ်မဟုတ်လား"

"ဟာ ဆရာ . . . ဖုန်းတော့ လက်မခံထားရဲဘူး ခင်ဗျ"

ဒီလောက်ဆို စနိုး ရိပ်မိလိုက်လေပြီ။ ထက်နောင် ကော်ဖီဖိုး ရှင်းရန်အတွက် ပိုက်ဆံလိုနေခြင်းဖြစ်၏။ ဒီလူနှယ် ပိုက်ဆံအိတ် ပြဿနာ တက်ပြန်ပြီဟု စနိုး တွေးလိုက်မိသည်။

ထိုအတွေးနှင့် ပြုံးမိသွားကာ ထက်နောင်၏စားပွဲတွင် စကားပြောနေသည့် ဝိတ်တာလေးကို လှမ်းခေါ်လိုက်၏။

"မောင်လေး ဒီမှာကော်ဖီဖိုးရှင်းမယ်"

ဝိတ်တာလေးရောက်လာတော့ စနိုးက . . .

"ဒီမှာ ဘယ်လောက်ကျလဲ၊ ပြီးတော့ ခုနက ဟိုအစ်ကိုကြီး ပိုင်းအတွက်ပါ ပေါင်းတွက်လိုက်"

စနိုးက ပုံမှန်လေသံနှင့်ပဲ ပြောလိုက်သည်မို့ ထက်နောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြားသွားဟန်တူသည်။ နောက်ဘက်သို့ လှည့်ကြည့်လာရင်း စနိုးကို တွေ့လိုက်တော့ အံ့သြသွားပုံလည်းရ၏။ တစ်ဆက်တည်းပင် မှတ်မိသွားသည့်နှင့် စကားလှမ်းပြောလာသည်။

"ဟာ ... စနိုးပါလား။ တိုက်တိုက်ဆိုင်ဆိုင်ပဲကွာ၊ မင်း ကူညီရမလား"

ရင်းရင်းနှီးနှီးပြောလာသော ထက်နောင်ကို စနိုး ပြန်၍ပြုံးပြလိုက်သည်။

"ရပါတယ် ဦးထက်နောင်။ စနိုးအတွက်လည်း အပန်းမကြီးပါဘူး"

စနိုးက ပြောရင်း သွားရန်ထရပ်လိုက်သည်။ ထက်နောင်က စနိုးရှိရာသို့လျှောက်လာရင်း ...

"ငွေနဲ့တွက်ရင် ကော်ဖီဖိုး ၇ အပန်းမကြီးပေမယ့် မင်းရဲ့ကူညီမှုကို ငါ တန်ဖိုးထားပါတယ်၊ အဲ ... ခဏ"

ထက်နောင်က စကားပြောနေရင်း ဘောင်းဘီအိတ်ကပ်ထဲ နှိုက်ကာ ဘာမှန်းမသိရှာနေသည်။ ပြီးမှ လိပ်စာကတ်လေးတစ်ကတ်ကို စနိုးဆီ လှမ်းပေးကာ ...

"ရော့ ... စနိုး၊ ဒါက ကိုယ့်ရဲ့လိပ်စာကတ်ပဲ။ မင်းကို အကြွေး ပြန်ဆပ်ချင်သေးတယ်။ နောက်နေ့ အချိန်ရရင် ကိုယ့်ဆီ ဖုန်းခေါ်လိုက်ပါ။ ဒီလို ... စနိုး"

စနိုးလည်း ယောင်နနဖြင့် ထက်နောင်ပေးလာသော လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



ကတ်လေးကို လှမ်းယူထားလိုက်မိသည်။ ထက်နောင်က စနိုးရှေ့မှ ထွက်သွားပြီးမှ ဘာကိုတွေးမိသည်မသိ ... ဆတ်ခနဲရပ်ကာ လှည့်ပြီး မေးလာသည်။

"ဪ စနိုး ... သေချာပေါက် ဖုန်းဆက်လိုက်နော်၊ ကိုယ်စောင့်နေမယ်"

စနိုး ခေါင်းညိတ်ပြလိုက်မိသည်လား၊ ငြိမ်သက်နေမိခဲ့သည်လား မပြောတတ်တော့။ ထက်နောင်ကတော့ သူမရှေ့မှ ထွက်ခွာသွားလေပြီ။

စနိုးလည်း ပန်းအသာတွန့်ရင်း ထိုနေရာမှ ထွက်လာခဲ့လိုက်ပါ၏။

တကယ်တမ်းပြောရလျှင် ထက်နောင်ဆီ ဖုန်းဆက်ဖို့ဆိုသော ကိစ္စကို စနိုးခေါင်းထဲမှာပင် မထည့်ထားမိခဲ့ပါ။ ဖုန်းဆက်ပြီး ချိန်းဆိုစရာ ကိစ္စလည်း မရှိဘူး မဟုတ်လား။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

လေယာဉ်ကွင်းမှပြန်လာတော့ အိမ်မပြန်သေးဘဲ စားသောက်ဆိုင်ဆိုင်ဆီသို့ အရင်သွားလိုက်သည်။ ထိုအစီအစဉ်ကို စနိုး ဆွဲထားခြင်း ။ ချစ်သူနှစ်ဦး ပြန်ဆုံကြသည့်အချိန်မှာ နွေးနွေးထွေးထွေး ဖွယ်ရာရာလေး ဖြစ်သင့်သည်မဟုတ်လား။

စားသောက်စရာတွေ ရောက်မလာခင် ကျော်ကျော်က ဘီယာသောက်နေသည်။ အရင်ကတည်းက ကျော်ကျော်က အသောက်အစားသူမို့ စနိုးလည်း ပြောမနေတော့။

"ကျော်ကျော် ... ဟိုမှာ အံလုပ်အကိုင် အဆင်ပြေရဲ့လား"

ကျော်ကျော်က ပခုံးတွန့်လိုက်ရင်း ...

"ဒီလိုပါပဲ စနိုးရာ၊ နိုင်ငံခြားမှာ အလုပ် သွားလုပ်သွားလုပ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုကလည်း နာမည်ပဲရှိတော့တာလေ။ ပိုက်ဆံက ထင်သလောက် မရပါဘူး"

စနိုးက ခေါင်းညိတ်ပြလိုက်ကာ ...

"အင်း ... ဟုတ်မှာပါ။ ဒါနဲ့ နင် ဒီမှာ ဘယ်လောက်ကြာမှာလဲ ကျော့်ကျော့်"

ထိုစကားကြောင့် ကျော့်ကျော့်က မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဟင် ... ငါက အခုမှ ပြန်ရောက်တာလေ စနိုးရဲ့။ ဘာဖြစ်လို့ ပြန်သွားမယ့်ကိစ္စကို ပြောနေတာလဲ"

စနိုး အားနာသွားရသည်။ ချက်ချင်းပဲ ရယ်ပြလိုက်ရင်း ...

"အာ ... အဲလိုသဘောနဲ့ မေးတာမဟုတ်ပါဘူး ကျော့်ကျော့်ရဲ့။ ငါက နင့်ကို ဒီမှာ ခဏပဲနေမှာ ထင်လို့ပါ။ ငါ့သဘောအရဆိုရင် နင့်ကို ရက်ကြာကြာနေစေချင်တယ်လေ။ အဲဒါကြောင့် အလုပ်က ခွင့်ဘယ်နှရက်ရလဲလို့ မေးကြည့်တာပါ"

ရှင်းပြလိုက်တော့မှ ကျော့်ကျော့်က သဘောပေါက်သွားဟန်နှင့် ပြုံးလာသည်။ ပြီးမှ စဉ်းစားဟန်နှင့် ...

"အခြေအနေအရပဲ စနိုး။ ငါ ပြန်သွားချင်မှလည်း သွားဖြစ်တော့မှာ။ ဒီမှာလည်း အလုပ်ရှာကြည့်ဦးမယ်လေ။ ပြီးတော့ နင်နဲ့လည်း ထပ်မခွဲချင်တော့ဘူး"

"အဲပိုတွေ ပြောပြန်ပြီ"

ထိုစကားကိုတော့ ရက်ပြုံးလေးနှင့် စနိုးက ပြောလိုက်ခြင်းဖြစ်သည်။ ကျော့်ကျော့်က အဓိပ္ပာယ်ပါပါကြည့်လာရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ စနိုးရျ၊ ငါ နင့်ကို အရမ်းလွမ်းနေတာ။ ဖြစ်နိုင်ရင် အိမ်မပြန်သေးဘဲ အပြင်မှာ နင်နဲ့ နှစ်ရက်,သုံးရက်လောက် နေချင်သေးတယ်။ ဘယ်လိုလဲ စနိုး"

"အာ ... မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့ ကျော်ကျော်ရယ်။ ငါ ဒီနေ့ နင့်ကို သွားကြိုတာ အမေ သိတယ်"

စကားအဆုံးမှာ ကျော်ကျော်က မျက်ခုံးပင့်လိုက်ပြီး ...

"ဟုတ်လား ... အန်တီက ငါနဲ့ပတ်သက်ပြီး ဘာပြောသေးလဲ"

"မပြောပါဘူး ... ဒီလိုပါပဲ"

ခရီးရောက်မဆိုက် ကျော်ကျော် စိတ်ညစ်သွားမှာစိုးသဖြင့် စနိုးညာပြောလိုက်သော်လည်း ကျော်ကျော်က ထိုအပြောကိုပင် သဘောကျဟန်နှင့် ...

"အင်း ... ဘာမှ မပြောတာပဲကောင်းပါတယ်။ ငါက စိတ်ပူနေတာ"

ထိုစကားကြောင့် စနိုးက မျက်ခုံးအတွန့်ချိုးလိုက်မိပြီး ...

"ဟင် ... နင်က ဘာကိုစိတ်ပူနေတာလဲ ကျော်ကျော်"

ကျော်ကျော်က ရယ်ကျဲကျဲပုံစံလုပ်၍ ...

"ဒီလိုလေ ... ငါ နိုင်ငံခြားကပြန်လာတယ်ဆိုတော့ ထောလာထယ်ထင်ပြီး နင့်အမေက ငါတို့နှစ်ယောက်ကို ယူခိုင်းမှာစိုးလို့လေ ... ဟားဟားဟား"

ကျော်ကျော်က နောက်သလိုပြောလိုက်သော်လည်း စနိုးစိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် 'ခု' သွားရသည်။ ငါ့အမေကလည်း နင်နဲ့ သဘောမတူပါဘူး ဟု စိတ်ထဲကပဲ ပြန်ပြောလိုက်၏။ ပါးစပ်ကတော့ သိပ်အရေးမကြီးဟန် နှင့် …

"အေးလေ … ငါတို့နှစ်ယောက် လက်ထပ်ဖို့ဆိုတာကလည်း အများကြီး စဉ်းစားရဦးမှာပါ"

အလိုက်သင့် ခေါင်းညိတ်ရင်း ကျော်ကျော်က …

"အင်း … အဲဒီကိစ္စ နောက်မှဆွေးနွေးကြတာပေါ့ စန်းရာ။ ပြန် ရောက်တဲ့အချိန်လေး ကဲဖို့ စီစဉ်လိုက်ဦးမယ်။ ငါ့ကို ဖုန်းခဏပေးစမ်းပါ။ ဟိုကောင်တွေဆီ ဆက်မလို့"

စန်းက ဘောင်ဘီအိတ်ထဲမှ ဖုန်းနှိုက်၍ ထုတ်ပေးလိုက်သည်။ ဖုန်းနှင့်အတူ ထက်နောင်ပေးခဲ့သော လိပ်စာကတ်လေးလည်း ကပ်ပါ သွားသဖြင့် ကျော်ကျော်က ထိုကတ်ကိုကြည့်ကာ …

"ဟင် … ဦးထက်နောင်တဲ့။ ဒါက ဘယ်သူလဲ စန်း"

ဖုံးဖိထားစရာမလိုသောကိစ္စမို့ စန်းက ထက်နောင်နှင့် ဆုံခဲ့ရပုံကို ပြောပြလိုက်သည်။ စကားအဆုံးမှာ ကျော်ကျော်က ခေါင်းညိတ်လိုက်ရင်း …

"အင်း … တိုက်ဆိုက်ဆိုင်ဆိုင် နင့်ဘက်ကချည်း ကူညီခဲ့တာ တော့ တော်တော်ကျေးဇူးတင်နေမှာပဲ။ ရော့ … လိပ်စာကတ် သိမ်းထား ဦးလေ"

စန်းက အရေးမကြီးဟန်ဖြင့် …

"အာ … အဲဒါက အရေးမကြီးပါဘူး။ ခရီးသွားဟန်လွှဲ ကူညီ

www.burmeseclassic.com



လိုက်တာပဲဥစ္စာ။ သူ့ဆီ ဖုန်းဆက်ဖို့လည်း အစီအစဉ် မရှိပါဘူး"

ထိုသို့ပြောလိုက်သော်လည်း ကျော်ကျော်က အရေးကြီးသော ပုံစံဖြင့် ...

"နင်ကလည်း ဟိုလူက တန်ဖိုးထားပြီး ပေးခဲ့တာကို သိမ်းထားစမ်းပါဟ။ ဒီလိုလူမျိုးတွေနဲ့ မိတ်ဆွေဖြစ်ထားတာ အရှုံးမရှိပါဘူး"

စန်းလည်း စောဒကတက်မနေတော့ဘဲ ကျော်ကျော်အလိုကျ လိပ်စာကတ်လေးကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ ဒါသည်ကိုပင် ကျော်ကျော်က ကြည့်၍ ...

"စန်း သေချာသိမ်းနော်။ ပျောက်သွားဦးမယ်"

"အေးပါ"

စန်း ဆူအောင့်အောင့် ပြန်ဖြေလိုက်၏။ ဘာမဟုတ်သည့် လိပ်စာကတ်လေးကို ကျော်ကျော်က အရေးတယူ ဖြစ်နေ၍လည်း ဖြစ်သည်။ စန်းကတော့ ထက်နောင်ပေးသဖြင့် အားနာသောကြောင့် ယူထားလိုက်သည့် သဘောသာရှိ၏။ ကျန်တာ စိတ်မဝင်စား။

ကျော်ကျော်က စန်း၏ဖုန်းကို ဖွင့်ကာ ဂဏန်းအချို့ကို နှိပ်ခေါ်လိုက်ပြီး ...

"အေး ... သက်ခိုင်လား။ ငါ ကျော်ကျော်ပါ။ အေး ပြန်ရောက်ပြီလေ။ မနက်ဖြန် လျှောက်ဒိုးရအောင် ဟေ့ကောင်"

တစ်ဖက်က ပြန်ပြောသည်ကို နားထောင်လိုက်ပြီးမှ ကျော်ကျော်က ...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … မင်းအစ်ကိုဆီက ကားရမယ်ဆိုရင်တော့ အတိုင်း
ထက်အလွန်ပေါ့ကွာ။ အေး … ပဲခူးဘက် လစ်မယ်လေ"

အချိန်းအချက်လုပ်ပြီးချိန်မှာတော့ ကျော်ကျော်က စနိုးကို ဖုန်း
ပြန်ပေးလျက် …

"မနက်ဖြန် ဒိုးဖို့ ချိန်းထားလိုက်ပြီနော် စနိုး၊ နင် မလိုက်လို့မရ
ဘူး"

စနိုးက စဉ်းစားလိုက်ပြီး …

"အေးပါ … နေ့ချင်းပြန်ဆိုရင် ဖြစ်ပါတယ်"

ကျော်ကျော်က ထိုစကားကြောင့် …

"နင်ကလည်း ညဘက်အိပ်ဖြစ်ရင်လည်း သက်ခိုင်ကောင်မလေး
ပါတာပဲဥစ္စာ။ နင် သူနဲ့အိပ်ပေါ့။ ရတယ်မလား"

စနိုးက …

"အင်း … အဲလိုဆိုရင်တော့ အမေ့ကို သေချာပြောခဲ့မှ ကောင်း
မှာ"

"ကြည့်ကျက်ရွှေ့လိုက်ပေါ့ စနိုးရာ။ တစ်ခါတလေ ခရီးသွားတာပဲ
မဟုတ်ဘူးလား"

"အေးပါဆို … စားပြီးရင်လည်း ပြန်ကြရအောင်၊ နင့်အိမ်က
လည်း နင့်ကို မျှော်နေရော့မယ်"

"ဝါ့အိမ်ကတော့ မျှော်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ပြန်မယ်
လေ။ ငါလည်း နားချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



စနိုးက ဘာမှပြန်မပြောမနေတော့ဘဲ ငွေရှင်းရန် ဗီတ်တာလေးအား လှမ်းခေါ်လိုက်ပါသည်။ ကျော်ကျော်က သူ့အိမ်နှင့်လည်း သိပ်အဝေးကပ်သွားမဟုတ်မှန်း စနိုး သိနေသည်ပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျော်ကျော်က အတင်းခေါ်သလို မိမိကိုယ်တိုင်ကလည်း သွား ချင်သည်မို့ ဤခရီးကို လိုက်လာခဲ့ခြင်းဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်နီနီက လွှတ်ချင်သည်မဟုတ်။ မိန်းကလေးသူငယ်ချင်းတွေ အများကြီးပါသည်ဟု ပြော၍သာ မလွှတ်ချင် လွှတ်ချင်နှင့် ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

တကယ်တမ်းခရီးသွားကြတာက လူလေးယောက်တည်း။ မိန်းက လေးဆို၍ သူမနှင့်သက်ခိုင်၏ကောင်မလေး ကေသွယ်တို့သာ ပါလေသည်။

ကျော်ကျော်ကတော့ ခုလို ခရီးသွားဖြစ်သည်ကို အတော်ပျော် နေပုံရ၏။ ခရီးစထွက်ကတည်းကပဲ သောက်နေသဖြင့် စနိုး ပြောသွား သေးသည်။

"ကျော်ကျော် ခုသွားရင် ကားက ဘယ်သူမောင်းမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ကိုင်ထားသည့် ဘီယာဘူးကို မော့ချလိုက်ရင်း ကျော်ကျော်က ...

"ငါနဲ့သက်ခိုင် တစ်လှည့်စီမောင်းမှာပေါ့ဟ၊ ဘာဖြစ်လို့လဲ"

ထိုစကားကြောင့် စနိုးက မျက်နှာတည်လိုက်ကာ ...

"ကားမောင်းမယ်ဆိုရင် နင် ဘီယာတွေသောက်မနေနဲ့တော့လေ။ နင် ထပ်သောက်ဦးမယ်ဆိုရင် ငါမလိုက်တော့ဘူး"

ကျော်ကျော်က မျက်ခုံးပင့်လိုက်၏။ စနိုးနားတွင်ရှိနေသည့် သက်ခိုင်ကောင်မလေး ကေသွယ်ကလည်း ဝင်ပြောလာသည်။

"ဟုတ်သားပဲ၊ စနိုးပြောတာ မှန်တယ်။ မောင်လည်း မသောက်နဲ့တော့နော်။ ဟိုရောက်မှ သောက်လေ"

ကျော်ကျော်နှင့်သက်ခိုင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ကျော်ကျော်က ပခုံးတွန့်လိုက်ရင်း ရယ်ဟဟဖြင့်..

"သားကြီး ဟေ့ကောင် ... သူတို့နှစ်ယောက်က ခုကတည်းက အတွဲညီနေကြပါလား။ ငါတို့လည်း စည်းလုံးမှဖြစ်မယ်ကွ"

သက်ခိုင်က သဘောကျသလို ရယ်လိုက်ကာ ...

"အေးဆေးပါကွာ။ ခုတော့ သူတို့ပြောတာ နားထောင်လိုက်ဦး ဟေ့ကောင်။ နောက်ပြီးကျရင်တော့ ကိုယ့်အလှည့်ပဲ ... ဟား ဟား"

"မောင့်နော် ... ဘာတွေပြောနေတာလဲ"

မျက်နှာလေးရဲကာ လှမ်းပြောလိုက်သော ကေသွယ်ကိုကြည့်ရင်း သက်ခိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တာပါ သဲရာ၊ ကိုယ်နူးညံ့တာ သဲ သိပါတယ်"

ကေသွယ်ကထက်မပြောတော့ဘဲ မျက်စောင်းပဲ ထိုးလိုက်ပါ

ထိုနောက်မှာတော့ လေးယောက်သား သက်ခိုင်ယူလာသော ကားဖြင့် ခ

စထွက်ခဲ့ကြသည်။ တကယ်တမ်း ခရီးထွက်လာခဲ့တော့လည်း စိတ်ထဲတွင်

ပေါ့ပါးလွတ်လပ်သွားသည်ကတော့ အမှန်ပင်။ ခရီးတိုသည်ဖြစ်စေ၊ ရှည်

သည်ဖြစ်စေ ခရီးထွက်ရခြင်းကိုက စိတ်တင်းကျပ်မှုတွေကို ပြေလျော့စေ

သည်ကတော့ အမှန်ပင်။

ရန်ကုန်မှစထွက်တော့ ကားကို ကျော်ကျော်က အရင်စမောင်း

သည်။ စနိုးလည်း ကားရှေ့ခန်းရှိ ကျော်ကျော့်ဘေးတွင် ထိုင်ရင်း လမ်း

ဘေးဝဲယာရှိ ရှုခင်းတွေကို ကြည့်ကာ လိုက်ပါလာခဲ့၏။

"မောင်ရာ ... မကဲနဲ့နော်"

"အာ ... သဲကလည်း ပဲ့ပါသွားတာကျနေတာပဲ"

"ဘာဖြစ်ဖြစ်ကွာ ... ငြိမ်ငြိမ်လေးနေစမ်းပါ မောင်ရာ"

နောက်ခန်းဆီက အသံတွေကြောင့် ရှုခင်းတွေကို ခံစားနေသော

အာရုံပင်ပျက်သွားရ၏။ ကားမောင်းနေသည့် ကျော်ကျော်ကတော့ နောက်

ကြည့်မှန်မှ တစ်ချက်လှမ်းကြည့်ရင်း ရယ်လျက် ...

"အေးလေ ... သက်ခိုင်။ မင်းကလည်း ဆန္ဒတွေစောမနေနဲ့

လေကွာ၊ ပြီးရင် မတွေ့ရမယ့်လူတွေကျနေတာပဲ"

ကားနောက်ခန်းဆီမှ သက်ခိုင်၏ဆဲသံက မတိုးမကျယ် ထွက်

လာသည်။ ကျော်ကျော့်စကားကြောင့် စနိုးပင် မသိမသာ ကြက်သီး



www.burmeseclassic.com

www.burmeseclassic.com

ထ,သွားရ၏။ ထိုအတွေးနှင့် ကျော်ကျော်ကိုမသိမသာ ကြည့်လိုက်တော့ ကျော်ကျော်က သဘောပေါက်ဟန်ဖြင့် မျက်နှာပြောင်ပြ၏။ စနိုးလည်း မျက်စောင်းပဲ ထပ်ထိုးလိုက်ရသည်။

ထိုသို့ မောင်းလာခဲ့ရင်း လမ်းဘေးဝဲယာတွင် စိမ်းစိုဝေဆာလှသော ထယ်ကွင်းလွင်ပြင်ကြီးကို တွေ့လိုက်ရသဖြင့် ကျော်ကျော်က ကားကို အရှိန်လျှော့လိုက်ရင်း . . .

"လှလိုက်တဲ့ရှုခင်းတွေကွာ . . . ဒါမျိုးတွေက ငါတို့နိုင်ငံမှာပဲ တွေ့ရမယ် ထင်တယ်ကွ"

ဟုတ်ပါသည်။ မျက်စိအဆုံးမြင်နေရသည့် အစိမ်းရောင်လွင်ပြင်က အသက်ရှူမှားလောက်အောင် လှပနေသည်။ ထိုလွင်ပြင်ကို ဖြတ်သန်းကာ တိုက်ခတ်လာသည့် လေနုအေးကလည်း စိတ်ကို ပို၍လန်းဆန်းစေသလိုပင်။

ထိုကဲ့သို့ လမ်းဘေးဝဲယာဆီ ငေးရီနေမိချိန်မှာပဲ လမ်း၏တစ်ဖက်အခြမ်းရှိ လမ်းဘေးတစ်နေရာတွင် ကားရပ်ကာ လာသမျှကားတွေကို လှမ်းကာတားနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် စနိုး အံ့ဩကာ အသံပြုလိုက်မိသည်။

"ဟင် . . . ဦးထက်နောင်ပါလား"

တကယ်တော့ ထက်နောင်က ရန်ကုန်သို့ပြန်မည့်ဘက်တွင် ကားရပ်ကာ တားနေခြင်းဖြစ်သဖြင့် စနိုးတို့နှင့် လမ်းပြောင်းပြန်ဖြစ်နေသည်။

သို့သော်လည်း စနိုး၏ရေရွတ်သံအဆုံးမှာပဲ ကျော်ကျော်က ကားကို လမ်းဘေးတွင် အသာချရပ်လိုက်ကာ . . .


www.burmeseclassic.com

www.burmeseclassic.com



"စနိုး ... ဘယ်သူ၊ ဦးထက်နောင် ဟုတ်လား"

စနိုးလည်း ယောင်နနဖြင့် ခေါင်းညိတ်လိုက်မိပြီး ...

"ဟုတ်တယ်လေ ... ဟိုဘက်ကားလမ်းဘေးမှာ လှမ်းတွေ့လိုက်လို့ပါ။ ဘာဖြစ်လို့လဲတော့ မသိဘူး။ ကားတွေလိုက်တားနေတယ်"

ကျော်ကျော်က တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"စနိုးနဲ့မိတ်ဆွေတွေမဟုတ်လား။ ဘာအကူအညီလိုလဲ သွားမေးကြည့်ပါလား"

ထိုစကားကြောင့် စနိုးပင် အံ့ဩသွားရသည်။ ကျော်ကျော် ရွဲ့ပြောသည်ဟု ထင်လိုက်သော်လည်း သေချာကြည့်တော့ ကျော်ကျော်က အတည်ပြောနေခြင်း ဖြစ်သည်။

ထို့ကြောင့် စနိုးလည်း ကားပေါ်မှဆင်းကာ လမ်းတစ်ဖက်ဆီသို့ ကူးသွားလိုက်၏။ သူ့ထံသို့လျှောက်လာသည့် စနိုးကို မြင်မြင်ချင်း ထက်နောင်၏မျက်နှာပေါ်တွင် အံ့ဩဟန်တွေက အဖွေးသားပေါ်သွားသည်။

မျက်စိကိုပွတ်ကာ သေချာကြည့်လာပြီးမှ ပြုံးလိုက်ရင်း ထက်နောင်က ...

"ဟာ ဘယ်လိုမှထင်မထားဘူးကွာ၊ တကယ်ပဲ စနိုးဖြစ်နေပါလား"

ရင်းရင်းနှီးနှီးပြောလာဟန်ဖြင့် စနိုးက အသာပြုံးပြလိုက်ပြီး ...

"ဟုတ်ကဲ့ ... ဦးထက်နောင်ကို လှမ်းတွေ့လို့လေ။ ဘာဖြစ်နေတာလဲရှင့်"

ထက်နောင်က ခပ်လှမ်းလှမ်းတွင်ရပ်ထားသည့် စနိုးတို့ကားဆီသို့



www.burmeseclassic.com

www.burmeseclassic.com


သွင်းကြည့်လိုက်ပြီးမှ ...

"ဒါနဲ့ စနိုးတို့က ဘယ်သွားကြမလို့လဲ"

"သူငယ်ချင်းတွေနဲ့ ခရီးထွက်မလို့ပါ။ ဒါနဲ့ ဦးထက်နောင်က"

စကားမဆုံးခင်မှာပဲ ထက်နောင်က စိတ်ပျက်ဟန်ဖြင့် ...

"ကိုယ်လည်း ပဲခူးက ပြန်လာတာ။ ခု ကားဆီပြတ်သွားလို့ ကား ထားပြီး အကူအညီတောင်းကြည့်နေတာ။ တချို့ကားတွေကလည်း ရပ် မပေးကြဘူး။ ရပ်ပေးတဲ့ကားကျတော့လည်း ဆီအပိုမပါလာလို့"

"ဩော်"

စနိုး ရေရွတ်လိုက်တော့ ထက်နောင်ကပဲ ပြုံး၍ ...

"ကိုယ်တောင် ခုနက စဉ်းစားနေမိသေးတယ်။ ကိုယ် အခက်အခဲ တစ်ခုခုဖြစ်တိုင်း စနိုး ရောက်ရောက်လာတတ်တော့ ခုလည်း စနိုး ရောက် လာရင် ကောင်းမှာပဲလို့လေ ... တကယ်ပြောတာ"

စနိုး ရှက်အမ်းအမ်းဖြစ်သွားရသည်။ မသိလျှင် ကိုယ်က သူ့ရဲ့ တယ်တင်ရှင်ကျနေတာပဲ။

စဉ်းစားလိုက်ပြီးမှ စနိုးက ...

"ဒါနဲ့ ... ဦးထက်နောင်ကားက ဒီဇယ်လား၊ ဒါမှမဟုတ်"

"ဓာတ်ဆီပါ စနိုး"

"ခဏနော်"

စနိုး ကားဆီပြန်ကာ ကျော်ကျော်ကို အကျိုးအကြောင်း ပြောပြ လိုက်သည်။ ကျော်ကျော်က ခေါင်းညိတ်ရင်း ...


www.burmeseclassic.com

www.burmeseclassic.com


"ကံကောင်းတယ်ပြောရမှာပဲ၊ ငါတို့ကားကလည်း ဓာတ်ဆီကား ဆိုတော့ . . . ခဏ စနိုး"

စနိုးစိတ်ထဲ တကယ်မထင်ထားမိခဲ့ပါချေ။ ကျော်ကျော်သည် ကားပေါ်တွင်ပါလာသော ဟန်ဒက်ပလပ်စ် (100+) ဘူးခွံကိုယူကာ ထိုဘူး ထဲသို့ ကားဆီတိုင်ကီထဲမှ ဆီအချို့ထုတ်ကာ ထည့်ပေး၍ ဖြစ်လေသည်။ စနိုး အံ့ဩနေမိ၏။ စနိုးလည်း ဓာတ်ဆီဘူးယူသွားကာ ထက်နောင်ကို ပေးလိုက်သည်။ ထက်နောင်က တကယ်ဝမ်းသာပျော်ရွှင်သွားပုံနှင့် . . .

"ဟာ . . . တကယ်ကျေးဇူးတင်တယ် စနိုးရာ။ မင်းကတော့ ကိုယ့်အတွက် တကယ် lucky fish ပဲ"

"ဟင် . . . ဘာပြောတာလဲ"

"ဪ . . . မင်းက ကိုယ့်အတွက် ကံကောင်းစေတယ်လို့ ပြောတာ။ Luck fish ရွှေငါးလေးပေါ့ကွာ"

"အဲလောက်လည်း မဟုတ်ပါဘူး ဦးထက်နောင်။ လမ်းကြုံလို့ တိုက်ဆိုင်တာနဲ့ ကူညီတာပါ"

"အာ . . . ဘာဖြစ်ဖြစ် မင်းက ကိုယ့်အတွက် တကယ့် မေခလာ နတ်သမီးပဲ"

စနိုး ပြုံးပဲပြုံးမိတော့သည်။ ထက်နောင် မြှောက်ပင့်ပြောနေသည် ကို ချေပမနေတော့ဘဲ နှုတ်ဆက်လိုက်ပါ၏။

"အဆင်ပြေပြီဆိုရင်လည်း စနိုး သွားတော့မယ်"

ပြောပြီး လှည့်ထွက်လိုက်ချိန်မှာပဲ ထက်နောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"စန်း ... ခဏ"

လှည့်ကြည့်လိုက်တော့ ထက်နောင်က လိပ်စာကတ်တစ်ကတ် ကိုင်ထားရင်း ...

"စန်း ... ဒါ ကိုယ့်ကတ်။ ရန်ကုန်ပြန်ရောက်ရင် ဖုန်းတစ်ချက် လောက် ဆက်ပေးပါလား"

စန်းက ပြုံးရင်း ...

"ဦးထက်နောင်ရဲ့လိပ်စာကတ် စန်းကို လေယာဉ်ကွင်းမှာ တစ်ခါ ပေးဖူးတယ်လေ။ ရှိသေးတယ်ရှင့်"

"အိုကေ ... ကိုယ်က မရှိတော့ဘူးထင်လို့။ ဒါဆိုရင်လည်း ဖုန်းဆက်ပါနော် စန်း"

စန်းက အားတုံ့အားနာဟန်လေးဖြင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်ကဲ့ ... စန်းကိစ္စရှိရင် ဆက်ပါ့မယ် ဦးထက်နောင်"

ဒီတစ်ခါလည်း ပြောပြီး စန်း လှည့်ထွက်လာခဲ့သည်။ ဒါသည်ကို ပင် ထက်နောင်က ပြောဖြစ်အောင် လှမ်းပြောလိုက်သေး၏။

"စန်း ... အရေးတကြီးကိစ္စမရှိလည်း ဆက်လို့ရတယ်နော်။ ကိုယ် စန်းဖုန်းကို မျှော်နေမှာ သိလား"

စန်း ဘာမှပြန်မပြောတော့ဘဲ ဆက်လျှောက်လာခဲ့သည်။ စန်း ကားဆီကိုပြန်လာတာ မြင်တော့မှ စူးစိုက်ကာ လှမ်းကြည့်နေသည့် ကျော် ကျော့်လည်း အကြည့်ကို စန်းတို့ထံမှ လွှဲလိုက်ပါသည်။ ထိုသို့ဖြင့်။

■

www.burmeseclassic.com

# အခန်း (၉)

ကိုယ်ကပဲ စိတ်စောနေသည်လားမသိ။ ချိန်းထားသောဆိုင်သို့ ထက်နှောင် ကြိုရောက်နေသည်။ ကျော်စွာကို စောင့်ရင်း ဘီယာတစ်လုံး မှာသောက်ကာ ဆိုင်အတွင်းထဲ၌ အလှဆင်ထားသည့် အလှမွေးငါးကန်တွေကို လှမ်းကြည့်နေမိ၏။

ကိုယ်ကိုယ်တိုင်က တန်ဖိုးရှိသည့် ငါးဖြစ်သော်လည်း ကန့်သတ်ဧရိယာအတွင်း၌သာ ရှင်သန်ကျင်လည်ခွင့်ရသော အလှမွေးငါးတို့ဘဝကို သူတွေးနေမိသည်။ တန်ဖိုးဆိုတာဘာလဲ။ တန်ဖိုးတွေ အမျိုးမျိုးရှိသလို ကန့်သတ်မှုတွေကလည်း များလွန်းလှသည်။

တကယ်တော့လည်း တန်ဖိုးဆိုတာ အရည်အသွေးအပေါ်ခုံဆိုတာထက် သတ်မှတ်ကြသော သူတို့၏စံနှုန်းများသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ထက်နောင် ... ငါ နည်းနည်းနောက်ကျသွားတယ်"

ကျော်စွာ့အသံကြားတော့မှ အတွေးစတို့က လွင့်ပြယ်သွားရင်း သက်သောင့်သက်သာ ပြန်ပြုံးပြလိုက်ရင်း ...

"ရပါတယ်ကွာ ... ငါက ချိန်းတာပဲ။ စောင့်ရမှာပေါ့"

ကျော်စွာက ခုံမှာဝင်ထိုင်လိုက်ရင်း ...

"ကဲ ပြောပါဦး ... ဖုန်းထဲမှာတောင် မပြောချင်ရအောင် တကူးတက တိုင်ပင်ချင်တဲ့ကိစ္စက ဘာများလဲ"

စကားအဆုံးမှာ ထက်နောင်က ရယ်လိုက်ပြီး ...

"အေးအေးဆေးဆေးပေါ့ကွာ။ ဘီယာ အရင်သောက်လိုက်ပါဦး"

ပြောရင်း ထက်နောင်ကပဲ ဘီယာငှဲ့ပေးလိုက်သည်။ ကျော်စွာ တစ်ငုံသောက်ပြီးချိန်ကျမှ ထက်နောင်က ဆိုင်ထောင့်ရှိ အလှမွေး ငါးကန်ဆီ မေးဆတ်ပြကာ ...

"ကျော်စွာ ... မင်း အဲဒီ ငါးကန်ထဲက ငါးကို ဘယ်လိုမြင်လဲ"

မထင်ထားသည့် မေးခွန်းကြောင့်လားမသိ ကျော်စွာ့မျက်နှာပေါ်မှာ အူတူတူဟန်တွေက အထင်းသားပေါ်သွားသည်။ ပြီးမှ မျက်မှောင်ကြုတ်လိုက်ရင်း ...

"အဲဒါ လပ်ကီးဖစ်ရှ် (Lucky fish) လေကွာ။ ကံကောင်းစေတဲ့ အဆောင်တစ်ခုအနေနဲ့ အလှမွေးတဲ့ငါးလေ။ ငါတော့ အဲလိုပဲ ထင်တာပဲ။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဒ့ာ ... ငါပြောချင်တာက တစ်ခုပဲ။ အဲ

www.burmeseclassic.com



...မင်းတို့ငါတို့ဘဝမှာကော ကံကောင်းစေမယ့် အရာဝတ္ထုတွေရှိတယ်လို့ မထင်ဘူးလား"

စကားအဆုံးမှာ ကျော်စွာက ခေါင်းကုတ်လိုက်ပြီး ...

"မင်းကတော့ စားပြီ ထက်နောင်ရာ။ မင်း ဘာပြောချင်တာလဲ တော့မသိဘူး။ ဒဲ့သာပြောတော့ ဟေ့ကောင်"

ထိုစကားကြောင့် ထက်နောင် မျက်နှာထူအမ်းအမ်းဖြစ်သွားရပြီး မှ ...

"ဒီလိုကွာ ... အခု ငါ့အတွက် ကံကောင်းစေမယ့်လူတစ်ယောက် တွေ့ထားလို့"

"ဘာ ... ဘယ်လို ဘယ်လို"

ဒီတစ်ခါလည်း ကျော်စွာပုံစံက ကြောင်တောင်တောင် ဖြစ်သွား ပြန်သည်။

ထက်နောင်က ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ် ကျော်စွာ၊ လူတစ်ယောက်ဟာ ငါ့အတွက် ကံ ကောင်းစေတယ်။ ငါ အခက်အခဲဖြစ်လာတဲ့အခါကျရင် အဲဒီလူ ရောက် လာတတ်တယ်။ သူရောက်လာရင် ငါ့အခက်အခဲ ပြေလည်သွားရော။ ငါ အဲလိုလူတစ်ယောက်တွေ့ထားတာ ကျော်စွာ"

စကားအဆုံးမှာ ကျော်စွာ ငြိမ်သက်ရင်း စဉ်းစားသွားသည် ပြီးမှ ...

"တိုက်ဆိုင်တာမျိုးကော မဖြစ်နိုင်ဘူးလား ထက်နောင်"



www.burmeseclassic.com

www.burmeseclassic.com



“အင်း ... တိုက်ဆိုင်တယ်ဆိုရင်တောင် အဲဒီတိုက်ဆိုင်မှုကိုက မင်းအတွက် ကံကောင်းစေတာမျိုးပဲ”

ကျော်စွာက ခေါင်းညိတ်လိုက်ကာ ...

“ဟုတ်ပြီလေ၊ မင်းယုံကြည်လက်ခံထားတာကို ငါ အကန့် မပြောချင်တော့ပါဘူး။ ဒါနဲ့ မင်းအတွက် ကံကောင်းစေတဲ့လူဆိုတာက ဘယ်သူလဲ”

ထက်နောင်က မပြောခင် ခွက်ထဲမှ လက်ကျန်ဘီယာကို မော့ချလိုက်ပြီးမှ ...

“မင်းမှတ်မိမှာပါ၊ ငါတို့နဲ့ club မှာ တစ်ခါဆုံဖူးတယ်လေ။ ငါ့ပိုက်ဆံအိတ်ကောက်ရပြီး ပြန်လာပေးတဲ့ စနိုးဆိုတဲ့ ကောင်မလေး”

“ဩော်”

ရေရွတ်ရင်း ကျော်စွာ့မျက်နှာက တည်သွားသည်။

“ထက်နောင် ... အဲဒီကောင်မလေးကို မင်းပိုက်ဆံအိတ် ကောက်ရလို့ ပြန်ပေးတာနဲ့ပဲ မင်းအတွက် လပ်ကီးကောင်းတယ်လို့ သတ်မှတ်လိုက်တာလား”

ထက်နောင်က ပြုံးရင်း ခေါင်းခါလိုက်သည်။

“မင်းကလည်း ငါက ကံလို့ လွယ်လွယ်နဲ့ လက်ခံတတ်တဲ့ ကောင်လားကွ။ စနိုးနဲ့ ငါဆုံတာ အဲဒီတစ်ခါတည်းမှ မဟုတ်တာ”

ထိုသို့စကားစကာ နောက်ထပ်စနိုးနှင့် ဆုံခဲ့ပြီး ကြုံခဲ့ရသည့် အဖြစ်အနေတွေကိုပါ ပြောပြလိုက်သည်။ စကားဆုံးတော့ ကျော်စွာက ...

“အင်း ... အဲဒီအတိုင်းဆိုရင်တော့ တိုက်ဆိုင်တာထက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုတယ်ပြောရမှာပဲ။ အဲတော့ မင်းက ဘာလုပ်ချင်လို့လဲ"

ထက်နောင်က ရှက်အမ်းအမ်းဖြစ်သွားသည့်မျက်နှာကို ပြန်တည်လိုက်ကာ . . .

"ငါ စနိုးကို စိတ်ဝင်စားလို့"

"ဘာ"

ကျော်စွာ၏အလန့်တကြားရေရွတ်သံကြောင့် ထက်နောင်က လက်ကာပြရင်း . . .

"ခဏလေး . . . ငါပြောချင်တာက အဲဒီကောင်မလေး ငါ့အနား မှာရှိရင် ငါ့အတွက် ဘယ်ကိစ္စမဆို ကံကောင်းနိုင်မယ်ထင်လို့လေ။ အဲ စိတ်ဝင်စားတာ"

ကျော်စွာက ပခုံးအသာတွန့်လိုက်ပြီးမှ . . .

"အင်း . . . မင်းပြောတာကို ငါ လက်ခံလို့တော့ရပါတယ်၊ ဒါပေ မဲ့ . . ."

စကားမဆုံးခင်မှာပဲ ထက်နောင်က ဖြတ်ပြောလိုက်သည်။

"ဘာလဲ . . . နည်းနည်းတော့ ရှုးကြောင်ကြောင်နိုင်တယ် ပြောမလို့မလား။ မင်းပြောရင်လည်း ငါ လက်ခံရမှာပဲ။ ငါကတော့ ဆုံး ဖြတ်ပြီးပြီ။ သူဟာ ငါ့အတွက် ကံကောင်းစေမယ့်အဆောင်ပဲ၊ သူ့ ငါ့အနားမှာ ရှိစေချင်တယ်"

ကျော်စွာ မျက်နှာက တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည် ပြီးမှ ထက်နောင်ကို စေ့စေ့ကြည့်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com


"ဒါ သဘောပေါက်ပြီ ထက်နောင်။ မင်းက တကယ်တော့ lucky fish လေးဝယ်ဖို့ ငါနဲ့တိုင်ပင်နေတာကိုးကွ"

ထက်နောင်က အလိုက်သင့်ရယ်လိုက်ရင်း . . .

"ဝယ်တယ်လို့တော့ မသုံးနှုန်းပါနဲ့ကွာ။ စနိုးက လူသားတစ်ယောက်ပါ။ ငါ့အနေနဲ့လည်း သူ ငါ့အနားမှာရှိအောင် ကြိုးစားချင်တာပါ။ ဒီလောက်ပါပဲ"

ကျော်စွာက သက်ပြင်းငွေ့ငွေ့ချရင်း . . .

"အင်း . . . အဲဒီအတွက် မင်းဆုံးဖြတ်ပြီးပြီပေါ့ ဟုတ်လား"

ထက်နောင်က ခေါင်းညိတ်ရင်း ပြန်ပြောလိုက်ပါသည်။

"ငါ့ဘက်ကတော့ သေချာတယ် ကျော်စွာ။ သူ့ဘက်က အခြေအနေတော့ မသိသေးဘူး။ ငါ အဲဒီအတွက် အတင်းမကြိုးစားခင် ဘာတရားက မျက်နှာသာပေးလာမလား စောင့်ကြည့်ချင်သေးတယ်"

"နောက်ထပ်တစ်ကြိမ် ဆုံတာမျိုးလား"

ခေါင်းညိတ်ရင်းထက်နောင်က ထပ်ပြောလိုက်ပါ၏။

"အေး . . . ဒါမှမဟုတ်ရင်လည်း ငါ့ဖုန်းကို သူဆက်လာတာမျိုး ဖြစ်ဖြစ်ပေါ့"

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ရော့ ကျော်ကျော် . . . ဒီမှာ ဆယ့်ငါးသိန်း။ အဲဒါ . . . ငါ အလုပ်
လုပ်တုန်းကစုထားတဲ့ ပိုက်ဆံ အကုန်ပဲ"

ကျော်ကျော်က စနိုး စားပွဲပေါ်တင်ပေးလာသည့် ငွေထုပ်ကို ကျော
ပိုးအိတ်ထဲသို့ထည့်လိုက်ရင်း . . .

"ကျေးဇူးပါဟာ၊ အမှန်အတိုင်းပြောရရင် ငါလည်း နင့်ဆီက
ယူချင်တာ မဟုတ်ဘူး။ အရင်းအနှီးလုပ်ဖို့အတွက် ငါ့ပိုက်ဆံနဲ့ မလောက်
လို့ပါ"

စနိုးက ခေါင်းခါလိုက်ကာ . . .

"ကျေးဇူးတင်စရာမလိုပါဘူးဟာ . . . နင်သာ အလုပ်အဆင်ပြေ
အောင်လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ စန်း။ ငါလည်း ငွေများများရချင်လို့ နယ်စပ်ကို ပစ္စည်းသွားမလို့လေ။ ငွေရှာရတာလည်း မလွယ်ဘူးဟ။ ငါသာ နင့်အနေအထားမှာဆိုရင် ဦးထက်နောင်လိုကောင်ကို ကပ်ပြီးချူစားတယ် ... ဟဲဟဲ"

ကျော်ကျော်က ရယ်ရင်းပြောလိုက်သော်လည်း စန်းမျက်နှာက တင်းသွားသည်။ ချက်ချင်းပဲ ...

"ကျော်ကျော် ... နင် ဘာစကားပြောတာလဲ။ နင်နဲ့ငါ့ကြားမှာ အဲလိုစကား ပြောစရာလား။ ငါ့သိက္ခာကိုတောင် မထောက်ဘူး"

စန်း ဒေါပွသွားမှန်းသိ၍ ကျော်ကျော်က မျက်နှာပိုးသတ်လိုက်ရင်း ...

"ဆောရီးပါ စန်းရာ ... ငါက နောက်တာပါ။ နင့်ကိုစော်ကားတဲ့ စိတ်နဲ့ ပြောတာမဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် အဲလိုစကားမျိုးတော့ မပြောနဲ့ ကျော်ကျော်။ နင်ပဲ ငါတို့နှစ်ယောက်ရဲ့ရှေ့ရေးအတွက် ငွေရှာချင်တယ်ဆို။ အဲဒါပဲ ခေါင်းထဲ ထည့်ထားစမ်းပါ"

"အေးပါ ... ငါသိပါတယ်။ နင်လည်း စိတ်မဆိုးပါနဲ့တော့ တုတ်ပြီလား"

"စိတ်မဆိုးပါဘူး။ စိတ်မကောင်းဖြစ်မိသွားတာ"

ထိုစကားကြောင့် ကျော်ကျော်က စန်းလက်ကလေးကို ဆွဲကိုင်လိုက်ပြီး ...

"ဩော် ... ဒီကောင်မလေးတော့ ပြောမှပိုဆိုးနေပြီ။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

ချော့ရပါ့မလဲ။ အာဘွားပေးရမလား"

"အောင်မာ ... သေလိုက်ပါလား။ လူတွေကြားထဲမှာ"

ကျော်ကျော်က တဟားဟားရယ်လိုက်ရင်း ...

"ဩော် ... လူရှင်းတဲ့နေရာမှာဆို အာဘွားပေးခံချင်တယ်ပေါ့။ ဟုတ်လား စန်း။ အဲဒါဆိုလည်း သွားလိုက်ရအောင်"

"နင်နော် ... ပြောလေ ကဲလေ လုပ်မလာနဲ့"

မျက်နှာလေးရဲကာ ပြန်အော်လိုက်သော စန်းကိုကြည့်ရင်း ကျော်ကျော်က ထပ်ကာရယ်တော့သည်။ အရယ်ရပ်တော့မှ သတိရဟန်ဖြင့် ...

"စန်း ... နင် တစ်ခုခုစားဦးလေ။ ပြီးရင် ဘယ်သွားချင်သေးလဲ။ ငါလိုက်ပို့မယ်"

ပြောလိုက်တော့မှပဲ စန်းလည်း သတိရသွားဟန်တူသည်။ ချက်ချင်းပဲ ခေါင်းခါလိုက်ကာ ...

"ဟော့ဒေါ ... မစားတော့ဘူး။ ငါ ပြန်တော့မယ် ကျော်ကျော်"

"နင်ကလည်း ပြောမှပဲ ချက်ချင်းကြီး"

"ဟုတ်မယ်ဟ။ ခုတလော နင်လည်း ပြန်ရောက်လာတော့ ငါ အပြင်ပိုထွက်ဖြစ်တယ်လေ။ အဲဒါကို အမေက သိပ်ကြည်တာ မဟုတ်ဘူး။ သွားတာလာတာ နည်းနည်းဆင်ခြင်နေရတယ်"

"နင့်အမေကလည်းဟာ ... ခုခေတ်လူငယ်တွေက ဒီလိုပဲ သွားကြလာကြတာကို"

စန်းက ခေါင်းကပ်ခါလိုက်ကာ ...

www.burmeseclassic.com

"ဘယ်လိုပဲဖြစ်ဖြစ် မရဘူး ကျော်ကျော်။ အမေက သူ မကြည် ဘူးဆိုရင် အပြစ်ပြောဖို့ပဲ ကြည့်နေ တာ၊ ကဲ . . . ငါသွားတော့မယ်။ ကိစ္စ ရှိရင် ဖုန်းဆက်လိုက်"

ပြောရင်း စနိုး ထရပ်လိုက်တော့ ကျော်ကျော်က သတိရဟန် ဖြင့် ထပ်ပြောလာသည်။

"စနိုး . . . ဒီတစ်ပတ်ထဲ club သွားဖို့ရှိသေးတယ်နော်။ လမ်း ကြောင်းရှင်းအောင် လုပ်ထားဦး"

"အေးပါ၊ ကဲ . . . ငါ သွားပြီ"

စနိုး ဆိုင်ထဲကထွက်သွားတော့မှ ကျော်ကျော်လည်း ဖုန်းထုတ် ကာခေါ်ရင်း ပြောလိုက်ပါသည်။

"အေး သက်နိုင် . . . ငါ့ဆီမှာ ရေပြည့်ပြီဟ။ မင်းအစ်ကို့ကို ပြောထားနော်။ ပစ္စည်းမှာရင် ငါလည်း ရှယ်ယာပါမယ်လို့၊ အဲဒါမှ ငါတို့ လည်း ဖောဖောသီသီသုံးလို့ရမှာ။ အေး အေး . . . ညကျတွေ့မယ်။ ယူ လာခဲ့ဦး။ ငါ့ ကတက်တွေ အလုံးနှစ်ဆယ်လောက်လိုချင်လို့တဲ့။ ဒါပဲ ဟော့ကောင်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ခုရက်ပိုင်း အနည်းငယ် ဆူဆူပူပူလုပ်နေသဖြင့် စနိုး အပြင်သိ မထွက်ဖြစ်ဘဲ အိမ်မှာ ကုတ်နေမိသည်။ အရေးတကြီးကိစ္စ ရှိလာလျှင်တော ထွက်သည်ပေါ့။

ခုလည်း ညနေစာထမင်းစားပြီး တီဗီရှေ့တွင်ထိုင်ကာ ဘယ်လို ခံစားလို့မရသည့် ကိုရီးယားဇာတ်လမ်းတွဲကို ကြည့်နေမိသည်။

ကြည့်မိသည့် ဇာတ်ဝင်ခန်းတွေကလည်း တလွဲမှတလွဲ။ အမိက အမျိုးသမီးဇာတ်ကောင်နှစ်ယောက်တွင် မင်းသမီးဖြစ်သူက ဗီလိန်မင်းသမီး ကောက်ကျစ်ယုတ်မာသမျှ လိုမ့်ခံနေရသည်။ မင်းသမီးကပဲ ဉာဏ် ရိုးအသည်လား၊ ခန္တီပါရမီနှင့် ပြည့်စုံလွန်းသည်လားတော့မသိ၊ အမြဲတမ် အခံဘက်ကချည်းဖြစ်သည်။ ပြီး ကိုရီးယားဇာတ်လမ်းတွဲတွေ၏ထုံးစံအတိုင်



www.burmeseclassic.com

www.burmeseclassic.com


ဆစ်ခုလပ်၊ မုဆိုးမတွေ၏အချစ်စစ်အတွက် လင်လုနေကြသည်ကလည်း အုံ့ညြဖွယ်ရာပင်။ ဒီလောက် အချစ်ကို တန်ဖိုးထားနေတာတောင် အိမ်ထောင်ရေး ဖောက်ပြန်နေကြသည်။ ဒါတွေကိုလည်း ထမင်းစားပျက်ခံပြီး ကြည့်နေသည့် သူတွေကလည်း ကြည့်သည်။ ဖြစ်နိုင်လျှင် ရုပ်သံလိုင်းတွေမှာ ကိုရီးယားဇာတ်လမ်းတွဲတွေအစား မြန်မာဇာတ်လမ်းတွေ ပို၍ အစားထိုးပြသင့်နေပြီထင်၏။

စနိုးလည်း ကိုယ်နှင့်မဆိုင်သည့်ကိစ္စကို လျှောက်စဉ်းစားနေမိသည်။ တကယ်တမ်းကျတော့လည်း မဆိုင်ဟူ၍ ပြောလို့ကမရ။ ကိုယ်က မြန်မာလူမျိုးဆိုတော့ မြန်မာ့ရုပ်ရှင်၊ မြန်မာအနုပညာကို အားပေးဖို့ တာဝန်ရှိကိုရှိသည်လေ။

"စနိုး အမေပြောစရာရှိလို့"

အမေ အနားရောက်လာသောကြောင့် အတွေးစတို့ ပြတ်ကာ အမေ့ကို ပြန်ကြည့်လိုက်ရင်း ...

"ပြောလေ အမေ"

အမေက စနိုးဘေးနားတွင် အရင်ဝင်ထိုင်လိုက်သည်။ ပြီးမှ ...

"သမီး အမေ့မှာ ခုတလော ရစရာရှိတဲ့ ပွဲခလေးတွေ မရသေးလို့ ငွေလှည့်ဖို့အတွက် နည်းနည်းလိုနေတယ်"

မဟုတ်ပါစေနဲ့လို့ ဆုတောင်းသော်လည်း စနိုး ဆုတောင်းကမပြည့်လိုက်ချေ။ အမေက ဆက်၍ ...

"အဲဒါ သမီးအလုပ်လုပ်တုန်းက စုထားတဲ့ငွေထဲက ရှစ်သိန်း


www.burmeseclassic.com

www.burmeseclassic.com

လောက် ခဏချေးပါလား။ ဆယ်ရက်လောက်နေရင် ပြန်ပေးမယ်လေ”

စကားအဆုံးမှာ စန္ဒီး ခေါင်းကုတ်လိုက်မိသည်။

“ခက်တော့တာပဲ အမေရယ်။ အဲဒီလောက်ပိုက်ဆံ သမီး လက်ထဲမှာမရှိဘူး အမေရဲ့”

ထိုသို့ပြောသည်ကိုပင် အမေက ဘယ်လိုထပ်ထင်ပြန်သည်မသိ။

“အခု သမီးလက်ထဲမှာမရှိမှန်းတော့ အမေသိတာပေါ့။ အမေပြောတာက သမီးဘဏ်ထဲထည့်ထားတဲ့ပိုက်ဆံကို နောက်နေ့ကျရင် ထုတ်ပေးလို့ပြောတာ”

လေပူကြီးကိုသာ မှုတ်ထုတ်မိတော့သည်။ မပြောပြလို့မဖြစ်တော့သည့်အခြေအနေမို့ စန္ဒီးလည်း ပြောရလေတော့၏။

“ဘဏ်ထဲမှာလည်း ခုလောလောဆယ်မရှိတော့ဘူး အမေ”

“ဟင် ... ညည်းပိုက်ဆံတွေက ဘယ်ရောက်သွားတာလဲ။ အဲဒီလောက် ပိုက်ဆံကို ဘာသုံးလိုက်တာလဲ စန္ဒီး ပြောစမ်း”

စန္ဒီးလည်း မျက်နှာငယ်လေးလုပ်လျက် ...

“ဟိုလေ ... ကျော်ကျော် အလုပ်ကိစ္စအတွက် အရင်းအနှီးလုပ်ဖို့ ငွေလိုနေလို့ ခဏချေးထားတယ် အမေ၊ ပြန်ရ”

စကားပင် မဆုံးလိုက်။ ဒေါ်နီနီ ဒေါသထွက်လေတော့သည်။

“ဘာပြောတယ်၊ စန္ဒီးရယ် ... ညည်းမို့လို့ အဲဒီလောက်ပိုက်ဆံကို လွယ်လွယ်ကူကူ ချေးလိုက်တယ်။ အံ့ပါတော် ... အဲလိုကောင်ကိုများ ညည်းက ရည်းစားတော်ပြီး ယုံနေသေးတယ် ဟုတ်လား။ နိုင်ငံခြားသွား


www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တော့လည်း ဘာမှပါလာတာ မဟုတ်ဘူး။ ခုလည်း ညည်းဆီက ငွေယူပြီး အလုပ်လုပ်ဦးမယ်တဲ့လား။ အဲလိုကောင်မျိုးက ညည်းဘဝကို ဘယ်လောက်အာမခံချက်ပေးနိုင်မှာမို့လို့ တွဲနေရသေးတာလဲဟင် စန်း"

စန်းလည်း စိတ်ရှုပ်လာတော့သည်။

"အမေရယ် ... အမေ ငွေလိုတာမပေးနိုင်တိုင်း ပြဿနာမရှာပါနဲ့။ ကျော်ကျော်က သူ့ပိုက်ဆံနဲ့မလောက်လို့ သမီးဆီက ခဏချေးတာပါ။ လူတစ်ယောက်ကို အဲလောက်အထင်မသေးပါနဲ့"

စန်း ဘယ်လိုပဲပြောပြော မိခင်ဖြစ်သူ ဒေါ်နီနီက လက်မခံတော့ချေ။

"ညည်း ဘယ်လိုပြောပြော အဲဒီကောင်ကို အထင်ကြီးလို့ကို မရဘူးဟေ့။ ဒီမှာစန်း ... ငါ ဗိုဒီယိုရုပ်ရှင်တွေထဲက အမေတွေလောက် ညည်းကို ဖိအားမပေးခဲ့ဘူးနော်။ ကိုယ့်ဘဝအတွက်ကိုယ်စဉ်းစားစမ်းပါ သမီးရယ်။ သမီးဘဝအတွက် ပြည့်ပြည့်ဝဝစုံထားနိုင်မယ့်သူမျိုးကိုပဲ သမီး ထက်တွဲစမ်းပါ"

စကားအဆုံးမှာတော့ စန်းလည်း စိတ်တိုလာပြီး ပြန်ပြောမိတော့သည်။

"ဒီမှာအမေ လောလောဆယ်မှာ ကျော်ကျော်က သမီးချစ်သူဆို တော့ သမီး သူ့အကြောင်းပဲ စဉ်းစားရမှာပဲ။ အမေပြောတဲ့ တင့်တောင့် တင့်တယ်ထားနိုင်တဲ့လူကို သမီးက လိုက်ရှာနေရမှာလား။ နဂိုကတည်းက အမေ့သမီးကို လာကြိုက်တဲ့သူတွေထဲမှာတောင် အဲလိုလူမျိုး မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်နိုင်တာတွေကို စိတ်ကူးမယဉ်ချင်ဘူး အမေရာ"

ဒေါ်နီနီက သူ့သမီးကိုကြည့်ကာ စိတ်ပျက်ဟန်နှင့် ခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူး စန်း။ သမီး မှားနေပြီ။ လူတစ်ယောက်ရဲ့ကံဆိုတာ ပြောလို့ရမိတာမဟုတ်ဘူး။ မမျှော်လင့်ဘဲ အခွင့်အရေးတွေ ပေးလာနိုင်တယ်။ အင်းပေါ့လေ . . . ညည်းက မကြိုဖူးသေးတော့ ဘယ်သိမှာလဲ။ အမေ တစ်ခုပဲထပ်မှာမယ်သမီး။ ကံတရားက မျက်နှာသာပေးပြီး သမီးအတွက် လမ်းဖွင့်ပေးလာရင်တော့ သမီး အဲဒီလမ်းကိုပဲ ရွေးချယ်စေချင်တယ်။ အဲဒီအခါကျရင်သာ အခွင့်အရေးကို မျက်နှာမလွှဲမိစေနဲ့"

ပြောပြီး အမေ ထထွက်သွားတော့မှ စန်းလည်း သက်ပြင်းချလိုက်ရသည်။

အမေပြောသွားသည့် ကံတရားတို့၊ အခွင့်အရေးတို့ဆိုတာကစိတ်ကူးယဉ်ဆန်လွန်းလှသည်။ သူမအတွက် ကံတရားဆိုတာက အခုဖြစ်တည်နေသည့်အနေအထားပါပဲ။ အဲဒီအနေအထားထဲတွင် သူမဘဝရှိသည်။ အနာဂတ်တွင် လက်တွဲဖို့ရည်ရွယ်ထားသည့် ကျော်ကျော် ရှိသည်။

ဘာတွေများ စိတ်ကူးယဉ်ရဦးမှာလဲ . . . ကံတရားရယ်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကျန်ခဲ့သည့် တစ်ပတ်အတွင်း ကျော်ကျော်နှင့် လုံးဝအဆက်အသွယ်မရသည်မို့ စနိုးစိတ်ထဲ စနိုးစနောင့် ဖြစ်လာရသည်။ ကျော်ကျော်သည် သူမထံမှ ပိုက်ဆံယူပြီး နောက်တစ်ရက်တွင် ခရီးထွက်မည်ဟု နှုတ်ဆက်ခဲ့သည်။ သုံးရက်အတွင်း ပြန်ရောက်မည်ဟုလည်း ပြောခဲ့၏။

သို့သော် ...

သုံးရက်အတွင်း ပြန်မရောက်သလို ကျော်ကျော်ထံမှ ဖုန်းအဆက်အသွယ်လည်းမရခဲ့ချေ။ စနိုးဘက်က ဆက်တော့လည်း ကျော်ကျော့်ဖုန်းက ပိတ်ထားသည်ဟူ၍ပဲ ဖြေနေသောကြောင့် စိတ်ထဲ တစ်မျိုးဖြစ်လာရခြင်းဖြစ်သည်။ ထပ်ပြောရလျှင် ကျော်ကျော့်အပေါ် စိတ်ပူတာရော သင်္ကာမကင်းဖြစ်ခြင်းတို့ပါ ရောပြွန်းခံစားနေရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်နေရသည်မှာလည်း အကြောင်းရှိသည်။ ကျော်ကျော်သည် ယခင် သူမနှင့် ချစ်ကြိုက်စဉ်ကလိုမဟုတ်ဘဲ နိုင်ငံခြားမှ ပြန်လာပြီး အတော်လေး ပုံစံပြောင်းသွားသည်။ သူမအပေါ် ဆက်ဆံသည်မှာလည်း ပေါ့ပျက်လာသည်ဟု စနိုး ခံစားနေရ၏။ ပြီး ... ကျော်ကျော်၏ပုံစံက တစ်ခါတလေ စိတ်တိုနေသလို တစ်ခါတစ်ခါ ကျပြန်တော့လည်း ငူငူငိုင်ငိုင်နှင့် မှုမမှန်သလို ဖြစ်နေ၏။ ဒါတွေကလည်း စနိုးစိတ်ထဲ တစ်ဖက်သတ် ထင်နေမိတာလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ...

ခုလို တစ်ပတ်လုံးလုံး အဆက်အသွယ်မလုပ်တာကတော့ ကျော်ကျော့်ဘက်က လွန်နေပြီ။ ထို့ကြောင့် ကျော်ကျော်နှင့်ပတ်သက်ဖူးသော အပေါင်းအသင်းတွေဆီ စနိုး ဖုန်းဆက်စုံစမ်းကြည့်၏။ တစ်ယောက်ထံမှ သတင်းရတော့ စနိုး အံ့ဩသွားမိသည်။ ကျော်ကျော်သည် သူမထံသို့ အဆက်အသွယ်မလုပ်သော်လည်း ရန်ကုန်တွင် ရှိနေပြီး မြို့ထဲရှိ ဆိုင်တစ်ဆိုင်မှာ ညနေတိုင်းရှိတတ်သည်ဟု သတင်းရ၏။

ဘယ်လောက်များ ဒေါသထွက်ဖို့ ကောင်းလိုက်သနည်း။ ဒါသည် သူမကို ဂရုမစိုက်ဘဲ လျစ်လျူရှုထားတာဟု စနိုးတွေးကာ ထိုဆိုင်သို့ ကျော်ကျော် ထိုင်တတ်သောအချိန်တွင် လိုက်သွားလိုက်သည်။

လိုက်သွားတော့ တွေ့ပါသည်။ စနိုး မသိ,မမြင်ဖူးသော လူနှစ်ယောက်နှင့် ထိုင်နေသည့် ကျော်ကျော်သည် သူမကိုမြင်တော့ အံ့ဩသွား၏။ မသိမသာ ပျက်သွားသောမျက်နှာကို ပြင်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စန်းပါလား၊ လာလေ၊ ဘယ်ကလှည့်ဝင်လာတာလဲ"

စန်းက မျက်နှာထားတည်တည်နှင့် ကျော်ကျော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ရင်း ...

"နင့်ဆီကိုပဲ တမင်လာတာ ကျော်ကျော်။ နင် ရန်ကုန်မှာ ရှိ ယောက်သားနဲ့ ဘာဖြစ်လို့ ငါ့ဆီကို အဆက်အသွယ်မလုပ်တာလဲ"

"ဩော် ... အေး ... အဲဒါက ဟိုလေ"

ဒီတစ်ခါတော့ သိသိသာသာ မျက်နှာပျက်ရင်း စကားတွေပင် အိုးနင်းခွက်နင်း ဖြစ်သွားသည်။ ကျော်ကျော်၏ပုံစံကိုကြည့်ကာ သူနှင့် ဆိုင်နေသည့်လူနှစ်ယောက်လည်း သဘောပေါက်သွားဟန်တူသည်။ ကျော် ကျော်ကို ခပ်တည်တည်ကြည့်ရင်း ...

"ကျော်ကျော် ... ငါတို့ မင်းကို ပိုက်ဆံအကျေပေးပြီးသားနော်။ နောက်ဖြန် ပစ္စည်းလိုချင်တယ်ကွာ။ ဒါပဲ"

"အေးပါကွ ... လမ်းကြောင်းနည်းနည်းကျပ်နေလို့ပါ။ ရတာနဲ့ ဒါ ဖုန်းဆက်လိုက်ပါ့မယ်"

"ပြီးရောလေ"

ထိုလူနှစ်ယောက် ထွက်သွားတော့မှ ကျော်ကျော်က စိတ်ရှုပ်သွားသည့်ပုံစံနှင့် ...

"ပြော စန်း ... ဘာကိစ္စလဲ"

ကျော်ကျော်၏ဆက်ဆံပုံကြောင့် အစကတည်းက တင်းနေသည့်



www.burmeseclassic.com

www.burmeseclassic.com



စန်း ထောင်းခနဲ ဒေါသထွက်သွားရသည်။

"နင် ဘယ်လိုပြောလိုက်တာလဲ ကျော်ကျော်။ ငါက နင် အဆင် အသွယ်မလုပ်လို့ လိုက်လာတာလေ။ အလုပ်လုပ်မယ်ဆိုပြီး ငါ့ဆီက ငွေတွေယူသွားပြီး အဆက်အသွယ်မလုပ်တာ ဘာသဘောလဲ"

ကျော်ကျော်က စိတ်မရှည်ဟန်ဖြင့် ကျွတ်ခနဲ စုတ်သတ်လိုက် ပြီး . . .

"စန်း အဲဒီပိုက်ဆံကိစ္စပြောဖို့ ငါ့ဆီလာတာလား"

စန်းက . . .

"ဒီမှာ ကျော်ကျော် . . . နင့်အမှားကို ငါ့အမှား လာမလုပ်နဲ့ ပိုက်ဆံကိစ္စထက် နင် ငါ့ကို အလေးမထားတာ ဘာသဘောလဲ"

ကျော်ကျော်က ခေါင်းကုတ်လိုက်ကာ . . .

"စန်းရာ ငါ စိတ်ညစ်နေတယ်။ အလုပ်ကိစ္စကလည်း နည်းနည် အဆင်မပြေဖြစ်သွားလို့ပါ။ အဲဒါကြောင့် နင့်ဆီကို ဖုန်းမဆက်ဖြစ်တာ"

စန်းက ခေါင်းခါလိုက်ရင်း . . .

"မဆိုင်ပါဘူး ကျော်ကျော်ရာ။ အလုပ်ကိစ္စ အဆင်ပြေပြေ မ ပြေ နင် ငါ့ဆီကိုတော့ အကျိုးအကြောင်း လှမ်းပြောသင့်တာပေါ့။ ခုတေ နင်က ငါ့ကို ဂရုမစိုက်တာ၊ အလေးမထားတာ"

စန်း တင်းကာ ပေါက်ပေါက်ကွဲကွဲပြောလိုက်တော့ ကျော်ကျေ မျက်နှာတစ်ချက် အမ်းသွားသည်။ ချက်ချင်းပင် မျက်နှာထားပြောင်းလာ စန်းကို စေ့စေ့ကြည့်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



“စန်း ငါ့ကိုစွနဲ့ငါ ညစ်နေတယ်လို့ ပြောပြီးသွားနော်။ နင် ငါ့ကို ...စေဖန်နဲ့။ နင့်ပိုက်ဆံတွေကို ငါ ပြန်ရှာပေးမယ် ... ဟုတ်ပြီလား။ ...ဖုံတော့ လာမနှောက်နဲ့ကွာ။ ငါ စကားများများ မပြောချင်ဘူး”

မထင်မှတ်ထားသည့် ကျော်ကျော့်တုံ့ပြန်မှုတွေကြောင့် စန်းရင်ထဲ ...ခဲ ဖြစ်သွားရသည်။ ကျော်ကျော့်မျက်ဝန်းတွေထဲအထိ ရင်ဆိုင်ကာ ...ကြည့်လိုက်ပြီး ...

“ကျော်ကျော် ... ဒါက နင့်ဆီလိုက်လာတဲ့ နင့်ရည်းစားကို ...တ်ဆံတဲ့ ဆက်ဆံရေးပေါ့ ဟုတ်လား။ ရတယ်လေ။ နင့်စကားတွေကို ...မှတ်ထားပါ။ ငါလည်း မမေ့ဘူး ကျော်ကျော် ... ဒါပဲ”

ပြောပြီး စန်းက ထွက်လာခဲ့သည်။ ကျော်ကျော် လှမ်းခေါ်သည် ...င် လှည့်မကြည့်ဖြစ်တော့။ ဆိုင်အပြင်ဘက်ရောက်သည့်တိုင် စန်း ...ခမ်းကိုက်ထားမိဆဲဖြစ်သည်။

အမေပြောခဲ့သလို ကျော်ကျော်ဟာ သူမဘဝအတွက် ဘယ်လိုမှ ...ခံမချက်ပေးနိုင်မယ့်သူ ဖြစ်နေပြီလား။

ကိုက်ထားသောနှုတ်ခမ်းက ပို၍နာကျင်လာလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထိုရက်ပိုင်းများအတွင်း အပြင်မထွက်ဖြစ်သလို ကျော်ကျော်
လည်း မဆုံဖြစ်ပါချေ။ သူမဘက်က အဆက်အသွယ်မလုပ်ဖြစ်သ
ကျော်ကျော် ဖုန်းဆက်သည်ကိုလည်း မကိုင်ဘဲထားလိုက်၏။ သူမ ဒီထ
ပို၍ စိတ်ဆိုးသင့်သည် မဟုတ်လား။

တစ်ညနေတော့ သူငယ်ချင်းမတစ်ယောက်က ဖုန်းဆက်၍ cl
သွားရန် အဖော်ညှိလေသည်။ စနိုးလည်း စိတ်ထဲ ညစ်ညစ်ဖြစ်နေသည်
ထိုသူငယ်ချင်းနှင့် club သို့အတူလိုက်သွားလိုက်သည်။ ဖြစ်ချင်တော့ cl
ထဲတွင် ကျော်ကျော်နှင့် သွားဆုံသည်။ ကျော်ကျော်က စနိုးအနားသို့လာ

"ဖုန်းဆက်တာ ဘာဖြစ်လို့မကိုင်တာလဲ စနိုး။ စိတ်ဆိုးနေတ
ပဲလား"

www.burmeseclassic.com

www.burmeseclassic.com

စန်းက ခပ်တည်တည်မျက်နှာပေးနှင့် ...

"ငါ နင်နဲ့စကားမပြောချင်သေးဘူး ကျော်ကျော်"

တစ်ကယ်လည်း စိတ်ဆိုးမပြေသေးသောကြောင့် ထိုသို့ ပြောလိုက်ခြင်းဖြစ်သည်။ ကျော်ကျော် ထပ်၍ချော့လာမည်ဟု ထင်ထားသော်လည်း ပြောလာသည့်စကားက ထင်ထားသလို မဟုတ်ချေ။

ကျော်ကျော်က မျက်နှာသေနှင့်ပင်။

"ပြီးရောလေ ... နင် စိတ်ဆိုးပြေလို့ စကားပြောချင်တဲ့အခါ ငါ့ဆီ ဖုန်းဆက်လိုက်ပေါ့"

ပြောပြီး လှည့်ထွက်သွားသဖြင့် စန်း အံ့ဩနာကျင်စွာ ကျန်ခဲ့ရသည်။ ခံပြင်းစိတ်ဖြင့် တက်တစ်ချက်ခေါက်လိုက်မိ၏။ တကယ်ဆို ကျော်ကျော့်ဘက်က ပြေရာပြေကြောင်းပြော၍ သူမကို ချော့ရမည် မဟုတ်လား။ အခုတော့ ...။

Club ထဲမှာလည်း နေချင်စိတ်မရှိတော့သည်မို့ သူငယ်ချင်းမကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့သည်။

အပြင်ရောက်တော့ taxi ငှားရန် ကားပါကင်ကိုဖြတ်၍ လျှောက်လာခဲ့သည်။ ညဆယ်နာရီခွဲလောက်ပဲရှိသေးသဖြင့် သိပ်တော့ ညဉ့်မနက်သေး။

ကားပါကင်ကို ဖြတ်လျှောက်လာချိန်မှာပဲ သူမ၏ရှေ့ဘက်တွင် အတော်ကြီးမူးနေသောကြောင့် ယိုင်ထိုးကာ လျှောက်နေသည့် လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် စန်း နှာခေါင်းရှုံ့မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒီလောက်တောင် မှူးအောင်သောက်ရတယ်လို့ပဲ။ မှူးနေသေ
လူထံမှ ကားသော့တွေ၊ ဖုန်းတွေလည်း လွတ်ကျတာ တွေ့သည်။ ကိုယ်
မဆိုင်သဖြင့် စနိုးလည်း ထိုလူအနားမှ ဖြတ်၍သာလာခဲ့၏။ သို့သော် စပ်စု
စိတ်ဖြင့် ထိုလူကို တစ်ချက်လှည့်ကြည့်မိချိန်မှာပဲ ...

"ဟင် ... ဦးထက်နောင်"

နှုတ်မှ ရေရွတ်လိုက်မိသည်။ ဒီလူနှင့် တွေ့ရပြန်လေပြီ။

စနိုးလည်း ခြေလှမ်းရပ်ကာ ထက်နောင်အနီးသို့ သွားလိုက်ပြီ

"ဦးထက်နောင်၊ ဦးထက်နောင် ... ရရဲ့လား"

ပြောရင်း စနိုးက ထက်နောင်၏လက်မောင်းတစ်ဖက်ကို တွဲကူ
ကိုင်လိုက်ပါသည်။

ထက်နောင်က စနိုးကို ရီဝေဝေပြန်ကြည့်ရင်း အံ့ဩပျော်ရွှင်သ
ပုံနှင့် ...

"ဟင် ... မင်း မင်း"

စနိုးက ခေါင်းညိတ်ပြလျက် ...

"ဟုတ်ကဲ့၊ စနိုးကို မှတ်မိတယ်မလား။ ဦးထက်နောင် တေ
တော်မှူးနေတာပဲ"

အော့ခနဲ လေတက်လိုက်ရင် ထက်နောင်က ...

"သိပ် ... သိပ်မှတ်မိတာပေါ့။ မင်းက ရွှေငါးလေး ... 

"အာ ... ဘယ်က ရွှေငါးလေးက ပါလာရတာလဲ။ အိပ် ...
ဦးထက်နောင် ဒီလောက်မူးနေတာ ဘယ်လိုပြန်မှာလဲ"


www.burmeseclassic.com

www.burmeseclassic.com


ထက်နောင်က လက်ကာပြရင်း ကားသော့ကိုပြကာ ...

"အာ ... သိပ်ရတာပေါ့။ ကားနဲ့ပြန်မှာလေ။ ဘယ်မှာလဲ ကား

..."

ပြောရင်း ကားသော့ကီးချိန်းမှ ခလုတ်ကို နှိပ်လိုက်သဖြင့် ထက်နောင်၏ကားဆီမှ အသံထွက်လာသည်။

စနိုးလည်း ထက်နောင်ကို ကားရှိရာသို့ တွဲလာခဲ့ရင်း ...

"ကဲ လာ ... ဦးထက်နောင်ကားဆီကို စနိုး လိုက်ပို့ပေးမယ်"

ကားအနီးသို့ရောက်တော့ ထက်နောင်က အတော်ကြိုးအားယူကာ ကားပေါ်တက်လိုက်ပါသည်။ ဘယ်လိုမောင်းမည်တော့မသိ။

စနိုးက ...

"ဒါနဲ့ ... ဦးထက်နောင် ကားမောင်းလို့ မဖြစ်ဘူးထင်တယ်"

"အဲဆိုလည်း မင်းလိုက်ပို့ပေးလေ၊ ပေား ပေား ပျော်တာ ကွာ"

စနိုးလည်း ကြံရာမရသည့်အဆုံး ထက်နောင်၏ဖုန်းကိုယူကာ နောက်ဆုံးခေါ်ဆိုထားသည့် ဖုန်းတစ်လုံးကို ပြန်၍ခေါ်ဆိုလိုက်ပါသည်။ တစ်ဖက်မှ ဖုန်းကိုင်ကိုင်ချင်းပဲ စနိုးက ...

"ဦးထက်နောင် မိတ်ဆွေလားမသိဘူး"

"ဟုတ်ပါတယ်၊ ဒါနဲ့ ထက်နောင်က"

"ဩော် ... ဦးထက်နောင်က (............) club က ကားပါကင်မှာပါ။ သူ့ အရမ်းမူးမြီး ကားမောင်းဖို့ အခက်အခဲဖြစ်နေလို့ အကြောင်းကြားတာရှင့်"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ... ဟုတ်ကဲ့ ဟုတ်ကဲ့၊ ခဏစောင့်ပေးပါလား။ ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

စနိုး ဖုန်းချပြီးပြန်ကြည့်လိုက်တော့ ထက်နောင်က ကားစတီယာရင်ပေါ် ခေါင်းတင်ကာ အိပ်ပျော်နေလေပြီ။ ကားထဲ ဖုန်းပြန်ထည့်ကာ ကားတံခါးကို ပိတ်ပေးလိုက်ပါ၏။

ကူညီလက်စနဲ့ စောင့်ပေးရဦးမှာပဲဟု စနိုးတွေးရင်း သက်ပြင်းဖွဖွ ချလိုက်မိပါသည်။

ခပ်လှမ်းလှမ်းတစ်နေရာမှ စိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကိုတော့ စနိုး လုံးဝသတိမထားမိခဲ့ပါ။

တချို့သော ကံတရားများသည် လူ့ဘဝဇာတ်ညွှန်းထဲတွင် အစီအစဉ်တကျ ပါဝင်ပြီးသားဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကျော်ကျော်က ဖုန်းလှမ်းဆက်၍ ဆိုင်တစ်ဆိုင်တွင် တွေ့ရန် ချိန်းသည်။ စနိုးက မလာနိုင်ဘူးဟု ပြောလိုက်သော်လည်း စနိုး မလာလျှင် အိမ်အထိလာခေါ်မည်ဟု အကျပ်ကိုင်သဖြင့် စနိုး ထွက်လာခဲ့ရ၏။

ချိန်းထားသည့်ဆိုင်ကိုရောက်တော့ စနိုးက လိုရင်းကိုပဲ ပြောလိုက်ပါသည်။

"ဘာကိစ္စတွေ့ချင်တာလဲ ကျော်ကျော်၊ ပိုက်ဆံပြန်ပေးမလို့လား"

စနိုးစကားကြောင့် ကျော်ကျော်က မခိုးမခန့်ပုံစံဖြစ်သွားရင်း . .

"နင့်ပိုက်ဆံကို ငါပြန်ပေးမှာပါ စနိုး။ နင့်မှာ ငါနဲ့ပတ်သက်ပြီး ဒီစကားပဲ ပြောစရာရှိတာလား"

ပြောလာသည့်စကားကြောင့် စနိုးလည်း ခနဲ့တည့်တည့် ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"နင်က အဲလိုပြောရအောင် နင့်ဆီမှာရော ငါနဲ့ပတ်သက်ပြီး ဘာတွေပြောစရာရှိသေးလို့လဲ"

မျက်နှာ တင်းခနဲဖြစ်သွားရင်း ကျော်ကျော်က ...

"သိပ်ရှိတာပေါ့ စနိုး။ နင်က ငါ့ချစ်သူ၊ ငါ့ရည်းစားလေ"

"ဩော် ... ဟုတ်လား"

"မခနဲ့နဲ့ စနိုး။ ငါ နင်နဲ့ရန်မဖြစ်ချင်ဘူး။ ခုလည်း ပြောစရာရှိလို့ ချိန်းလိုက်တာ"

"ဘာကိစ္စလဲ"

စိတ်လျှော့ရင်း စနိုးက မေးလိုက်သည်။ ကျော်ကျော်က စနိုးကို စေ့စေ့ကြည့်ကာ ...

"နင် ဟိုတစ်ရက်ညက club က ကားပါကင်မှာ ဘယ်သူနဲ့ တွေ့တာလဲ"

ထိုစကားကြောင့် စနိုး ကြောင်တက်တက်ဖြစ်သွားရရင်း ပြန်စဉ်းစားလိုက်ကာ ...

"ကားပါကင်မှာ ဟုတ်လား။ ငါက ဘယ်သူနဲ့တွေ့ရမှာလဲ"

ကျော်ကျော်က ဟက်ခနဲရယ်လိုက်ရင်း ...

"စနိုးရာ မြောင်ညာနေပြန်ပြီ။ နင် အဲဒီညက ဟိုဦးထက်ဇော် ဆိုတဲ့လူနဲ့ တွေ့တယ် မဟုတ်လား"

မျက်ခုံးပင့်လိုက်မိပြီးမှ စနိုး ဟက်ဟက်ပက်ပက်ရယ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com

"ဘာများလဲလို့ နင်က ငါ့ကို စွပ်စွဲနေတာလား ကျော်ကျော်"

"မေးတာပဲ ဖြေစမ်းပါ"

စန်းက ခပ်တည်တည်ပဲ ...

"အဲဒီကိစ္စက ထွေထွေထူးထူးပြောစရာလိုတာမှ မဟုတ်တာ။ ငါပြန်တော့ ဦးထက်နောင် မှူးနေတာတွေ့တာနဲ့ သူ့ကားဆီ လိုက်ပို့ပေးတယ်။ သူ့မိတ်ဆွေဆီ ဖုန်းဆက်တယ်။ ဒီလောက်ပဲလေ"

"သိပ်ဂရုစိုက်ပေးလိုက်တာပေါ့ ဟုတ်လား"

"ဘာပြောတယ် ကျော်ကျော်"

"ကြားတဲ့အတိုင်းပဲလေ၊ အဲဒီလူက ဘောစိဆိုတော့ ဂရုစိုက်ပေးလိုက်တာပေါ့လို့၊ မဟုတ်ဘူးလား"

ထိုစကားကြောင့် စန်းစိတ်ထဲ ထောင်းခနဲ ဖြစ်သွားရပြီး..

"နင် နင် ...ငါ့အပေါ် စော်ကားတာ တော်တော်များနေပြီ ကျော်ကျော်။ နင်က ချစ်သူရည်းစားဆိုပြီး ငါ့အပေါ် ဂရုမစိုက်ရုံတင် မဟုတ်ဘူး တခြားလူနဲ့ စွပ်စွဲပြီး ငါ့သိက္ခာကိုပါ စော်ကားလာပြီ။ နင် တော်တော်ပြောင်းလဲသွားတာပဲ ကျော်ကျော်"

ကျော်ကျော်က မထီတရီပြုံးကာ ပြန်ကြည့်လာရင်း ...

"ပြောင်းလဲတယ် ထင်ရင်လည်း မတတ်နိုင်ဘူး စန်း။ ငါက နင့်ချစ်သူပဲ။ နင်နဲ့ပတ်သက်လို့ ပြောစရာရှိတာ ပြောရမှာပဲ"

"လိုအပ်လို့ပြောတာဆိုရင် ငါ လက်ခံတယ်။ ဒါပေမဲ့ ...ခု နင်ပြောနေတာတွေက အရေးမှမပါတာ။ တော်ပြီဟာ ...ငါ နင်နဲ့



www.burmeseclassic.com

www.burmeseclassic.com


အဲဒီအကြောင်းတွေ ဆက်မပြောချင်တော့ဘူး။ နင်နဲ့ငါ ဒီလိုပဲဖြစ်နေမယ်ဆိုရင် မတွေ့တာကောင်းမယ်''

ပြောပြီး စန်းက ထွက်လာခဲ့သည်။ ကျော်ကျော် လှမ်းခေါ်မည်ဟုထင်ထားသော်လည်း ကျော်ကျော်ထံမှ ဘာစကားမှထွက်လာခြင်း မရှိ။

အိမ်အပြန်လမ်းတွင် ကျော်ကျော်နှင့်ပတ်သက်ပြီး စန်း သေသေချာချာ စဉ်းစားကြည့်သည်။

ကျော်ကျော်နှင့်သူမတို့နှစ်ယောက်ကြားတွင် တစ်ခုခုမှားနေတာတော့သေချာနေပြီ။ ဘာမှန်းတော့မသိ။ စန်းသိတာတစ်ခုကတော့ ကျော်ကျော် သူမကို အကြောင်းမဲ့ပြဿနာရှာချင်နေသည်ဆိုတာပဲ ဖြစ်လေသည်။

လတ်တလော သူမအပေါ် သဘောထားနေသော ကျော်ကျော်၏ စိတ်ရင်းအမှန်ကိုလည်း ကျော်ကျော်ပဲ သိပါလိမ့်မည်။

စန်း သက်ပြင်းပဲ ချွဲချွဲငင်ငင် ချလိုက်မိ၏။ ဘဝအပိုင်းအစတွေဟာ ရှုပ်ထွေးလွန်းလှချည်လား။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"စနိုးဟာ ငါ့အတွက် ရွှေငါးလေးဆိုတာ မင်းလက်ခံပြီလား ကျော်စွာ"

ခပ်ဝံ့ဝံ့ပြောလိုက်သော ထက်နောင်ကို ကြည့်ရင်း ကျော်စွာက ရယ်ကာ . . .

"ရွှေငါးလေးဆိုပါလား။ တင်စားလှချည်လား ထက်နောင်ရာ။ အေးကွ . . . အဲဒီည ငါ့ဆီဖုန်းဆက်တာ စနိုးဖြစ်လိမ့်မယ်လို့ တကယ် ထောင်ထားမိတာအမှန်ပဲ။ အဲဒီကောင်မလေးကလည်း မင်းအခက်အခဲ ဖြစ်ပြီဆိုရင် ရောက်ရောက်လာတာ တိုက်ဆိုင်လွန်းတယ်"

"ဩော် . . . ကဲ စနိုးက ငါ့အတွက် lucky fish ရွှေငါးလေးပါ ဆို"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါပြီကွာ။ အဲဒီညကလည်း မင်း သူနဲ့တွေ့တာ တော်တော် ကံကောင်းသွားတယ်။ ခုခေတ်က လုယက်တဲ့ကောင်တွေ ပေါပါဘိနဲ့။ နေစမ်းပါဦး ... မင်းက ဘာဖြစ်လို့ အဲလောက်မူးသွားတာလဲ"

ထက်နောင်က ရယ်လိုက်ရင်း ...

"မသိတော့ပါဘူးကွာ။ အဲဒီညက ညေ့ခံပွဲတစ်ခုကို အရင်သွားသေးတယ်။ အဲဒီမှာ ကိုရီးယားအရက်ဆိုလား နည်းနည်းသောက်လိုက်သေးတယ်။ Club ထဲရောက်တော့ သောက်နေကျအရက်ပဲ ထပ်သောက်တာပဲ။ နှစ်ပင်လိမ်သွားလို့လားမသိဘူး"

"မင်းကတော့ ဖြစ်ရမယ်၊ ဒါနဲ့ စနိုးနဲ့ မင်းထပ်ဆုံသေးလား ထက်နောင်"

ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်ရင်း ထက်နောင်က ...

"မတွေ့ပါဘူးကွာ၊ အမှန်အတိုင်းပြောရရင် ငါက သူနဲ့တွေ့ချင်နေတာ"

ကျော်စွာက စဉ်းစားလိုက်ရင်း ...

"အင်း ... စနိုးပုံစံကြည့်ရတာ မင်းက ဘောစိပဲဆိုပြီး ချဉ်းကပ်လာမယ့် ကောင်မလေးမျိုး မဟုတ်ဘူး ထင်ပါရဲ့"

"ဖြစ်နိုင်ပါတယ်၊ ဒီအတိုင်းဆိုရင်တော့ ငါ့ဘက်ကပဲ သူနဲ့ တွေ့ဖို့ ကြိုးစားရတော့မယ် ထင်တာပဲ"

"ပြောပါဦး ... မင်းက ဘယ်လိုစဉ်းစားထားလို့လဲ"

တကယ်တမ်း မေးလာတော့လည်း ထက်နောင်တွင် ဖြေစရာ


www.burmeseclassic.com

www.burmeseclassic.com


သားက မရှိပြန်ချေ။

ထိုအချိန်မှာ ဖုန်းမြည်လာသဖြင့် ခေါ်ဆိုလာသော နံပါတ်ကို ကြည့်လိုက်မိသည်။ သူ့မိတ်ဆွေထဲက မဟုတ်သည့်နံပါတ် အစိမ်း။ ခဏချက်စဉ်းစားလိုက်ရင်း ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

"ဟဲလို ... ဦးထက်နောင်လား. စနိုးပါ"

"ဟင်"

အံ့ဩဝမ်းသာရောနှောတ်မိရင်းက ထက်နောင် ဝမ်းသာသွားရသည်။ ချက်ချင်းပဲ ...

"စနိုး ... မင်းကိုယ့်ဆီကို တကယ်ဖုန်းဆက်တယ်နော်"

စနိုးက ခစ်ခစ်ရယ်ကာ ...

"ဆက်လို့ပဲ စနိုးအသံကြားနေရတာပေါ့။ ဒါနဲ့ ဦးထက်နောင် ခုအားလား"

"ဟင် ... ဘာဖြစ်လို့လဲ စနိုး"

"ဒီမှာ စနိုးတစ်ယောက်တည်းဖြစ်နေလို့လေ။ ဗိုင်တွေက တစ်ယောက်တည်းသောက်ရင် သိပ်မချိုဘူးလားမသိဘူး။ အဲဒါ ဦးထက်နောင် လာကူသောက်ပါလား ... ရှင့်"

ဒါလောက်ဆိုလျှင် စနိုး၏လတ်တလောအနေအထားကို ထက်နောင် နည်းနည်းရိပ်စားမိလိုက်၏။ ဒီကောင်မလေးမှာ စိတ်ညစ်စရာရှိနေတာ သေချာပြီ။ နဂိုကတည်းက စနိုးနှင့်တွေ့ချင်နေသူမို့ ချက်ချင်းပဲ ပြန်ပြောလိုက်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့ စနိုးရဲ့။ စနိုး ခု ဘယ်ဆိုင်မှာရှိနေလဲဆိုတာသာ ပြော"

"ကန်တော်ကြီးထဲက (............) ဆိုင်မှာ"

"အိုကေ ... ကိုယ် အခုပဲ ထွက်လာပြီ"

ဖုန်းချလိုက်ပြီးမှ ရှက်အမ်းအမ်းမျက်နှာပေးနှင့် ကျော်စွာကို လှမ်းကြည့်မိသည်။ ကျော်စွာက ပြုံးစိစိလုပ်ကာ ပခုံးပဲ အသာတွန့်ပြလာသေးသည်။ အညှာလွှယ်လိုက်တာဟု မှတ်ချက်မချတာပင် ကံကောင်း။

ကံကောင်းခြင်းလေးက ကိုယ့်ဆီမလာတော့ ကိုယ်ကပဲ ကံကောင်းခြင်းလေးဆီ သွားရတာပေါ့လေ။

ကိုယ်လာပြီ ရွှေငါးလေး။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

စားပွဲပေါ် ဝိုင်ပုလင်းခွံများကိုကြည့်ရင်း စနိုး အတော်ခရီးရောက်နေပြီဆိုတာ ထက်နောင် သိလိုက်သည်။ ဘာဖြစ်လို့ ခုလိုတွေ သောက်နေသဲဆိုတာတော့မသိ။

ထက်နောင်က စနိုးနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ရင်းက

"စနိုးက တကယ်ကြီးသောက်ထားတာပဲ၊ ဘာများဖြစ်လို့လဲ"

မိန်းကလေးတစ်ယောက်အနေနှင့် သာမန်အချိန်တွေမှာ ခုလိုသောက်လေ့သောက်ထ မရှိဟုထင်သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

စနိုးက ရီဝေဝေပြန်ကြည့်လာရင်း . . .

"စိတ်ညစ်လို့ပါ။ ဘာတွေညစ်နေလဲဆိုတော့ အများကြီးပဲ ထက်နောင်ရာ။ အဲ . . . ဘာသောက်မှာလဲ၊ တစ်ခုခုသောက်လေ"

www.burmeseclassic.com

www.burmeseclassic.com



ထက်နောင်က ...

"ကိုယ် ရေပဲသောက်တော့မယ်"

"အာ ... လာလာ ... ရေတော့မလုပ်နဲ့လေ၊ စနိုးက ပိုင်သောက်နေပြီး ဦးထက်နောင်က ရေသောက်တော့ ကြည့်မကောင်းပါဘူး။ ဘီယာလောက်တော့ သောက်ပါ"

"အင်း ... အဲလိုဆိုလည်း ဘီယာပဲပေါ့"

ထက်နောင်က စိတ်တာခေါ်ကာ ဘီယာမှာလိုက်သည်။ စနိုးက ထက်နောင်ကို စိုက်ကာကြည့်လာပြီး ...

"ဦးထက်နောင်က စနိုးကို ဖုန်းနံပါတ်ပေးထားလို့ ဖုန်းခေါ်လိုက်တာနော်။ ခုချိန် တစ်ယောက်တည်းနေရတာ သိပ်အဆင်မပြေလို့"

ပြုံးလိုက်ရင်း ထက်နောင်က ...

"ကိစ္စမရှိပါဘူး၊ ကိုယ်ကလည်း စနိုးဆီကဖုန်းကိုစောင့်နေတာ"

ထိုစကားကြောင့် စနိုးက မျက်ခုံးပင့်လိုက်ကာ ...

"စနိုးဆီက ဖုန်းကို မျှော်တယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ထက်နောင် ရယ်လိုက်မိသည်။ ပြီးမှ ...

"ကိုယ်လည်း တစ်ယောက်တည်းနေရတာ သိပ်အဆင်မပြေလို့ပေါ့"

စကားအဆုံးမှာ စနိုးက မျက်နှာလေးမဲ့လိုက်ပြီး ...

"မဖြစ်နိုင်တာ၊ ဦးထက်နောင်လိုလူမျိုးမှာ အဆင်မပြေစရာက ဘာများရှိမှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထက်နောင်က ...

"ရှိတာပေါ့ စနိုးရယ်။ လူတိုင်းမှာ ကိုယ့်ပင်လယ်နဲ့ကိုယ်ပဲလေ။ အတိုင်းအတာနဲ့ စနိုး စိတ်ရှုပ်စရာတွေရှိသလို ကိုယ့်မှာလည်း ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ရှိတာပေါ့။ ကိုယ်မှ မဟုတ်ဘူး၊ လူတိုင်းမှာရှိမှာပဲ။ စနိုး ဘာကြောင့်စိတ်ညစ်နေတယ်ဆိုတာ ပြောလို့ရမလား"

စနိုး မျက်နှာလေးက တည်သွားသည်။ ချက်ချင်း စကားပြန်ပြောလာသေးဘဲ ခဏငြိမ်သက်နေပြီးမှ ...

"ညစ်တာတွေကတော့ ညစ်နေတာပဲ။ အကြမ်းဖျင်းပြောရရင်တော့ စနိုးအမေနဲ့လည်း အိမ်မှာ သိပ်အဆင်မပြေဘူး။ စနိုးရည်းစားကျော်ကျော်နဲ့လည်း တကျက်ကျက်ပဲ"

ထိုစကားကြောင့် ထက်နောင်က မသိမသာ မျက်မှောင်ကြုတ်မိသွားတာ ...

"စနိုးမှာ ရည်းစားရှိတယ်ပေါ့"

စနိုးက တဟင်းဟင်းရယ်လိုက်ပြီး ...

"ဒီအရွယ်ရောက်မှတော့ ရှိပြီပေါ့ ဦးထက်နောင်ရယ်။ အဲဒီလူကြောင့်ပဲ အမေနဲ့စနိုး ခဏခဏ စကားများနေရတာ"

"ဟင် ... ဘယ်လိုဖြစ်လို့လဲ စနိုး။ ကိုယ်သိခွင့်ရှိမလား"

စနိုးက သက်ပြင်းချလိုက်ကာ ...

"ဖြစ်တတ်တဲ့ကိစ္စမျိုးတွေပါပဲ ဦးထက်နောင်ရာ။ ကျော်ကျော်က ရည်းစားဖြစ်ပြီး သိပ်မကြာဘူး၊ နိုင်ငံခြားမှာ သွားအလုပ်လုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတော့လည်း ဘာမှ စုမိဆောင်းမိ ဖြစ်မလာဘူးလေ။ အဲကတည်း
အမေက သိပ်မကြည်တော့တာ။ ကျော်ကျော်လို့လူမျိုးက စနိုးဘဝအတွ
အာမခံချက်မပေးနိုင်ဘူးလို့ သူ ထင်သွားတယ်။ ဒီကြားထဲမှာလည်
ကျော်ကျော်က ဘာမှပြောင်းလဲမလာဘူး။ ပိုဆိုးသွားတာက စနိုးစုထား
ငွေတွေကို ကျော်ကျော်က အလုပ်လုပ်မယ်ဆိုပြီး ထပ်ယူသွားတာကို အ
သိသွားတယ်။ အဲမှာ ပိုဆိုးတော့တာ"

စနိုးက စကားဖြတ်ထားလိုက်သဖြင့် ထက်နောင် ဝင်ပြောလိုက်
သည်။

"အင်းပေါ့လေ ... မိဘနေရာကကြည့်ရင်လည်း စနိုးအမေ
စနိုးအတွက် စိတ်ပူမိမှာပဲ"

ထောက်ခံသည့်ပုံစံနှင့် စနိုးက အလိုက်သင့် ခေါင်းညိတ်လိုက်
"ဟုတ်ပါတယ်လေ၊ အမေ့ကိုလည်း လွန်တယ်လို့ မထင်ပါဘူ
ဒါပေမဲ့ ... ခက်နေတာက ကျော်ကျော်ပဲ။ ကျော်ကျော့်ပုံစံကိုက ဘဝ
ပေါ့ပေါ့တန်တန် သဘောထားနေတာ။ စနိုးတို့နှစ်ယောက်ရဲ့ရှေ့ရေးအတွ
ဆိုပြီး အားစိုက်ကြိုးစားတာမျိုး ရှိမလာတာပိုဆိုးတယ်"

"ဒီတော့ စနိုးလည်း စိတ်ပူလာတာပေါ့ ဟုတ်လား"

ခပ်ဖြည်းဖြည်း ခေါင်းခါရင်း စနိုးက ...

"စိတ်ပူတယ်ရယ်မဟုတ်ဘူး ဦးထက်နောင်။ စနိုးက ကျော်ကျေ
ဆိုးသမျှ ငြိမ်ခံပြီး သူ့အပေါ် ဖက်တွယ်နေမယ့် မိန်းမမျိုးတော့ မဟုတ်ဘူ
ဖြစ်နိုင်ရင်တော့ သူနဲ့ပဲ အဆင်ပြေပြေဘဝကို ရှေ့ဆက်ချင်တာ။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သင့်ထားတဲ့ အနာဂတ်ကတော့ ဝါးတားတား ဖြစ်လာပြီလေ။ စနိုးလည်း ကျော်ကျော့်ကို ထိုက်သင့်သလောက် ပြောပြီးပြီ။ ဒီထက်ပိုဆိုးလာရင် ဖြတ်ကြီးတော့မယ်"

စကားအဆုံးမှာ ထက်နောင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ ပြီးမှ ...

"အေးအေးဆေးဆေး စဉ်းစားဦးပေါ့ စနိုး။ စနိုးဖြစ်ချင်တာတွေကိုလည်း ကျော်ကျော့်ကို နားဝင်အောင်ပြောပြလေ။ အဲဒီတော့မှ စနိုးချစ်သင့်ထားသလို ဖြစ်မလာရင်လည်း စနိုး သဘောအတိုင်း လုပ်တော့ပေါ့။ ဟုတ်ဘူးလား"

စနိုးက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ စနိုးလည်း တတ်နိုင်သလောက်တော့ ကျော်ကျော်နဲ့ ညှိကြည့်ပါဦးမယ်။ ဒါပေမဲ့ သိပ်တော့ ကောင်းလာမယ် မထင်မိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျော်ကျော်ကိုယ်တိုင်က စနိုးအပေါ် ပြောင်းလဲလာတာ စနိုး သိနေလို့ပဲ"

ဒီတစ်ခါတော့ သူများရည်းစားကြားထဲ ထက်နောင် မှတ်ချက်မပေးလိုက်တော့ချေ။ စနိုးက ပြောနေရင်း ထက်နောင်ကို အားနာသွားဟန်နှင့် ...

"ဆောရီးနော် ... စနိုးလည်း ဦးထက်နောင်ကို လှမ်းခေါ်ပြီး စိတ်ညစ်စရာတွေ ပြောနေမိပြီထင်တယ်"

ထက်နောင်က လက်ကာပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါတယ် စနိုးရဲ့ ကိုယ်လည်း စနိုးပြောတာကို နား
ထောင်ဖို့ပဲ လာတာလေ။ ပြောချင်တာပြော ရတယ်။ ပြီးရင် ဘာလုပ်ချင်
သေးလဲ။ ကိုယ်ဖြစ်အောင် စီစဉ်ပေးမယ်"

"အံမယ် ... သဘောကောင်းလှချည်လား"

ထက်နောင်က ပြုံးကာ ခေါင်းညိတ်လိုက်ပြီး ...

"စနိုးလည်း ကိုယ့်အခက်အခဲဖြစ်တိုင်း ရောက်ရောက်လာပြီး
ကူညီခဲ့သေးတာပဲ။ ဒီလောက်တော့ ပြန်လုပ်ပေးရမှာပေါ့"

စနိုး ...

"တိုက်ဆိုင်လို့ ကူညီခွင့်ရတာပါ ဦးထက်နောင်ရာ။ တကူး
တကကြီး မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပါ၊ စနိုးက ကိုယ့်အတွက် lucky fish ပဲ"

ထက်နောင်အပြောကြောင့် စနိုး လွင်လွင်လေး ရယ်ပါတော့သည်။
ထိုအချိန်မှာပဲ ဖုန်းမြည်လာပြန်သဖြင့် ထက်နောင် ဖွင့်ကိုင်လိုက်၏။ မကြာ
ခဏဆိုသလို စိတ်ပါလျှင် လောင်းတတ်သောကြောင့် ဘောလုံးပွဲဒိုင်က
ဆက်လာခြင်းဖြစ်သည်။

"ကိုထက်နောင် ... ဒီည ရီးရဲ ဘာကာရှိတယ် တင်ဦးမလား"

ထက်နောင်က ဘာစီလိုနာအသင်း ပရိသတ်ဖြစ်သည့်အပြင်
စိတ်ပါလျှင် ကြေးကြီးကြီးလောင်းတတ်သောကြောင့် လှမ်းမေးခြင်း ဖြစ်၏။

"ကြေး ဘယ်လိုပေးတာလဲဗျ"

"ရီးရဲကွင်းဆိုတော့ လယ်ဘယ်ကိုးဆယ်အခံပေးထားတယ်



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို"

ဘာစီလိုနာဘက်မှ လောင်းလိုက်ဖို့ စဉ်းစားလိုက်ပြီးမှ စနိုးကို ကြည့်ကာ သတိရသွားသဖြင့် ...

"ခဏလေးနော် ညီလေး ... ကိုယ် ပြန်ဆက်ပေးမယ်"

ထက်နောင်က ဖုန်းချလိုက်ပြီး ဖုန်းထဲမှ ဘောလုံးပွဲကိုးရလဒ် ကြည့်သော အပလီကေးရှင်းကို ဖွင့်လိုက်သည်။ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာ အသင်းတို့ ကန်မည့်အချိန်ဇယားကွက်ကို ရှာလိုက်ပြီး စနိုးကို လှမ်းပြကာ

"စနိုး ဒီမှာကြည့် ... ဒီဘောလုံးအသင်းနှစ်သင်းကန်ရင် ဘယ် အသင်း နိုင်မယ်ထင်လဲ"

စနိုးပုံစံက ကြောင်တက်တက်ဖြစ်သွားသည်။ ချက်ချင်းပင် ခေါင်းခါ လိုက်ရင်း ...

"အာ ... ဘောလုံးပွဲအကြောင်း စနိုးမှ နားမလည်တာ၊ မပြော တတ်ဘူး"

ထက်နောင်က ခေါင်းကုတ်လိုက်ရင်း ...

"အဲဆိုရင် ကိုယ်ပြောမယ်။ ဒီဘက်ကအသင်းမှာ ကမ္ဘာကျော် ဘောလုံးသမား ရိုနယ်ဒိုလ် ပါတယ်။ ဒီဘက်မှာဆိုရင်လည်း မက်ဆီဆိုတာ ပါတယ်။ သူလည်း ကမ္ဘာကျော်ပဲ"

ထိုသို့ပြောလိုက်တော့ စနိုးက ချက်ချင်းပဲ ...

"ရိုနယ်ဒိုတော့ သိတယ်။ သူက အရမ်းတော်တယ်ဆို၊ ရုပ်လည်း အရမ်းဖြောင့်တယ်လေ။ သူပါတဲ့အသင်းနိုင်မယ်ထင်တာပဲ။ အသင်း"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရှက်ဟန်လေးနှင့် ရယ်လိုက်သေးသည်။ ထက်နောင်လည်း စနိုးအပြောကြောင့် ဘာစီလိုနာဘက်မှ လောင်းမည်ဆိုသောအတွေးကို မျက်စိမှိတ်ကာ ဖယ်လိုက်ရင်း ဘောလုံးပွဲဒိုင်ဆီ ဖုန်းပြန်ဆက်လိုက်ပါသည်။

"အေး ညီလေး ... ရီးရဲနှစ်သောင်းကွာ။ အေး ... သေချာပါတယ်။ မင်းတို့ပြောတဲ့နှစ်သောင်းပဲ"

ဖုန်းချလိုက်တော့ စနိုးက လှမ်းကြည့်ကာ ...

"ဦးထက်နောင်ရှုံးရင်တော့ စနိုးကို အပြစ်မတင်နဲ့နော်။ အင်းလေ ရှုံးလည်း ကိစ္စမရှိပါဘူး။ နှစ်သောင်းလောက်တော့ စနိုး ပြန်ပေးနိုင်ပါတယ်"

ထိုစကားကြောင့် ထက်နောင် ကြိတ်ကာပြုံးလိုက်မိပြီး ...

"ရပါတယ်ကွာ၊ ရှုံးလည်း ကိစ္စမရှိပါဘူး။ ကိုယ်က စနိုးဟာ ကိုယ့်အတွက် lucky ဖြစ်မလားလို့ ထပ်စမ်းကြည့်တာ"

ချက်ချင်းဆိုသလို စနိုးက မျက်စောင်းလေးထိုးလာပြီး...

"ဦးထက်နောင်ကလည်း လုပ်တော့မယ်။ စနိုးကို အဲလိုကြီး မသတ်မှတ်ထားပါနဲ့"

"ဘာဖြစ်လို့လဲ"

"တာဝန်ကြီးလို့"

ပြောရင်း စနိုးက ရယ်လိုက်သောကြောင့် ထက်နောင်လည်း လိုက်ကာ ရယ်လိုက်မိသည်။ အရယ်ရပ်တော့ စနိုးက ကျေးဇူးတင်ဟန်လေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com


ကြည့်လာရင်း ...

"ဒီနေ့ စနိုးဆီလာပေးတာ ကျေးဇူးတင်ပါနော် ဦးထက်နောင်"

ထက်နောင်က ...

"ရပါတယ်ကွာ၊ နောက်လည်း ပြောစရာရှိရင် ဖုန်းဆက်လိုက်သေး အဲ ... စနိုးရဲ့ဖုန်းနံပါတ်လေးလည်း ကိုယ့်ကို ပြန်ပေးထားလို့ ရမလား"

စနိုးက ဘာမှပြန်မပြောသေးဘဲ စူးစမ်းသလိုလေး ပြန်ကြည့်သည်။ ထက်နောင်က စိတ်ထဲတွင်ရှိနေသည့်အတိုင်းပဲ ထပ်ပြောလိုက်ပါသည်။

"ကိုယ်လည်း မွန်းကျပ်တာတွေရှိလာရင် စနိုးကို ပြောပြချင်လို့ပါ ခင်ဗျာရင်ပေါ့"

အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ စနိုးမျက်နှာလေးက ပြုံးလာင်သန်းလာသည်။ ထို့နောက်မှာတော့ စားပွဲပေါ်တွင်ရှိနေသည့် ထက်နောင်၏ဖုန်းကိုယူကာ ဂဏန်းတချို့နှိပ်ရင်း ဖုန်းခေါ်ဆိုလိုက်ပါသည်။ ထိုင်ခုံတွင်ချိတ်ထားသည့် စနိုး၏ကျောပိုးအိတ်ထဲမှ ဖုန်းမြည်သံ ထွက်လာလျှင်ပဲ စနိုးက ဖုန်းချလိုက်ကာ ထက်နောင်ဆီ ပြန်ပေးလိုက်ရင်း ...

"အဲဒါ စနိုးရဲ့ဖုန်းပဲ ဦးထက်နောင်"

ထက်နောင်က ဖုန်းကို လှမ်းယူလိုက်ရင်း စနိုး၏ဖုန်းနံပါတ်ကို Lucky fish ဟုမှတ်လိုက်ပါသည်။ ဖုန်းခေါ်လို့ ရတယ်မလားဟု ထင်နေတော့ချေ။


www.burmeseclassic.com

www.burmeseclassic.com

တချို့သောစကားလုံးများသည် ပြောစရာမလိုအောင်ပင် အဓိပ္ပာ
တွေ ပျော်ဝင်နေပြီးသားဖြစ်ပါသည်။ ထို့ကြောင့် လိုအပ်သည့်စကားကို
ထက်နှောင် ပြောလိုက်ပါ၏။

"ကျေးဇူးတင်ပါတယ် စနိုး"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ယခုတစ်ပတ်အတွင်း မရိုးနိုင်သော နံနက်ချိန်ခါတေးသံသာအဖြစ် ကျော်ကျော်နှင့်ပတ်သက်ပြီး အမေက ဆူပွက်ပြောဆိုနေပြန်သည်။ ထုံးစံအတိုင်း ကျော်ကျော်ကို ငွေပေးထားသည့်ကိစ္စ ဖြစ်၏။

"ညည်းရည်းစားလိုကောင်မျိုးကိုမှ ရှိစုမဲ့စုငွေကို သွားချေးရ ထယ်လို့အေ။ ညည်းပိုက်ဆံတော့ ပြန်ရဖို့လမ်း မမြင်ဘူး"

စိတ်ညစ်နေရသည့်ကြားထဲ ဖိအားလာပေးနေသလို ခံစားလာရ သဖြင့် စနိုးလည်း ပြန်ပြောလိုက်မိ၏။

"အမေရယ် . . . တစ်ရက်တစ်ရက် ဒီအကြောင်းပဲ အပ်ကြောင်း ထပ်နေတော့တာပဲ။ သူပြန်ပေးတဲ့အခါ အမေ့ကိုပေးပါ့မယ်"

ပြေရာပြေကြောင်းပြောလိုက်ပြန်တော့လည်း အမေက မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့ကာရွဲ့ကာလုပ်၍ . . .

"ငါတော့ မထင်ပါဘူးအေ၊ ငါကလည်း ငွေလိုလို့သာ ညည်းဆီက

တောင်းရတာပါ"

စနိုးလည်း ခေါင်းကုတ်လိုက်မိပြီး . . .

"အဲဒီလောက်တောင် ဖြစ်နေရင်လည်း သမီးအမြန်ဆုံး ပြန်တောင်

ပေးပါ့မယ်။ ပြီးတော့ . . . သမီး အလုပ်ပြန်လုပ်မယ်။ အမေ ညည်းမနေ

တော့"

ထိုသို့ပြောလိုက်တော့မှ အမေ့မျက်နှာက အနည်းငယ်ပျော့ပျောင်း

သွားကာ . . .

"အင်း . . . ညည်းအလုပ်ပြန်လုပ်ရင်တော့ မဆိုးလောက်ပါဘူး

ခုနောက်ပိုင်း ပွဲစားအလုပ်ကလည်း သိပ်အဆင်မပြေဘူးလေ။ အကြွေး

တောင် တင်ချင်နေပြီ"

စနိုးလည်း သက်ပြင်းသာချမိတော့၏။ ဒီအတိုင်းဆိုလျှင်တော့

အလုပ်တစ်ခု အမြန်ရှာဖို့လိုလာပြီလေ။ ကျော်ကျော်နှင့်ပတ်သက်ပြီး မျှော်

လင့်ထားခဲ့တာတွေကလည်း တဖြည်းဖြည်း မှုန်ဝါးလာသည်မဟုတ်လား

အမေနှင့် စကားပြတ်သွားသဖြင့် စနိုး ငြိမ်သက်ကာ စဉ်းစားနေချိန်မှာ

အိမ်ရှေ့တွင် ကားတစ်စီးလာရပ်သည်ကို လှမ်းတွေ့လိုက်ရသည်။

"ညီ့သည် ထင်တယ်၊ တိုက်ခန်း ဝယ်လက်တွေ များ

မသိဘူး"

အမေက သူ့အလုပ်ကိစ္စအတွက်လာသည်ထင်ပြီး အိမ်ရှေ့ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



အမြန်ထထွက်သွားသည်။

သို့သော် . . .

အိမ်ပေါ်သို့အမေနှင့်အတူ တက်လာသူကို မြင်လိုက်ရတော့မှ စနိုး ပြုံးပြီး ပျာယာခတ်သွားရလေသည်။

"ဟင် . . . ဦးထက်နောင်ပါလား၊ ဘယ်ကနေ ဘယ်လို စနိုးဆီ"

ထက်နောင်က ပြုံးကာ လက်ကာပြရင်း . . .

"ဒီလိုပဲ စနိုးဆီလာခဲ့တာပါ၊ ကိစ္စလေးရှိလို့လေ"

"ကိစ္စ . . . ဟုတ်လား"

နားမလည်ဟန်ဖြင့် စနိုးက ပြန်မေးလိုက်သည်။ ခုချိန်ထိ ထက်နောင်က အိမ်ပေါ်မှာ မတ်တတ်ရပ်နေသေးသဖြင့် ဒေါ်နီနီက အားနာသွားသောပုံစံဖြင့် . . .

"ဟဲ့ သမီး . . ဧည့်သည်ကို နေရာထိုင်ခင်းမပေးဘဲ ဘာတွေ အရင်မေးနေတာလဲ"

"အဲ . . . ဟုတ်သားပဲ။ ဦးထက်နောင် ထိုင်ပါရှင့်"

စနိုးက ထိုင်ခုံကို ညွှန်ပြရင်း ထိုင်ခုံရှေ့မှ စားပွဲကိုလည်း သပ်ရပ်အောင် ရှင်းလင်းလိုက်ပါသည်။ ထက်နောင်က ဝင်ထိုင်ကာ တစ်အိမ်လုံးကို သိမသာ အကဲခတ်လိုက်သည်။

စနိုးက . . .

"ဦးထက်နောင် . . . ဒါ စနိုးအမေလေ၊ ဒေါ်နီနီတဲ့။ အမေက တော့ ဒီရပ်ကွက်ထဲမှာ ပွဲစားအလုပ်လုပ်တယ်။ အမေ . . . ဒါက သမီး



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ ဦးထက်နောင်"

ဒေါ်နီနီက ပွဲစားဆိုသည့်အတိုင်း အကင်းပါးလွန်းသည်။ ထက်နောင်၏အနေအထားကိုလည်း သဘောပေါက်လိုက်သည်မို့ ရင်းရင်းနှီးနှီး ပုံစံဖြင့် ...

"အေးပါကွယ် ... တွေ့ရတာ ဝမ်းသာပါတယ် မောင်ထက်နောင်ရေ။ စနိုးကိုလည်း ညီမလေးတစ်ယောက်လို ဆုံးမပါကွယ်။ အန်တီ အပ်ပါတယ်"

ထိုစကားကြောင့် ထက်နောင်က ရယ်လိုက်ရင်း ...

"ဟုတ်ကဲ့ပါ အန်တီ။ စနိုးက လိမ္မာပြီးသားပါ။ အထူးတလည် ဆုံးမစရာမရှိပါဘူး"

"ဒါနဲ့ မောင်ထက်နောင် ဘာသောက်မလဲ။ အပူလား, အအေးလား အန်တီ စီစဉ်လိုက်မယ်"

ထက်နောင်က ချက်ချင်းပဲ လက်ကာပြကာ ...

"တော်ပါပြီ အန်တီ။ မသောက်တော့ပါဘူး။ ခုတောင် စနိုးကို မနက်စာကျွေးရင်း အလုပ်ကိစ္စလေးတစ်ခု တိုင်ပင်ချင်လို့ လာခေါ်တာပါ။ အန်တီခွင့်ပြုရင် ခေါ်သွားပါရစေ"

အလုပ်ကိစ္စဆိုသောကြောင့် စနိုး ကြောင်သွားသည်။ သူမနှင့် ထက်နောင်ကြားမှာ အလုပ်ကိစ္စပြောစရာမှ မရှိဘဲ။ ဘာကိစ္စဆိုသည်ကို ပြန်မေးရန် ဟန်ပြင်လိုက်သော်လည်း အမေက စကားဦးသွားသည်။

"အေး အေး ... ခေါ်သွားလေ မောင်ထက်နောင်။ ဟဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com


...အပြင်သွားမယ်ဆို ပြင်ဆင်လိုက်ဦး"

စနိုးလည်း ဘာမှပြန်မပြောမနေတော့ဘဲ အိမ်ထဲဝင်ကာ အဝတ်အစားလဲပြီး အနည်းငယ်ပြင်ဆင်လိုက်သည်။ အိမ်ရှေ့ဆီမှ ထက်နောင်နှင့် အမေတို့၏စကားပြောသံတွေကိုလည်း ကြားနေရ၏။ အမေက ထက်နောင်၏အလုပ်နှင့် ကိုယ်ရေးကိုယ်တာတွေကို စပ်စုနေခြင်းဖြစ်သည်။

အိမ်ရှေ့ဧည့်ခန်းဆီ ပြန်ထွက်လာတော့ ထက်နောင်က စနိုးကို တစ်ချက်လှမ်းကြည့်ကာ ထရပ်လိုက်ပြီး အမေ့ဘက်သို့လှည့်၍ ...

"ခွင့်ပြုပါဦး အန်တီ၊ ကျွန်တော် စနိုးကို ပြန်လိုက်ပို့ပေးမှာပါ။ အဝေးလည်း မကြာပါဘူး"

"အေးပါကွယ် ... ရပါတယ် ... သွား သွား"

ထို့နောက်မှာတော့ စနိုးလည်း ထက်နောင်၏ကားနှင့်ပါလာခဲ့လေသည်။ ကားပေါ်မှာ စနိုးက အရင်မေးလိုက်ပါ၏။

BURMESE CLASSIC

"ဘယ်သွားမလို့လဲ ဦးထက်နောင်။ ပြီးတော့ အလုပ်ကိစ္စဆိုတာ ဘာလဲ။ စနိုး မရှင်းလို့"

ထက်နောင်က ပြုံးလိုက်သည်။

"အင်း .. အလုပ်ကိစ္စကတော့ ဆိုင်ရောက်မှ စားရင်းသောက်ရင်း ပြောကြတာပေါ့။ အရင်ဆုံး စနိုးကို ကျေးဇူးတင်စကား အရင် ပြောရမယ်"

"ဟင် ... ဘာအတွက်လဲ"

"ဒီလိုလေ ... ဟိုတစ်ခါတုန်းက စနိုးရွေးပေးတဲ့ ဘောလုံးအသင်းတစ်က ကိုယ်လောင်းလိုက်တယ်လေ။ အဲဒါ နိုင်သွားတယ်။ ကောင်းဆို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က တစ်ဖက်အသင်းက လောင်းမယ်ဆိုပြီး စဉ်းစားထားတာ"

ထိုစကားကြောင့် စနိုးက မျက်ခုံးပင့်လိုက်ရင်း ...

"ဩော် ... ဘာများလဲလို့ ဘောလုံးပွဲလေးနိုင်တာများ ဦးထက်နောင်ရယ်၊ အဲဒီတုန်းက ဘယ်လောက် ... အဲ နှစ်သောင်းနော်။ အဲ ပိုက်ဆံနှစ်သောင်းက ဦးထက်နောင်အတွက် ဘယ်လောက်များ တန်ဖိုးရှိလို့လဲ"

ထက်နောင်က ဟက်ဟက်ပက်ပက် ထပ်ကာရယ်လိုက်သည်။

"ဟုတ်တော့ ဟုတ်ပါတယ် စနိုးရဲ့၊ ဒါပေမဲ့ အဲလိုလောင်းတဲ့နေရာမှာ အခေါ်အဝေါ်လေးတွေ ရှိတယ်။ ဘောလုံးပွဲလောင်းတဲ့အခါ မြန်မာငွေ တစ်သောင်းကို တစ်ရာလို့ သုံးနှုန်းကြတာလေ"

BURMESE CLASSIC

ထိုစကားကြောင့် စနိုး မျက်လုံးဝိုင်းသွားရရင်း ...

"ဟင် ... အဲဒါဆို ဦးထက်နောင်ရဲ့နှစ်သောင်းဆိုတာက သိန်းနှစ်ဆယ်ပေါ့ ဟုတ်လား"

ထက်နောင်က ပခုံးတွန့်လိုက်ကာ ...

"အင်း ... အဲလိုပြောလည်း ရပါတယ်။ အဲဒါဆိုရင် စနိုး ကျေးဇူးတင်လို့ရပြီလား"

စနိုးက တုန်လှုပ်သွားသောအမူအရာနှင့် ...

"အမယ်လေး ... စနိုးပြောလိုက်တဲ့ စကားအပေါ် အဲလောက် ငွေကြေးနဲ့လောင်းမယ် မထင်လိုက်မိလို့ပါ။ အဲဒီကတည်းက သိခဲ့ရင် မပြောရဲပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြော် စန္နီးရယ် ... ကိုယ်ကတော့ စန္နီးဟာ ကိုယ့်အတွက် ဘာတ်ကီးကောင်းတယ်ဆိုတာ ယုံပြီးသား။ အဲဒါကြောင့်လည်း လောင်း ထိုက်တာပေါ့။ အဲဒီကံတရားကိုတော့ စန္နီးရောကိုယ်ပါ ပြောင်းလဲလို့ ရောဘူးလေ၊ မဟုတ်ဘူးလား"

စန္နီးလည်း စောဒကတက်မနေတော့ဘဲ ငြိမ်နေလိုက်သည်။ ထို စီစွ မုန်သည်မှားသည်ဆိုတာထက် ထက်နောင်၏ယုံကြည်မှုတစ်ခုကို စော်ကားချင်ပါ။ သို့သော်လည်း ထက်နောင်နှင့်သူမ တဖြည်းဖြည်း တိသက်နီးကပ်လာမှုကိုတော့ အံ့ဩနေမိ၏။ ဒါလည်းပဲ ကံတရားတစ်ခုပဲ သား။ သူမ မသိချေ။

စားသောက်ဆိုင်ရောက်တော့လည်း စားသောက်ရင်း ထက် နောင်က ပြောလာသည်။

"အိမ်မှာတုန်းက စန္နီးအမေပြောတယ်။ စန္နီး အလုပ်လုပ်တော့ မယ်ဆို ဘယ်မှာလဲ"

စန္နီးက ခေါင်းညိတ်ရင်း ...

"ဟုတ်တယ် ဦးထက်နောင်၊ အိမ်မှာ ပိုအဆင်ပြေအောင် အလုပ် ရှာလုပ်မလို့ပါ။ ဘယ်မှာဆိုတာတော့ မသိသေးဘူး။ အလုပ်က ရှာရဦးမှာ"

စကားအဆုံးမှာပဲ ထက်နောင်က ဝမ်းသာသွားပုံနှင့် ...

"အဲဒါဆိုရင်တော့ အတော်ပဲ။ စန္နီး အလုပ်လိုက်ရှာမနေနဲ့တော့ ကိုယ့်ဆီမှာပဲ အလုပ်လုပ်ပေးပါလား"

ထိုစကားကြောင့် စန္နီး မျက်နှာလေးတည်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးထက်နောင်က စန်းကို အတည်ပြောနေတာလား။ စန်းက ဦးထက်နောင်ကုမ္ပဏီမှာ ဘယ်လိုအလုပ်မျိုး လုပ်ရမှာလဲ"

ထက်နောင်က တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"အင်း ... စန်းက ကိုယ့်အတွက် lucky ကောင်းတယ်ဆိုတော့ အဲ ... ကိုယ့်ရဲ့အကြံပေးလုပ်ပေးလေ၊ ဖြစ်တယ်မလား"

စန်းက ...

"အကြံပေးဆိုတာဟာ ဘယ်လိုအလုပ်မျိုးမှန်းမသိပေမယ့် အလု တစ်ခုအနေနဲ့ စန်း စိတ်ဝင်စားပါတယ်။ စန်း အမေနဲ့ တိုင်ပင်ပြီး အမြန်ဆ အကြောင်းပြန်ပါ့မယ်"

BURMESE CLASSIC

"အိုကေ စန်း၊ အဲဒါဆိုရင်တော့ စန်း ကိုယ့်ဆီရောက်လာ သေချာသလောက်ပဲ"

"ရှင်"

"ဩော် ... စန်းအမေကလည်း ခုနက စန်းအတွက် အလုပ်ကိ ပြောလိုက်လို့ပါ။ အဲ ... တစ်ခုတော့ ကြိုမှာထားရဦးမယ်"

"ဘာများလဲ မသိဘူး"

ဒီတစ်ခါတော့ ထက်နောင်က စန်းမျက်နှာကို စေ့စေ့ကြည့်က ပြောလိုက်ပါသည်။

"စန်း ကိုယ့်ဆီရောက်လာရင်တော့ ဦးထက်နောင်ဆိုတဲ့ အသ အနွန်းကို အရင်ပြင်ပေးဖို့ ခုကတည်းက ကြိုပြီးတောင်းဆိုထားပါရစေ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ချိန်းဆိုစဉ်ကတည်းကတွေ့လျှင် စကားပြောလို့ အဆင်ပြေပါ့မလားဟု စနိုးစိတ်ထဲ ထင့်နေမိသည်။ တစ်ကယ်တမ်းနှစ်ယောက်သား ဆုံတော့လည်း ထင်ထားသည့်အတိုင်း။

"စနိုး ငါ့အလုပ်ကိစ္စက အဆင်မပြေသေးဘူးကွာ။ မင်းပိုက်ဆံကို အစောင့်ပေးလို့ရတယ်မလား"

"ရပါတယ်၊ အမေတော့ အဲကိစ္စသိသွားလို့ မေးနေသေးတယ်"

စနိုး၏စကားကို ကျော်ကျော်က သိပ်အရေးထားပုံမရှိဘဲ -

"ပိုက်ဆံကတော့ ခဏမြုပ်နေသေးတဲ့သဘောပါ။ မင်းဆီက ဘယ်ပုံးလောက် ထပ်ရနိုင်မလား စနိုး"

ဒီတစ်ခါတော့ စနိုး ပြတ်ပြတ်သားသားပဲ ခေါင်းခါလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး ကျော်ကျော်၊ ခုတောင် အမေက ပိုက်ဆံလိုလို့ မေးနေပါတယ်ဆိုမှ၊ နားငြီးလွန်းလို့ ငါတောင် ကုမ္ပဏီတစ်ခုမှာ အလုပ်ဖြ လုပ်ဖို့ စဉ်းစားနေတာ"

ကျော်ကျော်က စိတ်ရှုပ်သွားဟန်ဖြင့် ...

"နင်ကလည်း လုပ်ပြန်ပြီ၊ ဒီခေတ်မှာ ကုမ္ပဏီအလုပ် ဝင်လုပ်လို့ ဘယ်လောက်ရမှာလဲဟ။ ငါ့အလုပ်က အဆင်ပြေလာမှာပါ။ ခဏစော ကြည့်ပါလား"

"မသေချာတဲ့ကိစ္စတစ်ခုကိုတော့ မစောင့်ချင်ဘူး ကျော်ကျော် သေချာတာပဲ လုပ်တော့မယ်"

"နင့်စကားကြီးက ငါ့ကို အထင်သေးနေတာပဲ စနိုး"

"ထင်ချင်သလိုသာထင်တော့ ကျော်ကျော်ရာ၊ ငါ့ဘဝအတွ ငါ ဘယ်သူ့ကိုမှ အားကိုးလို့မရဘူးလေ"

စနိုးစကားကြောင့် ကျော်ကျော် အနည်းငယ် တင်းသွားပုံရသည်

"စနိုး ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါအခုလုပ်နေတာ ဟာ နင်နဲ့ငါ့အတွက်ပါလေ"

စနိုးက ...

"နင်နဲ့ငါ စကားမများချင်ဘူး ကျော်ကျော်။ နင် ငါ့အတွ တကယ်စဉ်းစားတယ်ဆိုရင် အချိန်က စကားပြောလာပါလိမ့်မယ်။ ခုတေ ငါသွားဦးမယ်"

ပြောရင်း စနိုး ထိုင်နေရာမှ ထရပ်လိုက်သည်။ ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းကြည့်ကာ . . .

"စနိုး . . . ငါတို့ တစ်ရက်လောက် အေးအေးဆေးဆေး ထပ်တွေ့ဦးမယ်လေ။ ခါတိုင်းနေရာမှာပဲပေါ့။ နင် ဘယ်နေ့ အဆင်ပြေမလဲ"

မျက်နှာကို တစ်ဖက်သို့လှည့်ပြီး စနိုး မဲ့ပြုံးပြုံးလိုက်မိသည်။ ပြီးမှ ကျော်ကျော်နှင့် မျက်နှာချင်းဆိုင်လိုက်ကာ အေးစက်စက်လေသံဖြင့် . . .

"ငါ တကယ်အလုပ်လုပ်တော့မှာဆိုတော့ နောက်ပိုင်း နင်နဲ့ အေးဆေးတွေ့ဖို့ အဆင်မပြေနိုင်တော့ဘူး ကျော်ကျော်။ ကိစ္စအရေးကြီးလို့ ပြောစရာရှိရင်တော့ ဖုန်းဆက်လိုက်ပေါ့၊ ငါသွားပြီ"

စနိုး ချာခနဲလှည့်ထွက်လာခဲ့၏။ ကျော်ကျော် မျက်နှာမည်ကဲ့သို့ ဖြစ်ကျန်ခဲ့မည်ကိုလည်း မစဉ်းစားချင်တော့။ ကျော်ကျော်နှင့်သူမ တဖြည်းဖြည်း ဝေးကွာလာပြီလား။

အရင်လို အခြေအနေမျိုး ပြန်တည်ဆောက်ဖို့ ဘာတွေလိုမလဲ။

အချိန်လား၊ အချစ်လား။

ထိုနှစ်ခုသာမဟုတ်လျှင်တော့ သူမနှင့်ကျော်ကျော်ကြားတွင် တစ်ခုခုက သေချာပေါက် လွဲမှားနေခဲ့ပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒီနေ့သည် ထက်နောင်ထံတွင် စနိုး ပထမဆုံးအလုပ်ဝင်ရမည့်နေ့ ဖြစ်သည်။ ကုမ္ပဏီသို့ ကိုယ့်အစီအစဉ်နှင့်ကိုယ် လာခဲ့မည်ဟု ပြောသော်လည်း ထက်နောင်က လက်မခံချေ။ သူကိုယ်တိုင် အိမ်ရှေ့အထိ ကားနှင့် လာကြိုပါသည်။ ထိုသို့ လာခေါ်တော့လည်း လိုက်ရသည်ပေါ့။

ကားပေါ်သို့တက်လိုက်တော့ ထက်နောင်က စေ့စေ့ကြည့်လာပြီး

"ကိုယ့်ဆီမှာ အလုပ်ဝင်လုပ်တဲ့အတွက် ကျေးဇူးပါ စနိုး။ ပြီးတော့ ... ဒီနေ့ မင်းအရမ်းလှနေတယ်"

ထိုစကားကြောင့် စနိုး ရှက်တက်တက်ဖြစ်သွားရသည်။ ထက်နောင်ကို မဝံ့မရဲ ပြန်ကြည့်ရင်း ...

"ကျေးဇူးပါ ဦးထက်နောင်"



www.burmeseclassic.com

www.burmeseclassic.com

"ခဏလေး စနိုး၊ မင်း ကိုယ်ဆီမှာ အလုပ်ဝင်ဖြစ်တယ်ဆိုရင် ...ယ် တောင်းဆိုထားတာ ရှိတယ်နော်၊ စနိုး မှတ်မိလား မသိဘူး"

စနိုးက ခပ်ဖြည်းဖြည်း ခေါင်းညိတ်ကာ ...

"မှတ်မိပါတယ်၊ စနိုး ဦးထက်နောင်ကို ဦးထက်လို့ ရင်းရင်း ...ခေါ်ချင်ပါတယ်။ အိုကေလား ဦးထက်"

"သိပ်ကျေနပ်ပါတယ် စနိုး"

ပြောရင်း ထက်နောင်က ကားမောင်းထွက်လိုက်ပါသည်။ ဖြစ် ...တော့ စနိုးတို့ လမ်းသွယ်လေးမှအထွက်တွင် မျက်နှာချင်းဆိုင်ဘက်မှ ...လျှောက်လာသည့် ကျော်ကျော့်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက် ...ဖြင့် အံ့သြသွားမိသည်။ တစ်ဆက်တည်းပဲ ကျော်ကျော် မမြင်နိုင်အောင် ...နှာကို မသိမသာလေးလွှဲထားလိုက်၏။

သို့သော် ...

မသိစိတ်ကပဲ စေ့ဆော်သည်လားတော့မပြောတတ်ချေ။ ကျော် ...ကျော်သည် ကားထဲသို့ စူးစိုက်ကာ လှမ်းကြည့်လာပြီး စနိုးကို လှမ်းမြင် ...လေသည်။ တစ်ဆက်တည်းပဲ စနိုးဟု လှမ်းအော်ခေါ်လိုက်၏။

ကျော်ကျော်အော်ခေါ်သံကို ထက်နောင်ကြားသလို စနိုးလည်း ...ပါသည်။ ချက်ချင်း မျက်နှာပျက်သွားသောစနိုးကို ကြည့်ကာ ထက် ...င်က ...

"ကျော်ကျော်ဆိုတာ ထင်တယ်၊ ကိုယ် ကားရပ်ပေးရမလား စနိုး"

စနိုးက ချက်ချင်းဆုံးဖြတ်ကာ ခေါင်းခါလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မရပ်ပါနဲ့ ဦးထက်။ စနိုး သူနဲ့ တွေ့တော့မှ ရှင်းပြလိုက်ပါ့မယ်"

"အိုကေ စနိုး"

ဝင့်ခနဲတစ်ချက်ပြုံးကာ ထက်နောင်က ကားကို အရှိန်မြှင့်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ခြောက်ခွက်မြောက် ဘီယာခွက်ကို မော့ချပြီးချိန်မှာတော့ ကျော်ကျော်တစ်ယောက် အတော်ရီဝေနေပြီဖြစ်သည်။ အတူသောက်နေသည့် သက်ခိုင်ပင် ကျော်ကျော့်ပုံစံကိုကြည့်ကာ အံ့သြဟန်နှင့် ...

"ဆွဲလှချည်လားဟ၊ ဘာလဲ ... စနိုးနဲ့ပတ်သက်ပြီး စိတ်ညစ်နေလို့လား"

ကျော်ကျော်က ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူးကွာ၊ ငါ့အကြောင်းနဲ့ငါပါ"

"ဟုတ်လို့လား ကျော်ကျော်ရာ။ စနိုးက ခု ဘောစိတစ်ယောက်နဲ့ တွဲနေတယ်ဆို။ အဲဒါကြောင့် မင်းညစ်ပြီးသောက်နေတာ မဟုတ်ဘူးလား"

ဒီ့ကြီးပြောလိုက်တော့ ကျော်ကျော် အနည်းငယ် ခံပြင်းသွားဟန်



www.burmeseclassic.com

www.burmeseclassic.com

တွသည်။ ချက်ချင်းပဲ မျက်နှာထားတင်းမာလာပြီး . . .

"အဲဒါကြောင့် မဟုတ်ပါဘူးဆိုကာမှကွာ။ ပြီးတော့ စန်းအ
အဲဒီဘဲနဲ့ တွဲနေတာမဟုတ်ဘူးကွ။ အဲဒီလူရဲ့ကုမ္ပဏီမှာ အလုပ်လုပ်နေတော့
အလုပ်သမားနဲ့အလုပ်ရှင် ဆက်ဆံရေးပဲရှိတာ"

ထိုစကားကြောင့် သက်ခိုင်က ခေါင်းညိတ်လိုက်ရင်း . . .

"မင်းသိထားရင်လည်း ပြီးတာပဲလေ။ စန်း မင်းကို ခေါက်သွားပြီ
ထင်လို့ ပြောပြတာပါ"

စကားအဆုံးမှာပဲ ကျော်ကျော်က မထိတရီပုံစံနှင့်ရယ်လိုက်သည်။

"ဟား ဟား . . . ခေါက်လို့ရမလားကွ။ ငါ တစ်ကွက်ပြန်ရွှေ့
လိုက်ရင် စန်း ငါ့ဆီကို စွေ့ခနဲပြန်ရောက်လာမှာပါ။ ခုချိန် စန်းကို တမင်
လွှတ်ပေးထားတာ အကြောင်းရှိလို့"

"ပြီးရောလေ၊ ဘာအကြောင်းကိစ္စလဲဆိုတာကိုတော့ မမေး
တော့ပါဘူး"

သက်ခိုင်စကားကြောင့် ကျော်ကျော်က ရယ်ကာ . . .

"မေးလည်း မဖြေနိုင်ဘူး ဟော့ကောင်၊ ဒါနဲ့ မင်းအစ်ကိုဆီက
ပစ္စည်း ဘယ်နေ့ရမှာလဲ သက်ခိုင်။ ငါ တစ်ဖက်က ပိုက်ဆံယူထားတာ
တော်တော်ကြာနေပြီကွ။ အဲကောင်တွေက ပစ္စည်းပြတ်လို့ မေးနေကြပြီ"

သက်ခိုင်က ခေါင်းကုတ်လိုက်ရင်း . . .

"အေးပါ . . . ငါလည်း သိပါတယ်။ ခုရက်ပိုင်းက လမ်းကြောင်း
တော်တော်ကြီး ကျပ်နေလို့ပါ။ ငါ့အစ်ကိုလည်း အပေါ်ကို ဖုန်းတော

www.burmeseclassic.com

www.burmeseclassic.com

ှာက်ဆက်နေတာပဲ။ ရောက်တာနဲ့ ရမှာပါ"

"ပြီးရောကွာ၊ ပစ္စည်းလက်ထဲ ရောက်လာရင်လည်း မြန်မြန်ရွှေ့မှဖြစ်မှာ။ ခုတလော ဆွဲတာတွေ စိပ်နေတယ်"

"အင်း ... ငါတို့အလုပ်ကတော့ အချိန်တိုင်း သတိရှိနေဖို့ကဘဲတာပဲ ကျော်ကျော်။ တော်ပြီကွာ ... ဆိုင်ထဲမှာ ဒီအကြောင်း သိပ်ြောတာကောင်းမယ်။ ချဉ်းမလား။ ထပ်မှာလိုက်မယ်"

"လုပ်ကွာ၊ ဒီညတော့ စောင်းအောင်သောက်လိုက်ဦးမယ်"

သက်ခိုင်က ...

"ပြီးရောကွာ၊ ငါလည်း အမုန်းဆွဲချင်နေတာ အတော်ပဲ"

ထိုသို့ပြောရင်း သက်ခိုင်က ဘီယာထပ်မှာလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ထက်နောင် ခေါ်နေသည်ဟု ဝန်ထမ်းတစ်ယောက်က လာပြော
သဖြင့် စနိုးလည်း ထက်နောင့်၏ရုံးခန်းထဲသို့ ဝင်သွားလိုက်သည်။

စားပွဲရှေ့ရောက်တော့ ထက်နောင်က laptop နှင့် အလုပ်လုပ်
နေရာမှ ခေါင်းမော့ကြည့်လာပြီး . . .

"ဪ . . . စနိုးရောက်နေပြီလား"

စနိုးက ပြုံးရင်း ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ဦးထက် ခေါ်နေတယ်ဆိုလို့"

"ဟုတ်တယ်၊ ဒါနဲ့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား စနိုး"

"ပြေပါတယ် ဦးထက်၊ ပြေတယ်ဆိုတာကလည်း ဦးထက်က
ခက်ခက်ခဲခဲတွေ မခိုင်းလို့ဖြစ်မယ်။ စနိုးကို ခိုင်းစရာရှိတာခိုင်းပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ခိုင်းမှာပါ . . . ခိုင်းမှာပါ"

ပြောရင်း ထက်နောင်က ရယ်လိုက်သေးသည်။ ပြီးမှ စားပွဲပေါ်တွင်ရှိနေသည့် လိပ်စာကတ်တစ်ခုကို ယူကာ စနိုးဆီလှမ်းပေးရင်း . . .

"ရော့ . . . စနိုး၊ အဲဒီလိပ်စာထဲက ကုမ္ပဏီကိုသွားလိုက်၊ သူတို့ဆီက တစ်ယောက်က စနိုးကို ခြံတစ်ကွက် လိုက်ပြလိမ့်မယ်။ စနိုးလုပ်ပေးရမှာက အဲဒီမြေကွက်မှာ ဆိုင်ခန်းတွေဆောက်ပြီး ပြန်ငှားစားရင် ဈေးကွက်နဲ့ အဆင်ပြေ မပြေ စဉ်းစားပေးရမှာ"

"ဟာင် . . . အဲဒါကို စနိုးက ဆုံးဖြတ်ပေးရမှာလား"

တာဝန်က ကြီးသဖြင့် စနိုးက ပြန်မေးလိုက်သော်လည်း ထက်နောင်က ပေါ့ပေါ့ပါးပါးပုံစံနှင့်ပင် . . .

"ပဲ့ဟုတ်တယ်လေ၊ စနိုးက အဆင်ပြေနိုင်တယ်လို့ ဆုံးဖြတ်ရင် အဲဒီမြေကွက်ကို ကိုယ်ဝယ်ထားရင် ဘ်မလို့"

ထိုစကားကြောင့် စနိုးစိတ်ထဲ အနည်းငယ်တင်းကျပ်သွားရပြီး . . .

"ဟို ဟိုလေ ဦးထက် . . . အဲဒီကိစ္စက ဦးထက်ကိုယ်တိုင် ဆုံးဖြတ်တာ ပိုမကောင်းဘူးလား။ တော်ကြာ . . . စနိုးကြောင့် ဦးထက်ငွေတွေ ဆုံးရှုံးမှာစိုးလို့"

ထက်နောင်က ခေါင်းခါကာ . . .

"အဲလိုမတွေးနဲ့လေ စနိုးရဲ့။ စနိုးသွားကြည့်ပြီး ရဲရဲဝံ့ဝံ့သာ ဆုံးဖြတ်လိုက်ပါ။ ကျန်တာ ဘာမှမတွေးနဲ့၊ အဲဒီလိုလုပ်ပါလား။ အဲဒီမြေကွက်ကို စနိုးက ဝယ်လက်အနေနဲ့ပဲ ဝယ်သင့်,မဝယ်သင့် ဆုံးဖြတ်ပေါ့၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



စနိုး သက်ပြင်းကျိတ်ချလိုက်ရင်း . . .

"ဟုတ်ကဲ့ပါ ဦးထက်၊ ခိုင်းတဲ့အတိုင်း စနိုး ကြိုးစားပြီး လု
ခဲ့ပါ့မယ်"

ပြောပြီး စနိုးလှည့်ထွက်လာခဲ့သည်။ စနိုး အခန်းဝနားရော
ချိန်မှာပဲ . . .

"စနိုး"

ခေါ်သံကြောင့် ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်သည်။ ထက်နေ
ယုံကြည်ချက်အပြည့်နှင့် ပြောလိုက်သော စကားသံကိုလည်း ထပ်ကြ
လိုက်ရလေ၏။

"မင်းဟာ ကိုယ့်အတွက် လပ်ကီး lucky ကောင်းတယ်ဆို
ကိုယ်ယုံတယ်လေ စနိုးရဲ့။ စနိုး မှန်မယ်ထင်တဲ့အတိုင်းသာ ဆုံးဖြတ်
ဟုတ်ပြီလား"

စနိုးထပ်ကာ ခေါင်းညိတ်ရင်း ပင့်သက်တစ်ခုကိုလည်း ဆွဲ
ငင်ငင် ရှိုက်လိုက်မိလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အလုပ်ဝင်ပြီးဆယ်ရက်လောက်ကြာသည့်အချိန်မှာတော့ စန်း ...ည်း ထက်နောင်ကို အကြိုအပို့ မလုပ်ပေးရန် တောင်းဆိုလိုက်သည်။ ...စ်ရက် တစ်ရက် သူ့ဒွေးက ဝန်ထမ်းကို အကြိုအပို့လုပ်ပေးနေသည်မှာ ...ထ်ဝန်းကျင်အမြင်၌ မကောင်းသလို တခြားဝန်ထမ်းတွေဘက်က ကြည့် ...ချင်လည်း ပြောစရာ၊ ကဲ့ရဲ့စရာဖြစ်နေမည် မဟုတ်လား။

စန်းဘက်ကစပြီး အကြိုအပို့မလုပ်ပေးရန် တောင်းဆိုလိုက်တော့ ...ထက်နောင်ကလည်း နားလည်သဘောပေါက်စွာ လက်ခံပါသည်။

"အိုကေလေ၊ ဒါပေမဲ့ . . . တစ်ခါတလေ အရေးကြီးကိစ္စပေါ်လာ ...ရင်တော့ ကိုယ် စန်းကို လာခေါ်မှာနော်"

ထိုသို့ ပြန်တောင်းဆိုလာပြန်တော့လည်း လက်ခံပေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်နောင်၏ဂရုစိုက်မှုကို အသိအမှတ်ပြုသင့်သည် မဟုတ်လား။ နောက်ပြီး ယခုလို ဂရုစိုက်မှုတွေကို စန်းဘက်က သာယာမိသည်ကိုလည်း ဝန်ခံ ပေမည်။ သို့သော်လည်း ယခုနောက်ပိုင်း ရှုံးသွား ရှုံးပြန်ခရီးအတွက် စန်း တက္ကစီစီးဖြစ်နေ၏။

ဒီနေ့လည်း အိမ်အပြန် တက္ကစီငှားစီးလာခဲ့ရင်း လမ်းထဲအရောက် တွင် စန်းတို့အိမ်ရှေ့ဆီမှ ထက်နောင်၏ကား မောင်းထွက်သွားသည် မြင်လိုက်ရ၏။

ဘာကိစ္စကြောင့် ဦးထက်က စန်းတို့အိမ်ကိုလာတာလဲ။

စန်း တွေးလို့မရချေ။ အိမ်ရှေ့တွင် စန်းငှားလာသည့်ကား ရပ်လိုက် ချိန်မှာတော့ ထက်နောင်၏ကားက မြင်ကွင်းမှပျောက်ကွယ်သွားလေပြီ။

စန်းလည်း ရှုပ်ထွေးသွားသောအတွေးများဖြင့် အိမ်ထဲ ဝင်လာ လိုက်၏။ အိမ်ရှေ့အပေါက်ဝရောက်ချိန်မှာပဲ အမေ၏မိတ်ဆွေဖြစ်သူ ပွဲစားအမျိုးသမီးတစ်ယောက် ထွက်လာတာနှင့် ဆုံမိသည်။ ထိုအမျိုးသမီး ကြီးလက်ထဲမှ ပိုက်ဆံတွေထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကိုလည်း စန်း အတိအကျ မြင်လိုက်၏။ တိတိကျကျ ထပ်ပြောရလျှင် ထိုကြွပ်ကြွပ်အိတ် ပေါ်မှ ဘဏ်တံဆိပ်သည် ထက်နောင် ပုံမှန် ငွေအသွင်းအထုတ်လုပ်နေသည့် ဘဏ်တံဆိပ်ဖြစ်နေခြင်းပင်။

အိမ်ထဲသို့ရောက်ရောက်ချင်းပဲ စန်းက မိခင်ဖြစ်သူကို လှမ်းမေး လိုက်၏။

"အမေ ဦးထက်က အိမ်ကို ဘာလာလုပ်တာလဲ။ ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com

ခါသိရိလက်ထဲကငွေထုပ်ကကော ဘာအတွက်လဲ"

အမေက မလုံမလဲ့ မျက်နှာထားကို ပြင်လိုက်ရင်း . . .

"ထိုင်ပါဦး သမီးရယ်၊ အမေ ပြောပြပါ့မယ်"

တစ်ခုခုဖြစ်ပြီဆိုတာကို စနိုးစိတ်ထဲ ရိပ်မိလိုက်ပါသည်။ သက်ပြင်း ဖွဖွချရင်း ခုံမှာဝင်ထိုင်လိုက်၏။

"အမေ အလုပ်မှာ ဂျမ်းဖြစ်သွားတယ် သမီး။ အဲဒါ အရေးတကြီးငွေပေးစရာရှိလာတော့ အမေလည်း ကြံရာမရတာနဲ့ မောင်ထက်နောင်ဆီကသိန်းငါးဆယ် ခထာချေးလိုက်ရတယ်"

ထိုစကားကြောင့် စနိုး ထူပူသွားရ၏။ ငွေသိန်းငါးဆယ်ဆိုတာနည်းတဲ့ငွေလား။

"အမေရယ် . . . ဘာဖြစ်လို့ အဲလိုလုပ်လိုက်တာလဲ။ ဦးထက်ကိုအားနာလိုက်တာ။ သမီး ဘယ်မျက်နှာနဲ့ ရှုံးတက်ရမှာလဲလို့"

အမေက ခပ်အေးအေးပုံစံဖြင့်ပြုံးကာ . . .

"အဲလောက်လည်း စိတ်မပူပါနဲ့သမီးရယ်။ မောင်ထက်နောင်ကဒီကိစ္စကို သမီးမသိပါစေနဲ့လို့တောင် မှာသွားတာ။ ပြီးတော့ အချိန် ဘယ်လောက်လောက်ကြာကြာ အဆင်ပြေမှပြန်ပေးတဲ့"

စနိုး ခေါင်းခါလိုက်သည်။

"မဟုတ်သေးပါဘူး အမေရာ။ သမီးကို အသိမပေးဘဲနဲ့ အမေဒီလိုလုပ်လိုက်တာကတော့ မကောင်းဘူးလေ"

အမေ့မျက်နှာက ဆိုစလောက် တင်းမာလာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"စန်းရယ် ... ညည်းကို ငါငွေလိုတယ်လို့ ပြောသားပဲ။ ညည်းက ကိုယ့်မှာရှိတဲ့ငွေကိုတောင် အမေ့ကို ကူညီဖို့မပေးဘဲနဲ့ ဟိုကောင့်ဆီ ပေးပစ်လိုက်တာလေ"

"ချေးတာပါ"

"ဘယ်လိုပဲဖြစ်ဖြစ် ညည်းပိုက်ဆံက ဘယ်တော့ပြန်ရမှာမို့လို့လဲ။ မရေရာတဲ့ကောင်ဆီကို ချေးလိုက်တာလေ။ အဲဒါကြောင့် ငါလည်း မောင်ထက်နောင်ဆီကို အကူအညီတောင်းရတာပေါ့။ ညည်း ရှက်ရင်လည်း မသိချင်ယောင်ဆောင်နေပေါ့အေ။ ငါ့ကိစ္စ ငါပဲ ရှင်းပါ့မယ်"

ထိုစကားကြောင့် စန်းလည်း ဆူအောင့်အောင့် ပြန်ပြောလိုက်ပါ၏။

"သိနေမှတော့ မသိချင်ယောင်ဆောင်လို့ရမလား။ သမီး မသိဘူးဆိုရင် အမေလည်း ဒီလောက်နဲ့ရပ်မှာမဟုတ်ဘူး။ တစ်ခုတော့ တောင်းပန်ပါတယ် အမေ။ နောက်တစ်ခါ ငွေလိုရင် သမီးရအောင် ရှာပေးပါ့မယ်။ ဦးထက်ဆီကတော့ မယူပါနဲ့တော့"

"အေးပါဟယ် ... ခုလည်း အဲလောက်ကြီးဖြစ်မနေပါနဲ့တော့။ ဟိုကလည်း စေတနာနဲ့ ချေးတာပါ"

ပြောပြီး အမေက စိတ်မရှည်ဟန်ဖြင့် ထထွက်သွားလေသည်။ စန်းလည်း ဘာလုပ်ရမည်ကို စဉ်းစားကာ ထက်နောင်ဆီသို့ ဖုန်းဆက် လိုက်ပါ၏။

"ဦးထက် ... အမေငွေချေးတဲ့ကိစ္စ စန်း တောင်းပန်ပါတယ်နော်



www.burmeseclassic.com

www.burmeseclassic.com



အားနာလိုက်တာ အရမ်းပဲ။ အဲဒီငွေအတွက် စနိုး တာဝန်ယူပါတယ်"

ထက်နောင်ဆီမှ ရယ်သံအရင်ထွက်လာသည်။ ပြီးမှ ...

"စနိုးရယ် ... ဘာများလဲလို့။ အဲဒီကိစ္စကို ခေါင်းထဲမှာ ထည့်ထားပါနဲ့။ စနိုး ကိုယ့်အတွက် လုပ်ပေးရမှာ တစ်ခုပဲရှိတယ်၊ အဲဒါပဲ သွားထား"

"ရှင် ဘာများလဲ ဦးထက်"

"ကိုယ့်အနားမှာ စနိုး အမြဲရှိနေဖို့လေ"

"ရှင်"

အာမေဍိတ်သံလေးအဆုံးမှာတော့ ထက်နောင်ဆီမှ မလုံလောက်သောဖြေရှင်းချက်ပေးသည့်စကား ထွက်လာပါသည်။

"ဪ ... စနိုးက ကိုယ့်အတွက် လပ်ကီးကောင်းတယ်လေ။ အဲဒါကြောင့် ကိုယ့်အလုပ်မှာ အမြဲတမ်းလုပ်ဖို့ပဲ တွေးထားလို့ ပြောတာ"

စနိုး မသိမသာလေး မျက်မှောင်ကြုတ်လိုက်မိသော်လည်း အသံချိုချိုဖြင့် ပြန်ပြောလိုက်ပါသည်။

"ဟုတ်ကဲ့ပါ ဦးထက်။ စနိုး ကြိုးစားပါ့မယ်၊ ကျေးဇူးလည်း တင်ပါတယ်ရှင့်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အလုပ်ချိန်အတွင်း အပြင်သွားရအောင်ဟု ခေါ်သဖြင့် စန်း လိုက်လာခဲ့ရသည်။ ဘယ်ကိုမောင်းနေမှန်း မသိသည်မို့ စန်း မေးလိုက်ပါ၏

"ဦးထက် ... စန်းတို့က ဘယ်သွားမလို့လဲဟင်"

ထက်နောင်က ကားမောင်းနေရင်း စန်းကို ငဲ့ကြည့်ကာ ...

"ဒီအနားက စူပါမတ်ကက်တစ်ခုကိုလေ စန်း၊ ဘာဖြစ်လို့လဲ"

စန်းက ခေါင်းခါရင်း ...

"ဘာမှမဖြစ်ပါဘူး ဦးထက်၊ မေးကြည့်တာပါ"

ထက်နောင်က ရယ်ကာ ...

"ကိုယ်ဝယ်စရာကလေးရှိသလို စန်းကိုလည်း လက်ဆောင်ဝယ်ပေးချင်လို့"

www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဘာအတွက်လဲ ဦးထက်၊ မလုပ်ပါနဲ့"

"အာ ... ဘာကိုမလုပ်ရမှာလဲ၊ စန်းဟိုနေ့က ဝယ်သင့်တယ် ဆိုတဲ့ခြံကို ကိုယ်ဝယ်လိုက်တယ်။ ပထမတော့ ကိုယ်လည်း အဲဒီမြေကွက် ကို ဥထားမလို့ပဲ။ ခုပဲ ငါးရာကျော်အမြတ်လာပေးလို့ ရောင်းလိုက်ပြီ"

"ရှင် ... တကယ်"

ပြုံးရင်း ထက်နောင်က ...

"တကယ်ပေါ့ စန်းရဲ့။ စန်းက ကိုယ့်အတွက် ရွှေငါးလေးပါဆို။ ဟင်း ဟင်း ... အဲတော့ စန်းကို လက်ဆောင်ဝယ်ပေးချင်တဲ့ အကြောင်း ဖြချက်ကို သိပြီလား"

စန်းက ပါးပါးလေးပြုံးကာ ပြန်ပြောလိုက်ပါသည်။

"အဲဒီငွေတွေက စန်းကြောင့်ရတာ မဟုတ်ပါဘူး ဦးထက်။ ဦးထက်ရဲ့ကံကြောင့်ပါ"

"ကိုယ့်ရဲ့ကံဆိုတာက မင်းပဲလေ စန်းရဲ့"

စန်း ရယ်မိတော့သည်။

"ဦးထက်ကလည်း အတင်းကြီးပဲ။ စန်း ဦးထက်နဲ့ မငြင်း တော့ပါဘူး"

"ကောင်းတယ် စန်း၊ ကိုယ့်ဘက်က ကြည်ဖြူတာတွေကို စန်း ဘယ်တော့မှ မငြင်းစေချင်ဘူး ဟုတ်ပြီလား"

ခပ်ဖြည်းဖြည်းပဲ ခေါင်းညိတ်ပြလိုက်မိသည်။ ထိုအချိန်အထိ မမျှော်လင့်ထားသောအရာတွေက ရုတ်တရက်ဖြစ်လာတတ်မှန်း စန်း

www.burmeseclassic.com

www.burmeseclassic.com


မတွေးမိသေးပါ။

စူပါမားကက်ကိုရောက်တော့ ထက်နောင်နှင့်အတူ အပေါ်ထပ်သို့ တက်လာခဲ့လိုက်၏။ နှစ်ယောက်သား ဘာမှမဝယ်ဖြစ်သေးဘဲ ဆိုင်တွေ ရှေ့ လျှောက်ကြည့်နေချိန်မှာပဲ ...

"စနိုး"

ရင်းနှီးကျွမ်းဝင်နေသည့် ခေါ်သံကြောင့် စနိုး ဆတ်ခနဲ နောက်သို့ လှည့်ကြည့်မိသည်။ နောက်ဘက်ခပ်လှမ်းလှမ်းဆီမှ စိမ်းစိမ်းရပ်ကြည့်နေ သည့် ကျော်ကျော်ကို တွေ့လိုက်ရ၏။ စနိုး ရပ်နေမိစဉ်မှာပဲ ကျော်ကျော်က အနားသို့ လျှောက်လာပြီး ...

"စနိုး ... ဒါက ဘယ်ကိုလဲ"

ကျော်ကျော်က ပြောရင်း ထက်နောင်ကို မသိမသာ အကဲခတ် လိုက်သေးသည်။ ထက်နောင်ကလည်း ကျော်ကျော်ကို စူးစမ်းဟန်ဖြင့် ပြန်ကြည့်နေ၏။ စနိုးလည်း သက်ပြင်းတစ်ချက် ခိုးချလိုက်ရင်း ကျော်ကျော်ကို ခပ်တည်တည်ပဲ ပြန်ကြည့်ကာ ...

"ဒီကိုပဲ လာတာလေ။ ဝယ်စရာလေးရှိလို့"

ကျော်ကျော်က ...

"ဈေးဝယ်ချင်ရင်လည်း ငါ့ကိုပြောလေ စနိုးရဲ့။ ငါ လိုက်ပို့ပေး ရမှာပေါ့"

စနိုးက ခေါင်းခါကာ ...

"မဟုတ်ဘူး ကျော်ကျော်။ ဈေးဝယ်မှာက ငါ မဟုတ်ဘူး။ ဦးထက်


www.burmeseclassic.com

www.burmeseclassic.com



ယ်မှာ။ ငါက အဖော်လိုက်ပေးတာပါ"

စကားအဆုံးမှာ ကျော်ကျော်က မထီတရီပုံစံနှင့် မဲ့ပြုံးပြုံးလိုက်ရင်း

"ဩော် ... ဟုတ်လား။ တော်သေးတာပေါ့"

ထိုအချိန်မှာပဲ ထက်နောင်က ကျော်ကျော်ကို ခပ်စူးစူးကြည့်ကာ ပြောလာပါသည်။

"ဒါနဲ့ မင်းကို ငါတွေ့ဖူးသလိုပဲကွ။ မင်းနဲ့ငါ ဆုံဖူးကြလား"

ထက်နောင်က ခပ်တည်တည်ပုံစံဖြင့် မေးလိုက်သည်။ ကျော်ကျော် က မသိမသာမျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် မျက်နှာထား ည်ကာ ခပ်တင်းတင်းလေး ပြန်ပြောလိုက်သည်။

"နိုးပါ၊ ခင်ဗျားနဲ့ ကျုပ် မဆုံးဖူးပါဘူး"

ထက်နောင် စိတ်ရှုပ်သွားဟန်နှင့် ခေါင်းကုတ်လိုက်သည်။ ကျော် ကျော်ကတော့ စနိုးကို ဒဲ့ကြည့်ကာ ...

"စနိုး ... နင် ငါ့ကို ဆယ်မိနစ်လောက် အချိန်ပေးပါလား။ အရေးတကြီးပြောစရာရှိလို့။ ဒီအပေါ်က ကော်ဖီဆိုင်မှာပဲ ခဏထိုင်လိုက် အောင်"

ကျော်ကျော့်တောင်းဆိုမှုက စနိုးကို စိတ်ရှုပ်သွားစေသည်။ သို့ သော်လည်း ပြန်မေးလိုက်၏။

"ဘာကိစ္စများလဲ ကျော်ကျော်။ အရေးကြီးတယ်ဆိုတာက"

မပြောချင်ပြောချင်ပုံစံနှင့် ကျော်ကျော်က ပြောလာသည်။

"နင်နဲ့ငါ့ကြားကကိစ္စတွေပဲပေါ့ စနိုးရာ။ ငါတို့နှစ်ယောက်ထုံး

www.burmeseclassic.com

www.burmeseclassic.com



အတွက် အရေးကြီးတယ်။ ဟို ငွေရေးကြေးရေးကိစ္စတွေရောပေါ့"

စနိုးလည်း ခဏစဉ်းစားကာ သက်ပြင်းချလိုက်ပြီး ...

"ပြီးရောလေ ... အချိန်ခဏပဲ ရမယ်နော်။ ဦးထက် စနိုး ခဏ

လောက်"

စနိုး၏စကားက မဆုံးလိုက်ချေ။ ထက်နောင်က မျက်နှာထား

တည်တည်နှင့် ခေါင်းခါပြလာပြီး ...

"ကိုယ် ခွင့်မပြုနိုင်ဘူး စနိုး။ ခုက အပြင်မှာဆိုပေမယ့် ဒါ အလု

ချိန်လေ။ ညီလေး စိတ်မရှိပါနဲ့ကွာ"

ပြောရင်း ကျော်ကျော်ကိုပါ အသိပေးလိုက်ခြင်းဖြစ်သည်။ ထက်

နောင်၏စကားကြောင့် စနိုး အံ့ဩသွားရပြီး စောဒက တက်လိုက်မိသည်

"ဦးထက် ခဏလေးပါ၊ ခွင့်ပြုပေးလို့မရဘူးလား"

ဒီတစ်ကြိမ်မှာတော့ တည်နေသည့်ထက်နောင်၏မျက်နှာက ယော

ယောင်လေးတင်းမာလာပြီး ...

"ကိုယ် စကားတစ်ခုကို နှစ်ခါမပြောချင်ဘူး စနိုး။ လာ သွား

အောင်"

ပြောပြောဆိုဆိုပင် ထက်နောင်က စနိုး၏လက်တစ်ဖက်ကို ဆွဲ

ချာခနဲလှည့်ထွက်လိုက်သည်။ မထင်ထားသည့်အပြုအမူကြောင့် စနိ

ကြောင်အမ်းကာ ပါသွားရသည်။ ခပ်ဝေါင်ဝေါင် ရပ်ကျန်ခဲ့သော ကျော်

ကိုတော့ လှည့်ပြောလိုက်ပါ၏။

"ကျော်ကျော် ... ငါ ညကျမှ ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com


ကျော်ကျော်က ဘာမှပြန်မပြောဘဲ ခပ်စူးစူးကြည့်ကာ ရယ်ကျွန်းသည်။ ထက်နောင်၏နိုင်ထက်ဆီးနင်းဆန်သည့် အပြုအမူက စနိုးစိတ်ထဲဆောင်းခနဲဖြစ်သွားစေ၏။

ထက်နောင်ကတော့ စနိုး၏လက်ကို ခပ်တင်းတင်းဆွဲလာရင်း အတော်လှမ်းသောနေရာရောက်မှ လွှတ်ပေးလိုက်သည်။ ပြီး စနိုးကိုလည်း ဆတဲခတ်လိုက်၏။ စိတ်ဆိုးသောပုံစံနှင့် မျက်နှာထားတင်းနေသည့် စနိုးပုံစံကြည့်ကာ ပြုံးလိုက်ရင်း ...

"စနိုး ဘာလက်ဆောင်လိုချင်လဲ ... ကိုယ် ဝယ်ပေးမယ်"

စနိုးက အမေးစကားနှင့်မဆိုင်သောအဖြေကိုပဲ ပေးလိုက်ပါသည်။

"ဦးထက် ... စနိုး ပြန်ချင်တယ်"

ထက်နောင်မျက်နှာက ဆတ်ခနဲ တည်သွားသော်လည်း ချက်ချင်း ပြန်ပြုံးကာ ပြောလိုက်ပါသည်။

"အိုကေလေ ... ပြန်ချင်တယ်ဆိုလည်း ပြန်ရုံပေါ့။ ဒီကိုလာတာ လည်း စနိုးအတွက်ပဲ လာတာလေ။ အိုကေပါ စနိုး"

စနိုး ဘာမှပြန်မပြောဘဲ နှုတ်ခမ်းလေး မသိမသာ ကိုက်ထားလိုက်သည်။ ထက်နောင် မြင်မြင်,မမြင်မြင် ဂရုမစိုက်ချင်တော့။ တစ်ခါတလေ တော့လည်း ခံစားရတာကို ရိုးသားစွာ ဖော်ထုတ်ပြသရတာက ပိုပြီး ထိတ်ပေါ့ပါးစေသည်ပဲ။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ညဘက်ဖုန်းဆက်လိုက်မယ်ဟု ပြောခဲ့သော်လည်း တကယ်တမ်း ကျတော့ ကျော်ကျော်ထံသို့ ဖုန်းမဆက်ဖြစ်ခဲ့ချေ။ ထိုနေ့က ထက်နောင် ၏အပြုအမူကို တင်းပြီးပြောခဲ့ခြင်းသာ ဖြစ်၏။ သေသေချာချာ ပြန်စဉ်း စားကြည့်ပြန်တော့ ကျော်ကျော်ကို အားနာနေမိသည်။ ခုတလော ကျော်ကျော်နှင့် အဆင်မပြေဖြစ်နေသည်ဆိုပေမယ့် ပြတ်နေခြင်းလည်း မဟုတ်။ တရားဝင် သမီးရည်းစားဖြစ်နေသေးသည်။ ကိုယ်ကိုယ်တိုင်က လည်း ကျော်ကျော်အပေါ် လုံးဝစိတ်ကုန်သွားတာမျိုး မဖြစ်မိသေး။

ထိုနေ့ညက စနီး ဖုန်းမဆက်ဖြစ်သော်လည်း ကျော်ကျော်က ဖုန်းဆက်လာပါသည်။ စနီးကိုလည်း ချော့သည်။

"စနီးရယ် ...ငါ အခုတလော အလုပ်တွေ အဆင်မပြေလို့ စိတ်ရှုပ်နေတာပါ။ နင့်အပေါ် ဂရုမစိုက်မိသလို ဖြစ်သွားရင် တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

စနိုးက စိတ်ဆိုးမပြေသေးသောအသံဖြင့် ...

"အလုပ်ကတော့ အဆင်ပြေတဲ့အခါရှိသလို မပြေတဲ့အခါလည်း ရှိမှာပဲ ကျော်ကျော်။ အလုပ်နဲ့ကိုယ်ရေးကိုယ်တာကို ခွဲခြားထားမှပေါ့။ နောက်ပြီး နင် ဘာတွေလုပ်နေတယ်ဆိုတာ ငါ့ကိုလည်း တိုင်ပင်တာမျိုး မရှိတော့ ငါက ဘယ်လိုလုပ်ပေးရမှာလဲ"

"ဟုတ်ပါတယ်ဟာ၊ နင်ပြောရင်လည်း ခံရတော့မှာပဲ။ မတိုင်ပင်ဘူးဆိုတာကလည်း နင့်ကို စိတ်မရှုပ်စေချင်လို့ပါ"

"အဲလိုကြီးတော့ မဟုတ်သေးဘူးလေ ကျော်ကျော်။ နင်နဲ့ ငါနဲ့ အနေအထားက ခံစားစရာရှိရင် မျှဝေခံစားရမှာမဟုတ်ဘူးလား"

သက်ပြင်းချသံ အရင်ကြားရသည်။ ပြီးမှ ...

"ဟုတ်ပါတယ် စနိုးရယ်၊ အရာအားလုံးအတွက် ငါ တောင်းပန်ပါတယ်။ နေ့လယ်ကတော့ ရင်ထဲမှာ တော်တော်နာသွားတယ်"

စနိုးက မျက်ခုံးပင့်လိုက်မိရင်း ...

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ နင့်အလုပ်ရှင်က နင့်ကို လက်ဆွဲပြီးခေါ်သွားတာလေ။ အရှိက်ကို ထိုးခံလိုက်ရသလိုပဲ"

စနိုး ရယ်လိုက်မိသည်။ ကျော်ကျော်၏သဝန်တိုခြင်းကို သဘောပေါက်သွား၍လည်း ဖြစ်၏။

"ဖြစ်မနေနဲ့ ခုမှ။ ဒါနဲ့ နင်စိတ်ရှင်းအောင်ပြောထားတာနော်



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်နဲ့ငါနဲ့ကြားထဲမှာ အလုပ်ကိစ္စကလွဲပြီး ဘာအကန့်မှမရှိဘူး"

သက်ပြင်းချသံနှင့်အတူ ကျော်ကျော်က ခပ်တိမ်တိမ်လေသံဖြင့် ပြောလာသည်။

"အေးပါဟာ ... နင့်ကိုငါ ယုံပါတယ်"

"ယုံရင်လည်း အရင်လို့ပုံစံလုပ်မနေနဲ့။ အလုပ်လည်း ကြိုးစား ကြားလား"

ကျော်ကျော်က ရယ်လိုက်ပြီး ...

"ဟုတ်ပါပြီ ဆရာမကြီးရယ်။ ဒါနဲ့ ငါတို့ အေးအေးဆေးဆေး မတွေ့ဖြစ်တာကြာပြီနော်။ အချစ်တွေပေါ့လာမှာစိုးလို့ ဒီတစ်ပတ် တွေ့ကြ ရအောင်"

ထိုစကားကြောင့် ရှက်စိတ်နှင့်နွေးခနဲဖြစ်သွားရသည်။ ကျော် ကျော့်အပေါ်လည်း စိတ်ပြေလာသည်မို့ ...

"အေးပါ ... ဒီတစ်ပတ် ပိတ်ရက်ကျရင် တွေ့တာပေါ့"

"ဟား ... ပျော်လိုက်တာကွာ။ အဲဒါဆိုလည်း သီးယူနော် စ အဲ ... အားရှိအောင်လည်းနေဦး"

"သေလိုက်ပါလား"

စူပွပွပြောကာ စနိုး ဖုန်းချလိုက်သည်။ အချစ်ဆိုသော ခေါင်း အောက်မှာ စနိုးစိတ်တွေ နွေးပျလာပြန်သည်။ ကျော်ကျော့်အ ခြောက်သွေ့နေသည့်စိတ်တွေက ပြန်လည်စိုပြေလာသလို။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"လွန်ခဲ့တဲ့တစ်ပတ်က ကိုယ့်အပြုအမူတွေ ရိုင်းသလိုဖြစ်သွားရင် သဘောရိုးနော် စနိုး"

တစ်မနက် ရုံးခန်းထဲသို့ ဖိုင်တွဲတစ်ခုသွားပို့ချိန်တွင် ထက်နောင် ဘွမ်းပြောလိုက်သည့်စကားကြောင့် စနိုး ကြောင်အမ်းသွားရသည်။ ရုတ်တရက် နားမလည်လိုက်သဖြင့် ပြန်မေးလိုက်၏။

"ရှင် ... ဘာကိုပြောတာလဲ ဦးထက်"

ထက်နောင်က အသာပြုံးပြရင်း ...

"ဟော် ... ဟိုတစ်ပတ်က ရှော့ပင်းမောထဲမှာ စနိုးကို ကျော် ချဉ်ရှေ့က လက်ဆွဲပြီး ခေါ်သွားခဲ့တယ်လေ။ အဲဒါ ရိုင်းသလိုဖြစ်သွားသို့

ပြောမှပဲ စနိုး ပြန်အမှတ်ရသွားသည်။ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



ထက်နောင်အပေါ် စိတ်ခုမိသလို ကျော်ကျော်ကိုလည်း စိတ်ဆိုးနေတုန်း အချိန်ဖြစ်၏။ ခုတော့ ကျော်ကျော်နှင့်က ပြန်ကာပြေလည်နေလေပြီ။ ထက်နောင်အပေါ်မှာလည်း စိတ်ခုတာမရှိတော့သည်မို့ ပြန်ကာ ပြုံးပြလိုက်ပြီး...

"ရပါတယ် ဦးထက်ရဲ့။ စနိုး စိတ်မဆိုးပါဘူး။ ဦးထက်ပြောသလိုပဲ အဲဒီတုန်းက အလုပ်ချိန်ပဲလေ။ ကျော်ကျော်ကိုလည်း ပြောပြလိုက်တော့ သူနားလည်ပါတယ်"

"ကျေးဇူးပဲ စနိုး။ ကိုယ်က မင်း ကိုယ့်အပေါ်မှာ စိတ်ခုနေတယ် ထင်နေတာ"

"ဩော် ... ဦးထက်ကလည်း စိတ်မဆိုးပါဘူး၊ တကယ်ပါ"

ထက်နောင်က ခေါင်းညိတ်ကာ ...

"စနိုး ... စိတ်မဆိုးဘူးဆိုပေမယ့် ကိုယ့်ဘက်ကတော့ ဖောင်းသလိုဖြစ်သွားတယ်လို့ ကိုယ် ခံစားမိတယ်။ အဲဒီအတွက် ပြန်လျော်ပေးတဲ့ အနေနဲ့ စနိုးကို ကိုယ် တစ်ရက်လောက် ညစာကျွေးချင်တယ်"

"အာ ... မဟုတ်တာ၊ ဦးထက်ကလည်း။ စနိုးဘက်က"

စကားမဆုံးခင်မှာပဲ ထက်နောင်က လက်ကာပြလာပြီး ...

"အဲဒါတွေ ထားလိုက်တော့စနိုး၊ စနိုးအဆင်ပြေမယ့်ရက်ကို ကြိုပြောနော်"

"ရှင်"

"ဩော် ... ညစာလိုက်ကျွေးဖို့ကိုပြောတာလေ။ ကဲပါ လုပ်စရာရှိတာ သွားလုပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



စကားဖြတ်ပြီး ထက်နောင်က ဖွင့်ထားသည့် laptop ဆီ မျက်နှာမှိန်မှသွားသည်။ စနိုးလည်း သက်ပြင်းခိုးချကာ ရုံးခန်းထဲမှ ထွက်လာခဲ့ရ၏။ ထက်နောင်ဘက်မှ ခုလိုခေါ်သည်ကိုတော့ မငြင်းသင့်ဟု တွေးမိသည်။ ခုရက်ပိုင်းတွေမှာ ကျော်ကျော်နှင့် ညနေတိုင်းနီးပါး ဆုံဖြစ်နေသည်မို့ တစ်ရက်တော့ ကျော်ကျော်နှင့်ဆုံဖို့ကို ဖျက်ရမည်ပဲ။

အလုပ်စားပွဲမှာပြန်ထိုင်ရင်း ကျော်ကျော်အကြောင်း စဉ်းစားနေမိပြန်သည်။ ကျော်ကျော်နှင့် ဆက်ဆံရေးပြန်အဆင်ပြေလာသော်လည်း ကျော်ကျော် ဘာတွေလုပ်နေသည်ဆိုတာ စနိုး မသိရသေး။ ကျော်ကျော်ကလည်း မကြာခင် အဆင်ပြေမယ်ဟူ၍ပဲ ပြောနေသည်။ ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်တွေများ လုပ်နေတာလား။ စနိုး စိတ်ပူသွားရ၏။

ထိုအချိန်မှာပဲ ဖုန်းမြည်လာသဖြင့် တစ်ဖက်မှ ခေါ်ဆိုသူကို ကြည့်လိုက်မိသည်။ တိုက်ဆိုင်စွာပင် ကျော်ကျော်ဖြစ်နေ၏။ ဒီလိုအချိန်မျိုး ဆက်စဖူး ဆက်လာသဖြင့် စနိုး ချက်ချင်းပဲ ဖုန်းဖွင့်ကိုင်လိုက်သည်။ ကျော်ကျော်ဆီမှ အရေးတကြီးနိုင်လှသော စကားသံထွက်လာ၏။

"စနိုးရေ ... ကယ်ပါဦးဟ၊ ငါတော့ ကျိုင်တက်နေပြီ"

စိတ်ထဲ ထိတ်ခနဲဖြစ်သွားကာ စနိုး ရင်ဘတ်ဖိလိုက်မိပြီး ...

"ကျော်ကျော် ... ဘာတွေဖြစ်နေတာလဲ၊ ငါလန့်လိုက်တာဟာ"

ကျော်ကျော်က ပလုံးပထွေးအသံဖြင့် ...

"ငါ ငါ ခု ကျိုင်တက်နေလို့ရှင်းရမှာ။ ငွေ သိန်းငါးဆယ်လောက် များဖြစ်မယ်။ အဲဒီငွေမပေးနိုင်ရင် ဂျေးထဲရောက်မှာ သေချာတယ် စနိုး

www.burmeseclassic.com



ကယ်ပါဦးဟာ"

ထိုစကားကြောင့် စန်း ပို၍ စိတ်ပူသွားကာ ...

"ကျော်ကျော် ဘာပြဿနာဖြစ်နေတယ်ဆိုတာလည်း ပြောဦး လေ။ ငါတော့ သေချင်တော့တာပဲ"

"ဟာ ... ပြဿနာကပြောရရင် အရှည်ကြီးပဲ စန်းရာ။ ငါပြောတဲ့ ပိုက်ဆံ နှင်ရှာပေးနိုင်မလား။ မရှာပေးနိုင်ရင်လည်း ငါ့ထိုက်နဲ့ငါ့ကံ ခံလိုက် တော့မယ်"

"ဟဲ့ ... အဲလိုတော့လည်း မဟုတ်သေးဘူးလေ၊ ငါပြောမယ်"

ကျော်ကျော်က စကားကိုဖြတ်ကာ ...

"ငါ့မှာ သိပ်အချိန်မရှိဘူး စန်း။ နှင်တစ်နေရာရာက ပိုက်ဆံ ဆွဲလို့ရမယ်ဆိုရင် ငါ့ဆီကို တစ်နာရီအတွင်း ဖုန်းပြန်ဆက်ပေး။ အဲဒါ အဆင်မပြေရင်တော့ မဆက်နဲ့တော့။ ဒါပဲ ... ဒါပဲ"

ပြောပြီး ကျော်ကျော်က ဖုန်းချသွားသည်။ စန်းစိတ်ထဲ ထူပူ ပန်းစွာ ကျန်ခဲ့ရ၏။ ကျော်ကျော် ကောင်းတာလုပ်သည်ဖြစ်စေ မကောင်းတာ လုပ်သည်ပဲဖြစ်စေ ခုချိန် ဒုက္ခရောက်နေတာကတော့ သေချာနေသည်။ စန်း ဆုံးဖြတ်ရမည်က ကျော်ကျော်ကို ကူညီမည်လား၊ မကူညီဘူးလား။ ကူညီမည်ဆိုလျှင်ကော ဘယ်လိုကူညီနိုင်မလဲ။

ခေါင်းထဲမှာ မေးခွန်းတွေနှင့် ရှုပ်ယှက်ခတ်သွားသည်။ ... ငြိမ်သက်ပြီး တဆင့်ချင်းစဉ်းစားလိုက်၏။ နောက်ဆုံးမှာတော့ ကျော်ကျော် ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့ ခုလို ဒုက္ခရောက်မည့်အဖြစ်ကိုတော့ စန်း မခံ



www.burmeseclassic.com

www.burmeseclassic.com


ခင်ချေ။ ထို့ကြောင့် ဖြစ်တဲ့နည်းနှင့် ကူညီမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုသို့ဖြင့် ...

နောက်ထပ် ဆယ်မိနစ်လောက်ကြာသည့်အချိန်မှာတော့ စနိုး တစ်ယောက် ထက်နောင်၏စားပွဲရှေ့တွင် ထိုင်ကာရှိနေခဲ့ပြီ။

ထက်နောင်က သက်ပြင်းချကာ စနိုးကိုကြည့်လိုက်ပြီး ...

"ငွေသိန်းငါးဆယ်ဆိုတာ ကိုယ့်အတွက် များတဲ့ပမာဏတော့ မဟုတ်ဘူး စနိုး။ ဒါပေမဲ့ ခုငွေလိုနေတာက စနိုးအတွက် ...ကဲ ကုန် ကုန်ပြောရရင် စနိုးရဲ့မိသားစုအတွက် မဟုတ်ဘူးနော်။ စနိုး သေသေ ချာချာကော စဉ်းစားပြီးပြီလား"

ပင့်သက်ကိုရှိုက်ရင်း စနိုး ပြန်ပြောလိုက်သည်။

"စနိုးသိပါတယ် ဦးထက်။ ဒါပေမဲ့ ကျော်ကျော်ကလည်း စနိုးနဲ့ ဆက်သက်နေတာဆိုတော့ သူ့ ဒုက္ခရောက်မှာကို မလိုလားလို့ပါ။ ဒီငွေတွေ အတွက် စနိုးကိုယုံပါ ဦးထက်။ အမေကလည်း ဦးထက်ဆီက ငွေယူထား တာရှိတော့ စနိုးပြောရတာ အားနာပါတယ်။ ဒါပေမဲ့ ခုအချိန်မှာ အကူ အညီတောင်းစရာဆိုလို့"

စကားမဆုံးခင်မှာပဲ ထက်နောင်က လက်ကာပြလိုက်သည်။

"ရပြီ စနိုး၊ အဲလောက်ထိ ရှင်းပြမနေပါနဲ့။ ကိုယ်လည်း စနိုးတို့ မိသားစုအခြေအနေကို နားလည်ပြီးသားပဲလေ။ ခုပြောတယ်ဆိုတာကလည်း ငွေကြောင့်မဟုတ်ပါဘူး၊ စနိုးအနေနဲ့ စဉ်းစားဖို့ပြောတာပါ"

စကားအဆုံးမှာ စနိုးက လေးနက်သောမျက်နှာပေးနှင့် ခေါင်းညိတ်


www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ကာ ...

"ဟုတ်ကဲ့ပါ ဦးထက်။ စနိုး စဉ်းစားဆုံးဖြတ်ပြီးမှ ဦးထက်ဆီ အားနာစွာနဲ့ အကူအညီတောင်းတာပါ"

ထက်နောင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်းက နှုတ်ခမ်း ထောင့်စွန်းလေး ကွေးရုံမျှ ပြုံးလိုက်သည်။ ပြီး ... စနိုး၏မျက်ဝန်းတည် တည်ကို စိုက်ကြည့်လာပြီး ...

"ကောင်းပြီလေ၊ စနိုးဆုံးဖြတ်ပြီးပြီဆိုရင်လည်း ကိုယ် ဘာမှ ထပ်မေးစရာမရှိတော့ပါဘူး"

စကားအဆုံးမှာတော့ ထက်နောင်က သူ့လက်ကိုင်အိတ်ကိုဖွင့်၍ ချက်လက်မှတ်စာအုပ်ကို ထုတ်ယူလိုက်လေသည်။

ထိုသို့ဖြင့်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ကျော်ကျော့်လက်ထဲကို သိန်းငါးဆယ်တန် ချက်လက်မှတ် ထည့် လိုက်တော့ ကျော်ကျော်က ကျေးဇူးတင်စကားဆိုပါသည်။

"နှင်းသာမကယ်ရင်တော့ ငါ့ဘဝပျက်ပြီ စနိုး။ ကျေးဇူး အရမ်း ပါတယ်ဟာ"

စနိုးက ...

"ငါ့အနေနဲ့လည်း နှင့်အပေါ် နောက်ဆုံးကူညီနိုင်တာပဲ ကျော် ။ အဲဒါ ဘာဖြစ်လို့လဲသိလား"

ကျော်ကျော်က ပြန်မဖြေသေးဘဲ ကြည့်နေသည်။ စနိုးကပဲ သက် လေးချကာ ...

"နှင့်ဘဝ ရေစုန်မျောရင် ငါ့ဘဝလည်း ထိခိုက်မှာပဲလေ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဘာပဲလုပ်လုပ် နင်ထိခိုက်ရင် ငါလည်း ထိခိုက်မယ်ဆိုတာ ကြ
တွေးထား ကျော်ကျော်"

စကားဆုံးတော့ ကျော်ကျော်က မျက်နှာငယ်လေးနှင့် ခေါင်းညိတ်
ရင်း ...

"အေးပါ စနိုးရယ် ... ငါနားလည်ပါပြီ။ နောက်တစ်ခါလည်
ဒါမျိုးမဖြစ်စေရပါဘူး။ ခုတော့ ဒီငွေတွေနဲ့ လုပ်စရာရှိတာလုပ်ပြီးရင် ငါ
နယ်မှာ ခဏရှောင်နေရဦးမယ် စနိုး"

သက်ပြင်းချရပြန်သည်။

"နယ်မှာ ဘယ်လောက်နေရမှာလဲ ကျော်ကျော်၊ ကြာမှာလား"

"အလွန်ဆုံး နှစ်ပတ်လောက်ပေါ့။ ဒီကြားထဲ ငါ ဖုန်းဆက်
မယ်"

ခေါင်းညိတ်ပြရင်း မှာစရာရှိတာတွေမှာဖို့ပဲ စနိုး တတ်နိုင်ပါသည်
သို့သော်လည်း ...

ကျော်ကျော်သည် နှစ်ပတ်အတွင်း ရန်ကုန်သို့ ပြန်မရောက်လာ
ခဲ့သလို ကြားရက်တွေမှာလည်း ဖုန်းဆက်ခြင်းမရှိခဲ့ချေ။

ဘာအခက်အခဲတွေများ ရှိနေလို့လဲ။

စနိုး စဉ်းစားမရတော့။ ကျော်ကျော်အပေါ် စိတ်ပူနေမိသော ကို
ကိုယ်ကိုယ်ပဲ မုန်းလာမိသည်။ တကယ်ဆို ကျော်ကျော်သည် ဖုန်းဆေ
ဆက်ဖို့ကောင်းသည် မဟုတ်လား။

တစ်လနီးပါးလောက်ကြာသည်အထိ ကျော်ကျော်ထံမှ ဘာအဆ

www.burmeseclassic.com

www.burmeseclassic.com

သွယ်မှမရသည့်အခါ စနိုးလည်း မမျှော်ချင်တော့ချေ။ ရောက်ချင်တဲ့အခါ ရောက်ပေတော့ဟူ၍သာ လျစ်လျူရှုထားလိုက်တော့သည်။ တစ်ခါတစ်ခါ ကော့ သတိရမိသည်ပေါ့။

သို့သော်လည်း ...

အချိန်တွေက ရွေ့နေပါသည်။ နေ့ရက်တွေက တစ်ရက်ပြီး တစ်ရက် ပြောင်းလဲလာသလို ကြိုတင်မမြင်နိုင်သော ကံကြမ္မာကလည်း စနိုး၏ ဘဝထဲသို့ ပြကွက်အသစ်တစ်ခု တင်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

တိုက်ခန်းကျယ်အတွင်း၌ ပရိဘောဂတွေကို နေရာချရန် ညွှန်ကြား နေသည့်အမေ့ကို စန်းကြည့်နေမိသည်။ ဘာမှလည်း ဝင်မပြောဖြစ်တော့ ပြောင်းလဲလာသောဘဝအနေအထားကိုပဲ အံ့ဩနေမိသည်။

လက်ရှိနေထိုင်သော ရပ်ကွက်ထဲရှိ အိမ်မှ ကွန်ဒို ယခုတိုက်ခန်း ကျယ်သို့ ပြောင်းရွှေ့နေထိုင်ရန် ထက်နောင်က စီစဉ်ပေးခြင်းဖြစ်သည်။ စန်းတားနေသည့်ကြားကပဲ အမေက လက်ခံလိုက်ခြင်းဖြစ်သည်။ နောက် ဆုံးတော့ စန်းလည်း ထက်နောင်ကို ကျေးဇူးတင်စကားပဲ ပြောစရာရှိတော့ သည်။ လွန်ဆန်မရနိုင်အောင် ကျေးဇူးဆိုသောကြိုးတွေက တင်းလာ မဟုတ်လား။ ငိုင်တွေကာ စဉ်းစားနေချိန်မှာပဲ အခန်းထဲသို့ ထက်နောင် ဝင်လာပါသည်။ စန်းဆီသို့ လျှောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းလောက်ဆို စနိုးတို့အတွက် အဆင်ပြေတယ် မဟုတ်လား"

ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း စနိုး ပြန်ဖြေလိုက်သည်။

"သားအမိနှစ်ယောက်တည်းဆိုတော့ ကျွယ်ကောင်ကျွယ်နေပါသေးတယ် ဦးထက်။ ပြောရရင် လက်ရှိနေတဲ့ အိမ်လေးကလည်း အဆင်ပြေပါတယ်"

စကားအဆုံးမှာ ထက်နောင်က ခေါင်းခါလိုက်ပြီး ...

"အာ ... ဘယ်ဟုတ်ပါ့မလဲ။ အဲဒီအိမ်က စနိုးအတွက် သွားရလာရတာဝေးတယ်လေ။ ပြီးတော့ စနိုးတို့ပေးနေရတဲ့ အိမ်လခနဲ့က တန်မှမတန်တာ။ ဒီအခန်းက ကိုယ့်အခန်းလေ။ စနိုးတို့ ဘာလခမှ ပေးစရာမလိုဘူး"

စနိုး သက်ပြင်းချလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ် ဦးထက်။ ကျေးဇူးတင်စရာတွေ များလာလို့ ကျေးဇူးတင်စကားပြောရမှာတောင် အားနာလာပြီ"

ထက်နောင်က ပြုံးကာ ...

"အားနာရင်လည်း ကျေးဇူးတင်စကား မပြောနဲ့ပေါ့ စနိုးရဲ့။ ကိုယ်လိုအပ်တဲ့အခါသာ ကျေးဇူးပြန်ဆပ်လေ"

"ရှင်"

"ဪ ... ကိုယ်လိုအပ်တဲ့အခါ ကိုယ့်ကို အကူအညီပေးဖို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဦးထက်"

ခေါင်းညိတ်ကာ ပြန်ပြောလိုက်သော်လည်း စိတ်ထဲ၌ လေးလံသွားသည်ကတော့ အမှန်ပင်။ အရာအားလုံးသည် သူ့သဘောသူ ဆောင်နေသည်ဆိုသော်လည်း စနစ်တကျ စီစဉ်ထားသလို ဖြစ်တည်လာတာတွေက မြန်ဆန်လွန်းသည်လေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကိုယ် မင်းကို လက်ထပ်ချင်တယ် စနိုး၊ စနိုးအမေဆီမှာလည်း ကိုယ် ခွင့်တောင်းပြီးပါပြီ။ ခု . . . စနိုးဆီမှာ ခွင့်ထပ်ပြီး တောင်းတာ"

ထက်နောင်၏နှုတ်ဖျားမှ ထိုစကားထွက်လာသည့်အချိန်မှာတော့ စနိုး သိပ်မအံ့ဩမိတော့ပါချေ။ စိတ်ထဲမကျေမလည်ဖြစ်နေမိသော အကြောင်းအရာကိုတော့ မေးလိုက်သည်။

"စနိုးမှာ ချစ်သူရှိတယ်ဆိုတာ ဦးထက် သိတယ်နော်။ ဒါနဲ့ စနိုးကို လက်ထပ်ချင်တဲ့ အဓိကအကြောင်းအရာက ဘာလဲ ဦးထက်"

မျက်နှာ မသိမသာလေး ပျက်သွားသော်လည်း ထက်နောင်က ပြန်ပြင်ကာ ပြုံးလိုက်ပြီး . . .

"ကိုယ် စနိုးနဲ့ပတ်သက်ပြီး တော်တော်များများ သိထားပါတယ်။

www.burmeseclassic.com



မလိုအပ်တဲ့အစိတ်အပိုင်းတွေကိုတော့ မဆွေးနွေးချင်တော့ဘူး။ ကိုယ် စန်း ကို လက်ထပ်ချင်တာက စန်းကို ကိုယ်တစ်ယောက်တည်း ပိုင်ဆိုင်ချင်လို့ ပဲ"

စန်းက မဲ့ပြုံး ပြုံးလိုက်ရင်း ...

"ဘာလဲ ဦးထက် ... စန်းက ဦးထက်အတွက် ကံကောင်းစေတဲ့ အရာတစ်ခုအနေနဲ့ အလှမွေးငါးလို အပိုင်ဝယ်လိုက်တာမျိုးလား"

ထက်နောင်က လက်ကာပြရင်း ...

"ခဏလေး စန်း။ မင်းပြောတဲ့စကားကို အလုံးစုံ ကိုယ်မငြင်းဘူး ဒါပေမဲ့ ... စန်းကို ကိုယ် ပိုင်ဆိုင်ချင်တာက အဲဒါထက် ပိုပါတယ်"

စန်း သက်ပြင်းချလိုက်မိသည်။ ပေါက်ပေါက်ကွဲကွဲ ပြောလိုက်ချင် သောစကားတချို့ကို ဆင်ခြင်တုံတရားနှင့် ထိန်းကာ မျိုသိပ်လိုက်ပြီး ...

"ထားပါတော့ ဦးထက်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ ဦးထက်ဘက်က ခွင့်တောင်းတာကို စန်း ဂုဏ်ယူရမှာပါ။ ဒါပေမဲ့ ... စန်းဘက်ကို စဉ်းစား အချိန်တစ်ခုတော့ ပေးစေချင်တယ်"

ထက်နောင်က သဘောထားကြီးသောပုံစံနှင့် ခေါင်းတဆတ် ဆတ်ညိတ်လိုက်ပြီးမှ အဆုံးသတ်စကားကို ပြောလိုက်လေသည်။

"ကောင်းပြီလေ ... သိပ်တော့မကြာစေနဲ့ပေါ့ စန်း။ ကိုယ့်ဘက် ကလည်း စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမှာဆိုတော့"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ စနိုး ကျော်ကျော့်အပေါ် သစ္စာရှိခဲ့ပါသည်။ နောက်ဆုံးအချိန်ထိ ဖုန်းဆက်စကားပြောဖြစ်သည့်အခါ မှာတော့ ကျော်ကျော်စကားက စနိုး၏ကောက်ရိုးမျှင်လေးကို အပိုင်းပိုင်း ခြေမွဖျက်ဆီးပစ်လိုက်လေသည်။

"မျှော်လင့်ထားတဲ့ကိစ္စတစ်ခုပါ စနိုး။ မရေရာတဲ့ ငါ့လိုကောင်မျိုး ကို စောင့်နေမယ့်အစား သူ့ကို လက်ထပ်လိုက်တာက နင့်ဘဝအတွက် လုံခြုံပြီး အာမခံချက်ပေးနိုင်မှာပါ။ ငါ ကျေကျေနပ်နပ် ခွင့်ပြုပါတယ်"

"ခံစားချက်တွေကို ထည့်မတွက်တော့ဘူးလား ကျော်ကျော်"

"တကယ်လက်တွေ့ဘဝထဲမှာက ခံစားချက်ဆိုတာ အရှုံးသွားခဲ့ ဖြစ်လာမှာပါ စနိုးရာ။ နင့်ဘဝအတွက် ငါ ဝမ်းသာပါတယ်။ ငါ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အမြဲချစ်နေမှာပါ"

ကျော်ကျော် ဖုန်းချသွားပြီ။ အရာအားလုံး အဆုံးသတ်သွားပြီ ဆိုတာလည်း စနိုးသိလိုက်ပါသည်။ ထို့ကြောင့် တစ်ဖက်တွင် အသင့်စောင့် နေမည့် မင်္ဂလာပွဲကို ရင်ဆိုင်ရန်သာ ရှိပါတော့၏။

နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ရင်း ထက်နောင်ဆီသို့ ဖုန်း ခေါ်လိုက်ပါသည်။

"ဦးထက် လက်ထပ်ခွင့်တောင်းထားတဲ့ကိစ္စကို စနိုး လက်ခံပါတယ် ဦးထက်။ ဦးထက် စီစဉ်စရာရှိတာတွေ စီစဉ်လို့ရပါပြီ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

အချိန်တိုတစ်ခုအတွင်း မမျှော်လင့်ထားသည့် အချိုးအကွေ့ အပြောင်းအလဲများနှင့် ရင်ဆိုင်လိုက်ရသော သူ့မဘဝကိုလည်း စနိုး အံ့ဩမိပါသည်။ အတိတ်မှာ ဘာ‌ေတွပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘယ်လိုပဲဖြတ်သန်းခဲ့ပါစေ ယခုအချိန်မှာတော့ ထက်နောင်၏ ဇနီးမယားတစ်ယောက် ဖြစ်နေခဲ့ပြီ။

အမေ့ကို ကွန်ဒိုတိုက်ခန်းတွင် ထားရစ်ခဲ့ရပြီး စနိုးက ထက်နောင်၏အိမ်တွင် လိုက်နေရသည်။ ဇနီးမယားတစ်ယောက်ဖြစ်လာတော့လည်း အိမ်ရှင်မ ပီသရသည်ပေါ့။ ထက်နောင်ကလည်း စနိုးကို ကုမ္ပဏီတွင် အလုပ်မလုပ်စေတော့ဘဲ အိမ်မှာပဲ နေစေခိုင်းသည်။ ပြည့်ပြည့်စုံစုံနေရသော်လည်း ပျင်းရိငြီးငွေ့ဖွယ်အချိန်ပိုတွေက စနိုးအတွက် များလွန်းလှသည်။ သူမ နေထိုင်ခဲ့သော လွတ်လပ်ပေါ့ပါးသည့်ဘဝမျိုး ပြန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ အလှမွေးငါးတစ်ကောင်လို ဖြစ်နေပြီလား မသိချေ။ ဒီနေ့လည်း နှစ်ယောက် သား မနက်စာအတူစားရင်း ထက်နောင်က မေးလာသည်။

"စနိုး ... အပြင်တွေ ဘာတွေ သွားစရာရှိသေးလား"

တကယ်လည်း သွားစရာ လာစရာကိစ္စ မရှိသဖြင့် စနိုးက ပြုံးစလွယ်ပဲ ဖြေလိုက်ပါသည်။

"မရှိပါဘူး ဦးထက်၊ အမေလည်း အိမ်ကို ခဏခဏလာနေတာ ဆိုတော့"

စကားအဆုံးမှာ ထက်နောင်က ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်လိုက်တာ ...

"ကောင်းတယ် စနိုး။ ဖြစ်နိုင်ရင် မလိုအပ်ဘဲ စနိုးကို အပြင် မထွက်စေချင်ဘူးလေ။ အိမ်မှာလည်း ပြည့်ပြည့်စုံစုံရှိနေတာပဲ။ ပျင်းရင် စာအုပ်ဖတ်၊ အခွေကြည့်၊ ဂိမ်းဆော့ပေါ့"

"ဟုတ်ကဲ့ပါ ဦးထက်"

"ဒါဆိုလည်း ကိုယ်ရုံးသွားတော့မယ် စနိုး။ ကိစ္စရှိရင် အိမ်က ကြိုးဖုန်းကို ဆက်လိုက်မယ်"

အိမ်မှာပဲ ရှိနေစေချင်သည့်သဘောဆိုတာ စနိုး နားလည်လိုက်ပါသည်။ သို့သော်လည်း ခေါင်းပဲညိတ်ပြလိုက်ပါ၏။ ထက်နောင် အိမ်မှ မထွက်ခင် နမ်းသွားသောအနမ်းတစ်ခုကိုပဲ ကျေနပ်နေရမည်လား။

စနိုး မပြောတတ်တော့။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ကြိုးဖုန်းကိုဆက်သော်လည်းမကိုင်၊ ဟန်းဖုန်းဆီ ဆက်ပြန်တော့ ည်း ဖြေဆိုမည့်သူမရှိသဖြင့် ထက်နောင် စိတ်ပူသွားရသည်။ စနိုး ဖြစ်လို့ ဖုန်းမကိုင်တာလဲ။ ရေချိုးခန်း၊ အိမ်သာများ ဝင်နေလို့လားဆိုပြီး တ်ထပ် ဆယ့်ငါးမိနစ်၊ နာရီဝက် စသဖြင့် ခေါ်ကြည့်ပါသည်။ မရ ကြောင့် ခါတိုင်း ရုံးကပြန်သည့်အချိန်ကိုပင် မစောင့်ဘဲ အိမ်သို့ ချက်ချင်း ပြန်လာခဲ့သည်။

အိမ်ရောက်တော့လည်း စနိုးက အိမ်မှာရှိမနေချေ။ စိတ်ပူပြီး တ်နောင် ဘာလုပ်ဘာကိုင်ရမှန်းမသိတော့။ ထိုသို့ ထူထူပူပူဖြစ်နေချိန်မှာပဲ တာ ပြန်ရောက်လာသည်။

ထက်နောင်လည်း စိတ်တို စိတ်ပူနေတာမို့ ခပ်ကောင်း

www.burmeseclassic.com



မေးလိုက်၏။

"မင်း ဘယ်တွေလျှောက်သွားနေတာလဲ စနိုး။ ဖုန်းတွေလည်း တစ်လုံးမှဆက်မလို့မရတာနဲ့ ငါ လိုက်လာတာ"

စနိုးပုံစံက ရုတ်တရက် လန့်သွားဟန်ရှိသော်လည်း စိတ်ကို ထိန်းကာ တည်တည်ငြိမ်ငြိမ်လေးပဲ ပြန်ဖြေလာသည်။

"ပျင်းတာနဲ့ အမေ့အိမ်ကို ခဏသွားတာပါ။ ရုတ်တရက် ထသွားလိုက်တော့ ဖုန်းမယူသွားမိဘူး။ ဘာဖြစ်လို့လဲ ဦးထက်"

"ဘာဖြစ်ရမှာလဲကွ၊ ငါ စိတ်ပူတာပေါ့၊ မင်း အဲလိုသွားမယ်ဆိုရင်လည်း ငါ့ဆီကို ဖုန်းလှမ်းဆက်သင့်တယ်"

စနိုးသက်ပြင်း ကြိတ်ချလိုက်မိသည်။

"အမေ့ဆီ ခဏလေးသွားတာဆိုတော့ မလိုအပ်ဘူးထင်လို့ မဆက်တာပါ ဦးထက်။ အသေးအမွှားကိစ္စတွေ လှမ်းပြောနေရင် ဦးထက်ကြိုက် မကြိုက်လည်း မသိလို့ပါ"

ပြောမှ ထက်နောင် ပိုတင်းသွားရသည်။

"မင်းတစ်ယောက်လုံး အိမ်မှာမရှိတာ ငါ့အတွက် အသေးအမွှား ကိစ္စ မဟုတ်ဘူး စနိုး။ ခု ငါ ဘယ်လောက်စိတ်ပူရလဲ၊ မင်း နားလည်သင့်တယ်"

စနိုးက ...

"နောက်ဆို သတိထားပါ့မယ် ဦးထက်။ အချိန်တိုင်း အိမ်ထဲမှာပဲ ရှိနေစေချင်တဲ့ ဦးထက်ရဲ့သဘောကိုလည်း နားလည်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အခန်းထဲ တန်းဝင်လာခဲ့သည်။ ထပ်ပြောနေလျှင် ပေါက်ကွဲမိမှာစိုးသဖြင့် စကားဖြတ်ခဲ့ခြင်းလည်း ဖြစ်၏။ တဖြည်းဖြည်းနှင့် သူမသဝက အလှမေးငါးကန်ထဲမှ ငါးတစ်ကောင်လို ဖြစ်နေခဲ့ပြီ။ ကိုယ့်အတွက် အကျဉ်းကျသလိုဖြစ်နေပေမယ့် သူ့အတွက်တော့ ကိုယ်က လပ်ကီးဆောင်းသည့် အလှမွေး ရွှေငါးလေးပေါ့လေ။ စန်း နာနာကျင်ကျင်ပဲ အံကြိတ်လိုက်မိပါသည်။

အိမ်ရှေ့ညည့်ခန်းထဲတွင် ရပ်ကျန်ခဲ့ရင်း သူပြောလိုက်တာ လွန်သွားပြီလားဟု၍ ထက်နောင် စဉ်းစားနေမိသေးသည်။ စန်း တစ်ခုခုဖြစ်မှာကို စိုးရိမ်သည့် သူ့အတွက်တော့ လွန်သည်ဟုလည်း မထင်မိချေ။ ပြောမိတာတော့ အနည်းငယ် တင်းမာသွားသည်ပေါ့။

တစ်ဆက်တည်းပဲ စန်း အဖော်ရလေအောင် အိမ်အကူ ကောင်မလေးတစ်ယောက်တော့ ခေါ်ထားပေးမှပဲဟု၍ အကြံရသည်။ လတ်တလောမှာတော့ စိတ်ဆိုးသွားပုံရသည့် စန်းကို ချော့ရန် အခန်းထဲသို့ လိုက်ဝင်လာခဲ့သည်။

အခန်းထဲရှိ မှန်တင်ခုံရှေ့တွင် ခပ်ငူငူလေးထိုင်နေသည့် စန်း နောက်နားမှာရပ်ရင်း . . .

"ကိုယ်စိတ်ပူလို့ လေသံမာမာနဲ့ ပြောမိသွားတာ ဆောရီးနော် စန်း။ စန်း တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါကွာ။ ပြောမိတာ စိတ်မဆိုးနဲ့တော့"

"ရပါတယ်"

"ကဲပါ . . . ဒီနေ့ ကိုယ်လည်း စောစောပြန်ရောက်တာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ညစာကို အပြင်မှာပဲ တစ်ခုခုသွားစားရအောင်။ မစားခင် စနိုး လိုချင်တာလေးတွေ လိုက်ဝယ်ပေးမယ်လေ ...နော်ကွာ။ ခုတော့ စိတ်ဆိုးပြေတော့၊ ကြာပါတယ် လာကွာ"

ပြောရင်းပင် ထက်နောင်က စနိုး၏ခန္ဓာကိုယ်လေးကို ပွေ့ ချီကာ အနီးရှိခုတင်ပေါ်သို့ ပစ်တင်လိုက်ပါသည်။ အိစက်နေသောမွေ့ရာပေါ်တွင် နစ်ဝင်သွားသော သူမ၏ခန္ဓာကိုယ်ကဲ့သို့ သူမ၏ဘဝသည်လည်း ထက်နောင်ဘဝထဲတွင် အစိတ်အပိုင်းတစ်ခုလို နစ်ဝင်နေပြီဆိုတာ ...။

ပြင်းရှသောအနမ်းတွေအောက်မှာ စနိုး အတွေးစတို့ ပြတ်သွားရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အဲတော့ . . . မင်းပြောချင်တာက လိုချင်တာတစ်ခုကိုရပြီးမှ အဲဒီတစ်ခု ပျောက်ဆုံးသွားမှာ၊ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေတဲ့မျိုးပေါ့ ဟုတ်လား ထက်နောင်"

ကျော်စွာ၏မှတ်ချက်စကားကို ထက်နောင်က ခေါင်းညိတ်ထောက်ခံလိုက်ရင်း . . .

"ဆိုပါတော့ကွာ၊ စနိုးက ငါ့အတွက် လပ်ကီးဖစ်ဆိုတဲ့အတိုင်း သဘာဝအတွက် မရှိမဖြစ်ပဲလေ။ သူ တစ်ခုခုသွားဖြစ်မှာကို စိုးရိမ်နေမိတယ်"

"ဘာမဖြစ်သေးဘဲနဲ့ သိပ်တော့လည်းမစိုးရိမ်နဲ့ ပေါ့ကောင်ရ မင်းရဲ့လပ်ကီးဖစ်ကို မင်းပိုင်နေရပြီပဲ။ သိပ်တော့မချုပ်ချယ် မတင်းကျပ်နဲ့ကွ။ အဲဒီတော့မှ သူ စိတ်ငြွေးပြီး ထွက်ပေါက်ရှာမှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



ထက်နောင် သက်ပြင်းချရင်း ခေါင်းညိတ်လိုက်သည်။ ခွက်ထဲမှ လက်ကျန်ဘီယာကို မော့ချလိုက်ပြီး ...

"အေးပါ ... ငါ မင်းပြောတာကို လက်ခံပါတယ်။ ဒါပေမဲ့ သူ တစ်ခုခုဖြစ်မှာကို စိုးရိမ်တဲ့ ငါ့စိတ်က ဆိုက်ကိုဖြစ်နေတာ ခက်တယ်"

ကျော်စွာက ရယ်လိုက်ရင်း ...

"အဲဒါကတော့ မင်းစိတ်ကို မင်းထိန်းပေါ့ ထက်နောင်ရာ။ ဒါနဲ့ မင်း မကြာခဏမက်တဲ့ အိပ်မက်ဆိုးတွေကော ပြန်မက်သေးလား"

ထက်နောင်က ခေါင်းခါလိုက်ကာ ကျေနပ်သောပုံစံဖြင့် ...

"ဟော့အေး ... အဲဒါတော့ ထူးဆန်းတယ်ကျော်စွာ။ ငါ စန်းနဲ့ လက်ထပ်ပြီးကတည်းက အဲဒီအိပ်မက်ကို မမက်တော့တာ"

ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျော်စွာက ...

"အေးပါ ... ကောင်းပါတယ် ကောင်းပါတယ်။ ပြောရင်းကို စန်းက မင်းအတွက် လပ်ကီးဖစ်ဖြစ်နေတော့တာပဲ"

ထက်နောင် ရယ်ပဲရယ်နေလိုက်တော့သည်။ စန်းသည် သူ့ဘဝ အတွက် မရှိမဖြစ်ဟု တွေးမိလိုက်တိုင်း အနားမှပျောက်ဆုံးသွားမှာ ကြောက် သည့် စိုးရိမ်စိတ်ကိုလည်း ထိန်းချုပ်၍မရသည်မှာ အမှန်ဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

စနိုးအတွက် အကူအညီရအောင်၊ အဖော်ရအောင်၊ အိမ်မှာ တစ်ယောက်တည်း မပျင်းရလေအောင်ဆိုပြီး ကောင်မလေးတစ်ယောက်ကို ထက်နောင်က ခေါ်လာပေးသည်။ စနိုးထက် ငါးနှစ် ခြောက်နှစ်လောက် ငယ်သည့် ထိုကောင်မလေးက ထက်နောင်နှင့် အမျိုးမကင်းသူဖြစ်၏။

မည်သို့ပင်ဖြစ်စေ ...

အိမ်မှာ တစ်ယောက်တည်း ငြီးငွေ့စွာ အချိန်ကုန်နေရသည်နှင့် စာရင်တော့ သိမ့်သိမ့်ရောက်လာတာက စနိုးအတွက် ပို၍အဆင်ပြေလေသည်။ အပျင်းပြေစကားပြောဖော်လည်း ရသည်ပေါ့။

သိမ့်သိမ့်အိမ်သို့ရောက်လာပြီးချိန်မှစ၍ ထက်နောင်သည် အရင်လို ဖုန်းတဂွမ်ဂွမ် ဆက်မနေတော့ချေ။ အိမ်တွင် အဖော်ရှိနေသည်မို့ စနိုးအတွက်

www.burmeseclassic.com

www.burmeseclassic.com



သိပ်စိတ်မပူတာလည်းဖြစ်နိုင်သည်။

စနိုးဘက်ကလည်း သိမ့်သိမ့်ကိုခင်ပါသည်။ ကိုယ်သိပ်မဝတ်ဖြစ်သည့် အဝတ်အစားအချို့ကိုပင် ပေးလိုက်သေး၏။ အပြင်သို့သွားလျှင်လည်း ခေါ်သွားပြီး ကိုယ်စားသလိုပဲကျွေးပါသည်။ ထိုသို့ခေါ်သွားခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာမရှိဟု ထင်ထားခဲ့ပါသည်။

သို့သော်လည်း ...

ထိုနေ့က ဝယ်စရာအချို့ရှိသဖြင့် သိမ့်သိမ့်ကိုခေါ်ကာ အိမ်နှင့်သိပ်မဝေးသည့် ဈေးဝယ်စင်တာတစ်ခုဆီသို့ စနိုး ထွက်လာခဲ့သည်။ စင်တာထဲရောက်တော့ သိမ့်သိမ့်ကို ဆွဲခြင်းတောင်းကိုင်ခိုင်းရင်း အိမ်တွက်လိုအပ်သည့်ပစ္စည်းအချို့ကို ဝယ်ဖြစ်၏။

ထိုသို့ လျှောက်ကြည့်ကာ ဝယ်ယူနေချိန်မှာပဲ ...

"စနိုး"

ရင်းနှီးလှသောခေါ်သံတစ်ခုက နားစည်ကို လာရိုက်ခတ်ကာ ရင်ထဲမှာလည်း လှုပ်ခနဲဖြစ်သွားရ၏။ ဘာမှတွေးချိန်မရဘဲ လှည့်ကြည့်လိုက်မိသည်။ ဖျော့တော့တော့မျက်ဝန်းများဖြင့် ကြည့်နေသည့် ကျော်ကျော်ကို တွေ့လိုက်ရပါ၏။

မညာတမ်းဝန်ခံရလျှင် ရင်ထဲမှာ ပျော်ရွှင်စိတ်နှင့်အတူ မောပန်းမှုတွေပါ ရောထွေးစွာ ခံစားလိုက်ရသည်ကတော့ အမှန်ပင် ဖြစ်သည်။ စိတ်ကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး စုစည်းထိန်းချုပ်လိုက်ပြီးမှ မျက်နှာအေးအေးဖြင့် ပြန်နှုတ်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကျော်ကျော်ပါလား။ ဈေးလာဝယ်တာ ထင်တယ်"

ကျော်ကျော်က ခေါင်းမညိတ် ခေါင်းမခါဘဲ ပြုံးသည်။ ခတ်ရှရှ ရယ်မောရခဲ့ပြီးမှ နာလန်ပြန်ထလာသော ဝံပုလွေတစ်ကောင်၏အကြည့်နှင့် ပြုံးလိုက်တာ ဖြစ်သည်။

ပြီးမှ သက်ပြင်းဖွဖွချကာ စကားဆိုလာ၏။

"ဈေးဝယ်တယ်ဆိုတာထက် စိတ်ပြေလက်ပျောက် လျှောက် ကြည့်ဖို့လာခဲ့တာ။ ဒါနဲ့ နေကောင်းတယ်နော် စနိုး"

"ကောင်းပါတယ်၊ ကျော်ကျော်လည်း ကျန်းမာရေးဂရုစိုက်ဦး။ မတွေ့တာကြာလို့လားမသိဘူး နည်းနည်းပိန်သွားသလိုပဲ"

"အင်း . . . တစ်ယောက်တည်းဖြစ်သလို စားနေရတော့ အစား အသောက်ပျက်နေတာကြာပြီလေ စနိုးရဲ့၊ ပိန်မှာပေါ့"

ပြောပြီး ကျော်ကျော်ကရယ်လိုက်သည်။ စကားကို ပေါ့သွား အောင် ရယ်လိုက်ခြင်း ဖြစ်မည်။ စနိုးမှာတော့ လိုက်မရယ်နိုင်ဘဲ ပင့် သက်သာ ရှိုက်လိုက်မိ၏။

ထိုသို့ ရပ်ကာစကားပြောနေကြသည်ကို သိမ့်သိမ့်က စပ်စုသလို မျက်ဝန်းတွေနှင့် ကြည့်နေ၏။ ကျော်ကျော်ကလည်း သိမ့်သိမ့်ကို သတိထား မိသွားသည်။

"စနိုးမှာ အဖော်ပါလာတာကိုး။ အချိန်ရရင် တစ်ဆိုင်ဆိုင်မှာ ခဏထိုင်ကြမယ်လေ။ ကော်ဖီလေး ဘာလေးသောက်ရင် စကားပြော ကြတာပေါ့။ အဲလောက်တော့ ဖြစ်တယ်မလား စနိုး"

www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေခြင်း စနီး အမြန်စဉ်းစားရသိက်၏။ ကျော်ကျော်နှင့် အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ခုလိုဆုံသည့်အချိန်မှာတော့ မိတ်ဆွေတစ်ယောက် အနေဖြင့် ဆက်ဆံသင့်သည်ဟု ထင်သည်။ ပြီးတော့ အနားမှာ သိမ့်သိမ့် လည်း ရှိနေမှာပဲ။

"ရပါတယ်၊ ဒီစင်တာထဲက ဆိုင်တစ်ဆိုင်ဆိုင်မှာပဲ ခဏထိုင် ကြမယ်လေ။ ရောက်ကတည်းက ဈေးထဲ ပတ်နေတော့ သိမ့်သိမ့်လည်း ဆာနေရောပေါ့"

သိမ့်သိမ့်က လက်ခံသည့်သဘောနှင့် ခေါင်းညိတ်ပြသည်။ ထို့ နောက်မှာတော့ သုံးယောက်သား စင်တာထဲက ကော်ဖီဆိုင်တွင် ထိုင်ဖြစ် ကြ၏။

သိမ့်သိမ့် ပါနေလို့ပဲလားမသိ။ ကျော်ကျော်က စကားအပြော အဆို ဆင်ခြင်ပါသည်။ ဒါတောင် စနီးအပေါ် သံယောဇဉ်မပြတ်သေးသည့် စကားတွေက မသိမသာ အစွန်းထွက်လာတတ်သေး၏။ ဥပမာ ... အမြဲအတူထိုင်ဖူးတဲ့ ဆိုင်ဘက်တောင်ရောက်သေးတယ်။ တစ်ယောက် တည်း မထိုင်ချင်တာမို့ လှည့်ပြန်လာခဲ့တာချည်းပဲဆိုသည့် စကားမျိုး။

ထိုသို့ ကြားရပြန်တော့ စနီးလည်း စိတ်မကောင်းဖြစ်မိပါသည်။ သို့သော် အားလုံး လွန်ကုန်ပြီပဲ။

ဒီအချိန်မှာ ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုပြီး ငြင်း အပြစ်တင်နေဖို့လည်း မလိုလောက်တော့ပါဘူးလေ။

"အရာအားလုံးဟာ ကံစီမံရာပဲပေါ့ ကျော်ကျော် ဘယ်လို အခြေ

www.burmeseclassic.com

www.burmeseclassic.com


အနေမှာပဲဖြစ်ဖြစ် နေတတ်အောင်ကြိုးစားပေါ့။ စိတ်လည်း သိပ်လေ မနေနဲ့လေ။ အလုပ်ကော အဆင်ပြေရဲ့လား''

ကျော်ကျော်က မချိပြုံး ပြုံးပြသည်။ ပြီးမှ ...

''ရရစားစားပါပဲ။ မျှော်လင့်ထားတဲ့ အိပ်မက်က ပျက်စီးသွားတော့ အနာဂတ်ရည်မှန်းချက်တွေလည်း မှေးမှိန်ကုန်တယ်''

စနိုး သက်ပြင်းချမိလိုက်သည်။ ထိုစကားကို ပြန်ချေပမနေဘဲ တခြားစကားပြောင်းပြောလိုက်၏။

''ဒီမှာ အဆင်မပြေရင်လည်း နိုင်ငံခြားပြန်ထွက်ကြည့်ပေါ့။ ဟိုမှာ ပိုမကောင်းဘူးလား''

''ဘယ်နေရာပဲရောက်ရောက် ငါ့နာကျင်မှုတွေက လျော့သွားမှာမှ မဟုတ်တာ စနိုးရယ်''

ကြာရင် စကားတွေက စည်းကျော်လာမှာစိုးသဖြင့် စနိုးလည်း ပြန်ရန်စကားစလိုက်သည်။

''ကဲ ... ငါတို့လည်း အပြင်ရောက်နေတာ အချိန်တော်တော် ကြာသွားပြီ၊ ပြန်ဦးမှပဲ''

ကျော်ကျော်က သဘောပေါက်ဟန်ဖြင့် အသာခေါင်းညိတ်ပြသည်။

ပြီး ... စနိုးလက်ရှိကိုင်နေသော ဖုန်းနံပါတ်ကိုတောင်း၏။ မပေးပြန်လျှင်လည်း သဘောထားသေးသိမ်လွန်းရာကျမည်စိုးသဖြင့် ဖုန်းနံပါတ်ပေးခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာတော့ သိမ့်သိမ့်မှတ်ချက်ချလေ၏။

“အဲဒီအစ်ကိုကြီးက မမကို အရမ်းခင်တဲ့ပုံပဲနော်”

စုနှိုးမှာတော့ သက်ပြင်းတွေ ထပ်ခါထပ်ခါ ချမိရုံမှတစ်ပါး။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ကျော်ကျော်နှင့် ဆုံခဲ့သည့်ကိစ္စကို သိမ့်သိမ့်ထံမှတစ်ဆင့် ထက်နောင် သိသွားသည်။ ထိုအထိ စနိုးအဖို့ ပြဿနာမရှိပါ။ သိမ့်သိမ့်ကိုလည်း အပြစ်မတင်ချင်ပါ။ ထက်နောင်မေးတော့လည်း သိမ့်သိမ့်က ကြောက်ပြီး ပြောပြမည်ပဲ။

ထို့ကြောင့် ထက်နောင်ဖွင့်မေးလာသည့်အချိန်မှာတော့ စနိုးက ဟုတ်မှန်ကြောင်း ဖြေလိုက်ပါသည်။ မရိုးမသား ချိန်းတွေ့ကြတာမှ မဟုတ်ဘဲ။

ထိုကဲ့သို့ အေးအေးဆေးဆေးရှင်းပြသည်ကိုပင် ထက်နောင်က မကျေနပ်နိုင်။ အရက်လည်းသောက်ထားသည်မို့ စကားတွေက စည်းလွတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ စနိုး၊ ငါက မင်းကို တစ်ချိန်လုံး လိုက်မကြည့်နိုင်တော့ လုပ်ချင်တာလုပ်တဲ့သဘောလား"

ထိုစကားကစပြီး စနိုးစိတ်တိုသွားရ၏။ ချက်ချင်းပဲ ပက်ခနဲ ပြန်ပြောလိုက်မိသည်။

"ဘာကိုလုပ်ချင်တာလုပ်ရမှာလဲ ဦးထက်။ မတော်တဆ ဆုံတာ ပါလို့ပြောထားပြီးပြီလေ။ စနိုးကို မျက်စိဒေါက်ထောက်ကြည့်နေရအောင် စနိုးက ကလေးမဟုတ်ဘူး"

"ကလေးမဟုတ်လို့ ပြောနေရတာပေါ့ကွ။ မတော်တဆ ဆုံတယ် ဆိုတာက မင်းရဲ့အကြောင်းပြချက်လေ။ မင်းတို့ချင်း ချိန်းထားပြီး မတော်တဆ ဆုံသလိုပုံစံမျိုး လုပ်လို့ရတာပဲ"

"ဦးထက် စကားတွေက ဖောင်းလာပြီနော်။" စနိုးက အဲလို မိန်းမမျိုးမဟုတ်ဘူး ဦးထက်။ ကိုယ့်ဘာဝ ကိုယ်သိတယ်၊ ကိုယ့်လိပ်ပြာလည်း ကိုယ်လုံတယ်"

"ဟားဟား . . . မင်းပြောတော့လည်း မင်းစကားပေါ့ကွာ။ ဘယ် မိန်းမမျိုးကမှ ဖောက်ပြန်ချင်တယ်လို့ ပြောမှာမှ မဟုတ်ဘဲလေ"

ထိုစကားကြောင့် ပေါက်ကွဲပစ်လိုက်ချင်သော်လည်း အတတ် နိုင်ဆုံး စိတ်ကိုထိန်းချုပ်ကာ ပြန်ပြောလိုက်သည်။

"ဦးထက် မူးနေပြီဆိုရင်လည်း ဒီအကြောင်းကို မနက်ကျမှ ထပ်ပြောကြတာပေါ့။ ဆက်ပြောနေရင် ပိုဆိုးလိမ့်မယ်"

"ဘာလို့မူးရမှာလဲ။ မင်းနဲ့ ဒီစကားတွေ ပြောချင်လို့တောင်



www.burmeseclassic.com

www.burmeseclassic.com



သောက်လာတာကွ။ ဆက်ပြောပါဦး . . . မင်းတို့ ဖုန်းဆက်ကြတဲ့ အကြောင်းလေးတွေ"

"အာ . . . ဦးထက် တော်တော်များသွားပြီ။ လာမစွပ်စွဲနဲ့ဦးထက်။ အဲလိုသံသယဝင်နေမှတော့ စနိုးက ဘယ်လိုနေရမှာလဲ"

"အေး . . . ပြောမယ်၊ ငါ ထားသလိုနေ၊ ငါထားတဲ့နေရာမှာ ငါပြောတဲ့စကားကို လိုက်နာပြီးနေ"

ဒီတစ်ခါတော့ စနိုး ခနဲ့သလို ရယ်လိုက်မိပါသည်။

"ဘာလဲ ဦးထက်၊ ဦးထက်ထားသလိုဆိုတာ အပြင်လောကနဲ့ အဆက်အသွယ်ဖြတ်ပြီး အကျဉ်းကျနေတဲ့ လူတစ်ယောက်လိုလား။ စနိုးကလူပါ။ ဦးထက်ကန်ထဲမှာထည့်မွေးထားတဲ့ အလှမွေးငါး မဟုတ်ဘူး"

"ဟား ဟား . . . ပြော ာတ်လာပြီပဲကွ။ နောက်ဆို ဒီထက်ပြောလာတော့မှာ သေချာတယ်။ ဒီမှာစနိုး . . . မင်းဟာမင်း ဘာပဲဖြစ်ဖြစ် မင်းဟာ ငါပိုင်တဲ့ပစ္စည်းတစ်ခုပဲ။ ငါထားသလိုပဲ မင်းနေရမယ်။ ငါ့စကား နားမထောင်လို့ကတော့ မင်း ငါ့ကို အဆိုးမဆိုနဲ့နော်"

"အာ . . . မသိဘူး မသိဘူး၊ ဦးထက်ကို မုန်းတယ်"

အော်ပြောရင်း နားနှစ်ဖက်ပိတ်ကာ ပြေးထွက်လာခဲ့သည်။ ဒါတောင် ထက်နောင် လှမ်းပြောလိုက်သည့်စကားကို ကြားဖြစ်အောင် ကြားလိုက်မိပါသေး၏။

"မုန်းတယ်ပြောရအောင် မင်းကကော ငါ့ကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့လို့လဲ စနိုး"

မချစ်ဘဲနှင့်လည်း မုန်းတီးလို့ရကြောင်းကို စနိုး ရှင်းပြချင်စိတ်လည်း မရှိတော့ပါ။ နောက်ဆုံးခုသေချာသည်ကတော့ အမုန်းမီးကို စမွှေးခဲ့သူက ကိုယ်မဟုတ်ခဲ့တာပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ညဲဆယ်တစ်နာရီတောင်ကျော်နေပြီ။

ခါတိုင်းဆိုလျှင် ဆယ်နာရီထက် နောက်မကျတတ်သော ထက်နောင်တစ်ယောက် အိမ်ကို ပြန်မရောက်သေး။ သူ့သူငယ်ချင်းတွေနှင့် သောက်စားနေပြန်ပြီထင်ပါသည်။ ခုတလော ထက်နောင်နှင့် စကားပြောရတာလည်း အဆင်မပြေသည်မို့ စနိုးဘက်ကလည်း သိပ်မပြောဖြစ်။ မေးထူးခေါ်ပြောနေခဲ့တာပဲ ကြာပြီ။ ကျော်ကျော်နှင့်ပတ်သက်ပြီး စကားများပြီးကတည်းက ဖြစ်၏။

အိပ်ရာထဲလှဲကာ ကိုယ့်ဘဝအကြောင်း ပြန်စဉ်းစားရင်း စနိုးစိတ်ပျက်နေမိသည်။ အိမ်ထောင်သာကျသွားသည်၊ ဘယ်မှာလဲ အ[illegible] ဘယ်မှာလဲ စိတ်ချမ်းသာမှု။ တစ်ခုမှမရှိ။ ပိုဆိုးတာက အလုပ်မွေးနေတဲ့က



www.burmeseclassic.com

www.burmeseclassic.com



ငါးတစ်ကောင်ကဲ့သို့ အကျဉ်းကျသလို ခံစားနေရခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ...

ကိုယ့်ကံတရားပဲဟု သတ်မှတ်ကာ ကိုယ်ရောက်ရှိနေသည့်ဘဝကို စနိုးလက်ခံပါသည်။ တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင်နေ ပါသည်။ ဒီကြားထဲ ထက်နောင်၏စွပ်စွဲမှုတွေကြောင့် စိတ်ရှုပ်ရသည် ကတော့ အမှန်ပင်။

ခုလည်း ထက်နောင်ကို မစောင့်ဘဲ အိပ်ပျော်ရန်သာ စနိုး ကြိုး စားနေမိသည်။ ထိုအချိန်မှာပဲ ဖုန်းမြည်လာသဖြင့် အလန့်တကြား ဖြစ် သွားရ၏။ နံပါတ်ကိုကြည့်လိုက်တော့ မထင်ထားသည့် ကျော်ကျော် ဖြစ်နေသည်။

မကိုင်တော့ဘူးဟု စဉ်းစားလိုက်ပြီးမှ နောက်ကို ဖုန်းမခေါ်ရန် ပြောချင်သဖြင့် ဖွင့်ကိုင်လိုက်၏။ မောပန်းမှုနှင့်နာကျင်မှုတို့ ရောပြွန်းသည့် ကျော်ကျော့်စကားသံက နားထဲသို့ တိုးဝင်လာသည်။

"စ စနိုး အား နင် နင့်ယောကျ်ားကြီး ကောင်းဘူးဟာ လူမိုက်တွေခေါ်လာပြီး ငါ့ကို ဝိုင်းရိုက်ကြတယ်။ ငါ ဘာလုပ်လို့လဲဟာ ငွေရှိတယ်ဆိုပြီး မင်းမဲ့စရိုက်ဆန်ဆန် အနိုင်ကျင့်တာပဲ"

"ဟင်"

စနိုး အံ့ဩဖို့ပဲ တတ်နိုင်တော့သည်။ ကျော်ကျော် ဗလုံးဗထွေး ထပ်ပြောနေသည့်စကားတွေကိုမကြားတော့။ ထက်နောင်၏လူဆန်သည့် လုပ်ရပ်တွေကို ရွံရှာမုန်းတီးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဘက်က ဖုန်းချသွားသည့်တိုင် စနိုး အသားတွေ အဆတ်ဆတ် တုန်နေသေးသည်။

ထက်နောင်နှင့် ဘယ်လိုမှမဖြစ်တော့။ စာရင်းရှင်းဖို့လိုလာပြီဟု သတ်မှတ်လိုက်ပါသည်။

ပေါက်ကွဲလုလုအနေအထားဖြင့် စနိုး ညှိခန်းထဲတွင် ထိုင်စောင့် နေလိုက်၏။ နာရီဝက်လောက်ကြာသည့်အချိန်မှာတော့ ကားသံ ကြား သိုက်ရသဖြင့် ထက်နောင် ပြန်ရောက်ပြီဆိုတာ သိလိုက်သည်။ စနိုး ခန္ဓာ ကိုယ်ထဲရှိသွေးတွေက ဆူပွက်နေတုန်း။

မူးစပ်စပ်ပုံစံဖြင့် ဝင်လာသည့်ထက်နောင်က ညှိခန်းထဲ စောင့် နေသော စနိုးကို မြင်မြင်ချင်းပဲ . . .

"ဩော် . . . ရွှေငါးလေးက မအိပ်သေးဘဲ ဘာလုပ်နေတာလဲ။ အဟဲ . . . ကိုယ့်ကိုစောင့်နေတာလား"

စနိုးက မီးဝင်းဝင်းတောက်သောမျက်ဝန်းများဖြင့် ထက်နောင်ကို ရင်ဆိုင်လိုက်ကာ . . .

"မအိပ်သေးဘူး ဦးထက်နောင်၊ အိပ်လို့လည်းမရဘူး။ ရှင့်ရဲ့ လူမဆန်တဲ့လုပ်ရပ်ကို စာရင်းရှင်းဖို့ စောင့်နေတာ"

"ဘာ"

ထက်နောင် တစ်ချက်တော့ကြောင်အမ်းသွား၏။ သို့သော် ချက် ချင်းပဲ မျက်နှာထားတင်းမာလာပြီး . . .

"ဩော် . . . မင်းရဲ့ ခကောင်ကျော်ကျော်က အရိုက်ခံရကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး ပြောတာပေါ့ ဟုတ်လား။ တောက်!... သေအောင်လုပ်ခိုင်း လိုက်ဖို့ကောင်းတာ"

"ဒါဆို ရှင် ဝန်ခံလိုက်ပြီပေါ့ ဦးထက်နောင်။ ရှင်လုပ်နေပုံက ဘာမှအပြစ်မရှိတဲ့လူကို သံသယစိတ်နဲ့ အနိုင်ကျင့်နေတာ။ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး"

"အဲတော့ ... မင်းက ဘာဖြစ်ချင်လို့လဲ"

စနိုးက အံကြိတ်လိုက်ရင်း ...

"ရှင့်ရဲ့အချုပ်ချယ်ခံဘဝမှာ ဘယ်လိုမှ မနေနိုင်တော့ဘူး ဦးထက်နောင်။ ကျွန်မကို ကွာရှင်းပေးပါ"

ထက်နောင်က ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ပြီးမှ မျက်နှာတည်လိုက်ကာ ...

"ဟား ဟား ... အားကိုးရှိလာလို့ ဒီစကားထွက်လာတာလား စနိုး။ မင်း ငါ့အရိပ်မှာမရှိရင် မင်းအမေပါ ဒုက္ခရောက်သွားမှာနော်"

"မခြိမ်းခြောက်ပါနဲ့ ဦးထက်နောင်။ ကျွန်မ ဘာကိုမှဂရုမစိုက်တော့ဘူးဆိုတာ ရှင်သိထားပါ။ ကျွန်မဘက်က ဘာအမှားမှ မလုပ်ခဲ့ပေမယ့် ရှင့်ရဲ့လုပ်ရပ်တွေကို လက်မခံနိုင်တော့ဘူး။ ကျွန်မကို ကွာရှင်းပေးပါ"

ထက်နောင်၏ စကားကလည်း ပြတ်သည်။

"ဆောရီးပဲ စနိုး။ ငါ မင်းကို မကွာပေးနိုင်ဘူး"

စနိုးက စဉ်းစားလိုက်ပြီးမှ ဆုံးဖြတ်ကာ ခေါင်းညိတ်လိုက်ရင်း-

"ကောင်းပြီလေ ... ရှင်မကွာပေးနိုင်ပေမယ့် ကျွန်မကတော့

www.burmeseclassic.com

www.burmeseclassic.com



ရှင့်အနားမှာ မနေနိုင်တော့ဘူး။ ဆောရီးပဲ ဦးထက်နောင်”

ပြောပြီး အိမ်အပြင်ထွက်သည့် အပေါက်ဘက်သို့ လှည့်ထွက်လာခဲ့သည်။

“စနိုး . . . မင်း ဘယ်ကိုမှမသွားရဘူးနော်”

ထက်နောင် အော်ပြောလိုက်သည့် စကားသံကိုလည်း စနိုး ဂရုမစိုက်တော့။

ဆုံးဖြတ်လိုက်သည့်အတိုင်း ဆက်ထွက်လာခဲ့သည်။ ရောက်ချင်တဲ့နေရာရောက်ပဲ။

ထက်နောင်၏ အရိပ်အောက်မှလွတ်ရင် ပြီးပြီ။

မှောင်နေသောလမ်းထက်မှာ တစ်ယောက်တည်း လျှောက်လာခဲ့၏။ အိမ်ဘက်ဆီတစ်ချက်လှည့်ကြည့်လိုက်တော့ ခြံထဲမှ မောင်းထွက်လာသည့် ထက်နောင်၏ကားကို တွေ့လိုက်ရသည်။ ကားမီးရောင်ကြောင့် ထက်နောင်လည်း သူမကို မြင်ပေလိမ့်မည်။

စနိုး ဘာမှမစဉ်းစားတော့ဘဲ လမ်းလျှောက်နေရာမှ ပြေးလိုက်မိ၏။ စိတ်ထဲမှာ ထက်နောင်၏လက်မှ လွတ်ဖို့ တစ်ခုပဲရှိတော့သည်။ စနိုး၏ပြေးသွားသောဟန်ကြောင့် ထက်နောင်ကလည်း ကားအရှိန်ကို မြှင့်တာလိုက်လာပါသည်။

မီးလုဆဲဆဲအနေအထားတွင် လမ်းဆုံတစ်ခုသို့ရောက်လာသဖြင့် စနိုးက လက်ယာဘက်လမ်းသွယ်လေးထဲသို့ ဆတ်ခနဲ ကွေ့ချလိုက်သည်။

ထိုအချိန်မှာပဲ . . .

www.burmeseclassic.com

www.burmeseclassic.com



နောက်မှကွေ့လိုက်လာသော ထက်နောင်၏ကားနှင့် လမ်းသွယ်လေးထဲမှ မောင်းလာသည့်ကားတို့ မျက်နှာချင်းဆိုင်ဆုံသွားကြပြီး ...

"ဒုန်း!"

မျက်စိရှေ့တွင် ကားနှစ်စီး ဝင်တိုက်မိသည့်ဖြစ်ရပ်ကို စန်း ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# တစ်လခန့်ကြာပြီးနောက်

www.burmeseclassic.com

## အခန်း (၃၆)

အိမ်ထဲသို့ ဝိုးချဲလ်တွန်းကာဝင်လာသည့် စနိုးမျက်နှာက ဘာခံစားချက်မှမရှိတော့သလို ခြောက်သွေ့နေသည်။ မျက်ဝန်းတွေကလည်း အေးစက်မှုတို့ဖြင့် နက်ရှိုင်းနေ၏။ ဝိုးချဲလ်ပေါ်တွင် လိုက်ပါလာသည့် ထက်နောင်၏ပုံစံကတော့ အရာရာကို လက်မြှောက်အရှုံးပေးလိုက်ရသလို စိတ်ဓာတ်ကျ ပြိုဆင်းနေသည်။

ဒီနေ့သည် ကားအက်ဆီးဒင့်ဖြစ်ပြီးနောက် ဆေးရုံမှ ပြန်ဆင်းလာသည့်နေ့ဖြစ်သည်။ ဆရာဝန်ပြောပြချက်အရ ထက်နောင်၏ခြေထောက်အဏ်ရာက ပျောက်ကင်းခဲ့သော်လည်း ခါးမှအာရုံကြောကို ထိခိုက်သွားသဖြင့် အောက်ပိုင်းလှုပ်မရတော့။ ဘယ်အချိန်ကျမှ လမ်းပြန်လျှောက်နိုင်မည်ဆိုတာလည်း မခန့်မှန်းနိုင်ပါတဲ့လေ။ ဒီအတိုင်းဆိုလျှင်တော့ အချိန်

www.burmeseclassic.com

အကာန့်အသတ်မရှိ ဝိုးချဲလ်ပေါ်တွင် ဒုက္ခိတဘဝဖြင့် အချိန်ကုန်ဖို့က များ သွားပြီ။

စနိုးက ဝိုးချဲလ်ကိုတွန်းလာရင်း အိမ်ညဲ့ခန်းအလယ်တွင် ရပ်ထား ပေးလိုက်၏။ ပြီး ... ဘာစကားမှမပြောဘဲ လှည့်ထွက်လိုက်ချိန်မှာပဲ ...

"စနိုး ... ခဏ"

ခေါ်သံပျော့ပျော့ကြောင့် စနိုး ခြေလှမ်းရပ်လိုက်မိသည်။ ငဲ့စောင်း ကာကြည့်လိုက်တော့ ...

"ခဏလေး ထိုင်ပါဦး စနိုး။ ကိုယ် မင်းကို ပြောစရာရှိလို့"

သက်ပြင်းဖွဖွချရင်းက စနိုး ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။ မျက်နှာ ပြင်မှာတော့ ဘာခံစားချက်မှမရှိသလို ဟင်းလင်း။

ထက်နောင်က ...

"ကိုယ် ဆေးရုံပေါ်မှာရှိနေတဲ့အချိန် ပြုစုပေးခဲ့တဲ့အတွက် ကျေး ဇူးပါ စနိုး"

"တာဝန်အရပါ ဦးထက်။ ရှင်နဲ့ကျွန်မက မကွာရှင်းရသေးဘူး လေ"

ဒီတစ်ခါ ပင့်သက်ရှိုက်မိသူက ထက်နောင်ဖြစ်သည်။

"ကိုယ်မှားခဲ့ပါတယ်။ မင်း ကိုယ့်အနားက ပျောက်သွားမှာ စိုးရိမ်တဲ့စိတ်နဲ့ သံသယတွေ ကြီးခဲ့တယ်။ မလုပ်သင့်တာတွေလည်း လုပ်ခဲ့မိတယ်။ အဲဒါတွေအတွက် ကိုယ်တောင်းပန်ပါတယ် စနိုး"

"အချိန်တွေက လွန်သွားပါပြီ"


www.burmeseclassic.com

www.burmeseclassic.com

ထက်နောင်က ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ပါတယ်လေ၊ စန်းရဲ့ခွင့်လွှတ်မှုအတွက် ကိုယ် တောင်းပန်မှုနဲ့ မလုံလောက်မှန်း သိပါတယ်။ ကိုယ် ဘာလုပ်ပေးရမလဲ စန်း ပြောပါ"

ခြောက်ကပ်ကပ် မျက်နှာပေါ်မှာ အပြုံးတစ်ပွင့် ခိုနားလာသည်။ ရက်စက်မှုတို့အနားသတ်ထားသည့် အပြုံးမျိုး။

စန်းက ...

"ရှင် ဘာများလုပ်ပေးနိုင်ဦးမှာလဲ ဦးထက်နောင်၊ ပြောကြည့်ပါဦး"

ထက်နောင်က မျက်လုံးအစုံ မှိတ်ရင်းက သက်ပြင်းချလိုက်ကာ..

"မင်းအရမ်းလိုချင်နေတဲ့ ကိုယ် ဘယ်လိုမှမပေးချင်တဲ့ ကိစ္စတစ်ခုကိုလုပ်ပေးမယ် စန်း။ မင်းကို ကိုယ် ကွာရှင်းပေးပါ့မယ်"

ထိုအချိန်မှာပဲ ...

စန်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သဖြင့် ထက်နောင်ပင် ကြောင်သွားသည်။ အရယ်ရပ်တော့မှ စန်းက ...

"အချိန်တွေ လွန်သွားပြီလို့ ရှင့်ကိုပြောခဲ့တယ်လေ ဦးထက်နောင်ရဲ့။ ခုချိန်မှ ကွာရှင်းလိုက်ရင် ကျွန်မက ဒုက္ခိတယောက်ျားကိုပစ်သွားတဲ့ လူမဆန်တဲ့မိန်းမ ဖြစ်သွားမှာပေါ့"

"ကိုယ် ကြည်ကြည်ဖြူဖြူ ခွင့်ပြုတာပါ"

"ဆောရီးပါ ဦးထက်နောင်၊ ပတ်ဝန်းကျင်မှာ ကျွန်မ အပြော ခံနိုင်ဘူး။ ပြီးတော့ နောက်တစ်ခုရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်နောင်က ဘာများလဲဆိုသည့်ပုံစံနှင့် ကြည့်လာသည်။ စန်း
က စူးစူးရဲရဲကြည့်လာရင်း ...

"တစ်ချိန်တုန်းကတော့ ကျွန်မက ရှင့်ရဲ့ကန်ထဲက ငါးတစ်
ကောင်လို နေခဲ့ရတယ်။ ခုတော့ ရှင်လည်း ဒုက္ခိတဖြစ်နေပြီ။ ဒီတော့
ကျွန်မရဲ့လှောင်အိမ်ထဲက ကျားနာတစ်ကောင်လို ရှင် နေကိုနေရဦးမယ်။
နေကြည့်ဦးပေါ့ ဦးထက်နောင်။ ရှင့်ကို ကျွန်မ လုံးဝ ကွာရှင်းမပေးနိုင်ဘူး
... ဟင်း ဟင်း"

ရယ်မောရင်းပင် စန်း ထိုနေရာမှ ထွက်လာခဲ့၏။ ကံကြမ္မာဘီးသာ
တစ်ပတ်ပြန်လည်ခဲ့လေပြီ။

"စန်းရယ် အငြိုးကြီးလှချည်လား"

ပိုးချဲလ်ပေါ်ထိုင်ကာ ရေရွတ်ရင်း ထက်နောင်တစ်ယောက် ခေါင်း
ငိုက်စိုက်ကျသွားလေသည်။ ခေါင်းပြန်အမော့မှာတော့ အပြုံးတစ်ခုကို
မညီမညာ ပြုံးလိုက်ပါ၏။

နာကျင်သောအပြုံးလား။

ခွင့်လွှတ်သောအပြုံးလား။

နားလည်သောအပြုံးလား.

ဒါမှမဟုတ် ... ထိုအပြုံး၏အဓိပ္ပာယ်ကိုတော့ ထက်နောင်
ကိုယ်တိုင်ပဲ သိပါလိမ့်မည်။

ထိုသို့ဖြင့်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"နင် ဘာဆက်လုပ်မယ်စဉ်းစားထားလဲ စံနိုး"

ကျော်ကျော်၏အမေးစကားကြောင့် စံနိုးက နားမလည်ဟန်ဖြင့် မှိန်ကြည့်ကာ ...

"သိပ်မရှင်းဘူး ကျော်ကျော်။ နင်က ဘာကိုဆိုလိုချင်တာလဲ"

ဝေခွဲရခက်သောအပြုံးမျိုးကို ကျော်ကျော့်မျက်နှာပေါ်တွင် တွေ့လိုက်ရသည်။ ဘာကြောင့် ပြုံးသည်ကိုမသိ။

ကျော်ကျော်ကပဲ ...

"ရှင်းပါတယ်ဟာ။ နင် ရှေ့ဆက်ပြီး ဒုက္ခိတယောက်ျားကြီးနဲ့ ဘယ်လိုစခန်းသွားမှာလဲလို့မေးတာ။ တစ်ခုခုပြောင်းလဲဖို့ စိတ်ကူးထားပြီလား"

www.burmeseclassic.com


"ငါက ဘာကိုပြောင်းလဲရမှာလဲ"

"ဩော် ... ခက်နေပြန်ပြီ။ နင့်ယောက်ျားဒုက္ခတကြီးကို ဘယ်
တော့ကျမှ ကွာရှင်းမှာလဲလို့ ဒဲ့မေးရတော့မယ်ထင်တယ်"

စကားအဆုံးမှာ စနိုးမျက်နှာလေးက တည်သွားသည်။ ကျော်
ကျော်ကို ခပ်တည်တည်ပြန်ကြည့်လိုက်ရင်းက ...

"ငါက သူ့ကို ဘာဖြစ်လို့ကွာရှင်းရမှာလဲ ကျော်ကျော်။ သူ
အက်ဆီးဒင့်ဖြစ်တာက ငါ့ကြောင့်လေ။ ပြီးတော့ ငါနဲ့ ငါ့မိသားစုအပေါ်မှာ
သူ့ကျေးဇူးတွေလည်း ရှိသေးတယ်။ ငါ ကွာရှင်းလိုက်ရင်ကော ပတ်ဝန်း
ကျင်က ဘာပြောဦးမလဲ"

ကျော်ကျော်က စိတ်ပျက်ဟန်ဖြင့် ခေါင်းခါလိုက်ပြီး ...

"မဟုတ်သေးဘူးလေ စနိုးရာ။ ပတ်ဝန်းကျင်ဆိုတာကလည်း
ပြောကြရင် ခုနစ်ရက်ပေါ့ဟာ။ နင့်အိမ်ထောင်ရေးအကြောင်း နင် အသိဆုံး
လေ။ ကဲ ... ငါပြောမယ်။ နင် သူ့ကိုချစ်လို့ယူထားတာလား။ ပြီးတော့
နင့်အသက် နင့်အရွယ်နဲ့ နင့်အနာဂတ်ကို အဲဒီဒုက္ခတကြီးနားမှာ ကုန်လွန်
တော့မလို့လား"

စနိုး တွေဝေသွားရသည်။ တကယ်တမ်းပြောရလျှင် ထက်နောင်
နှင့်ပတ်သက်ပြီး အဲဒီလောက်ထိ စဉ်းစားထားတာမျိုးမရှိသေး။ ကိုယ်
ခံစားခဲ့ရသလို ထက်နောင် ပြန်ခံစားစေချင်သည့်သဘောသာ ရှိသေးသည်။
ခု ကျော်ကျော်မေးလာသည်က သူမ၏အနာဂတ်။ ရှေ့လျှောက် ဘယ်လို
ဖြတ်သန်းသွားမလဲဆိုသည့်ကိစ္စ။


www.burmeseclassic.com

www.burmeseclassic.com



စနိုး စဉ်းစားနေချိန်မှာပဲ ကျော်ကျော်က ...

"ပွဲလန့်တုန်း ဖျာဝင်ခင်းတယ်လို့တော့ သဘောမထားစေချင်ဘူး စနိုး။ နင့်အပေါ် မပြတ်နိုင်သေးဘဲ မျှော်လင့်နေသေးတဲ့ငါ့ကိုရော နင် ဘယ်လိုသဘောထားလဲ။ ငါ့ဘက်ကတော့ နင့်ကို ချစ်နေဆဲပဲ။ အခွင့်အရေး ရှိမယ်ဆိုရင် ဘဝရဲ့လက်ကျန်အချိန်တွေကို နင်နဲ့အတူ ဖြတ်သန်းဖို့ မျှော်လင့်ချင်သေးတယ် စနိုး။ ငါ့ကို နားလည်ပါ"

မျက်စိစုံမှိတ်လိုက်ရင်းက စနိုး လက်ကာပြလိုက်မိသည်။

"ခဏ ... ခဏလေး ကျော်ကျော်၊ နင့်စကားတွေက ဘောင်ကျော်နေပြီဟာ။ ငါဟာ ခုချိန်မှာ အိမ်ထောင်ရှင်အမျိုးသမီးတစ်ယောက်ဆိုတာလည်း မေ့မထားနဲ့ဦး။ ပြောရင်း ခေါင်းရှုပ်လာပြီဟာ။ နင် ဒီလိုစကားတွေပြောမယ်မထင်လို့ ငါ လာခဲ့တာ။ ပြန်တော့မယ်"

စနိုးအပြောကြောင့် ကျော်ကျော်က ညှိုးငယ်သောမျက်ဝန်းများဖြင့် ကြည့်လာရင်း ...

"စိတ်ရှုပ်သွားရင် ဆောရီးပါဟာ။ ငါ့ခံစားချက်ကို ငါ မထိန်းနိုင်ဖြစ်သွားတာပါ။ မပြေလည်မှုတွေကြောင့်သာ နင် တခြားတစ်ယောက်နဲ့ လက်ထပ်သွားတာကို ရင်နာနာနဲ့ ကြည့်နေခဲ့ရတဲ့ကောင်ပါ။ ကဲပါ ... ဒါတွေ ခဏထားလိုက်ပါဦး။ နင် ပြန်မယ်ဆို ငါ လိုက်ပို့မယ်လေ"

ခေါင်းခါကာ ထရပ်လိုက်ရင်း စနိုးက ...

"ဟော့အေး ... ရတယ်။ ငါ့ဟာငါပဲ ပြန်ပါ့မယ်"

ပြောပြီး စနိုး လှည့်ထွက်လိုက်သည်။ ပြီးမှ ကျော်ကျော်တက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ပြန်လှည့်ကြည့်ကာ ...

"ငါ့အနာဂတ်အတွက် ငါ သေသေချာချာ စဉ်းစားကြည့်လိုက်ဦးမယ်ဟာ။ နင့်ကို ပြောဖို့လိုလာရင်တော့ ငါ ဖုန်းဆက်ပြီး ချိန်းလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ စန်း"

စန်း လှည့်ထွက်သွားချိန်မှာတော့ ကျော်ကျော် ကျေနပ်စွာ ပြုံးလိုက်မိလေသည်။

သူတို့နှစ်ယောက်၏တွေ့ဆုံမှုကို ဆိုင်အပြင်ဘက် တစ်နေရာက ပုန်းကွယ်ကာစောင့်ကြည့်နေသည့် မျက်ဝန်းတစ်စုံကိုတော့ နှစ်ယောက်စလုံး သတိမထားမိလိုက်ပါချေ။ စန်းထွက်သွားတော့မှ အင်္ကျီခေါင်းစွပ်နှင့် ထိုလူလည်း တိတ်တဆိတ် ထွက်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

တစ်ပတ်လုံးလုံး စဉ်းစားကာဆုံးဖြတ်ပြီးချိန်မှာတော့ ကိုယ့်ဘက်က သက်မှတ်တစ်ခြမ်းထိုးထားသည့် ဂူ့ဘရှင်းစာချုပ်ကို ထက်နောင်၏ရှေ့တွင် ချပေးလိုက်သည်။

“ကျွန်မ စိတ်ပြောင်းသွားပြီ ဦးထက်နောင်။ ဒီမှာ ဂူဘရှင်းစာချုပ်ပါ”

ထက်နောင်၏မျက်နှာက သိသိသာသာ ပျက်ယွင်းသွားသည်။ စာချုပ်ကိုပင် ယူမကြည့်ဘဲ သက်ပြင်းချကာ ...

“အင်း ... နောက်ဆုံးတော့လည်း ကိုယ်ထင်တဲ့အတိုင်းပါပဲလား။ ဒါနဲ့ မင်းဘဝကို ဘယ်လိုဖြတ်သန်းဖို့ စဉ်းစားထားလဲ စနိုး။ သိချင်ပါ”

စနိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောမပြနိုင်သေးလို့ပါ။ တစ်ခုခု ပြောင်းလဲပြီဆိုရင်တော့ ဦးထက်နောင်ကို သတိပေးဖြစ်မလားပဲ"

"မင်းသဘောပါ စနိုး။ ဒါနဲ့ ပိုင်ဆိုင်မှုတွေအနေနဲ့ ကိုယ့်ဘက်က ဘယ်လိုလုပ်ပေးရမှာလဲ မသိဘူး"

ဒီတစ်ကြိမ်မှာတော့ စနိုး သက်ပြင်းချလိုက်မိသည်။

"ပထမတုန်းကတော့ ကျွန်မ ရသင့်ရထိုက်တဲ့ ရှင့်ပိုင်ဆိုင်မှု တစ်ဝက်ကို တောင်းမလို့ပါပဲ။ ဒါပေမဲ့ ရသင့်ရထိုက်တယ်ဆိုတဲ့စကားကို ကျွန်မ သိပ်လိပ်ပြာမလုံချင်ဘူးလေ။ အဲဒါကြောင့် ရှင် ကြည့်ကြည့်ဖြစ်ပြ ပေးသလောက်ပဲ ကျွန်မ ယူမယ်"

ထက်နောင်က ပြုံးသည်။ ဘာအရောင်မှမပါဘဲ ကြည့်ကြည်လင် လင် ပြုံးခြင်းဖြစ်၏။

"မင်းဘက်က ဘယ်လိုပဲဖြစ်ဖြစ်၊ ကွာရှင်းပြီးဆိုရင် တရားဥပဒေ က ပါလာပြီလေ။ မင်း ရသင့်ရထိုက်တာကို ကိုယ် ကျေကျေနပ်နပ်ပေးမှာပါ တစ်ခုပဲ"

စကားကိုဖြတ်လိုက်သဖြင့် စနိုးက လှမ်းကြည့်လိုက်သည်။ ထက် နောင်က ပင့်သက်ကို မှုင်းရှိုက်ရင်း ...

"ကိုယ့်အနားမှာမရှိတော့ရင်လည်း ကိုယ် မင်းကို အမြဲစိတ်ပူနေ မိမှာပဲ စနိုး။ ကိုယ် မင်းကို ချုပ်ခြယ်သလိုဖြစ်ခဲ့တယ်။ ဘာဖြစ်လို့ အဲ တွေဖြစ်ခဲ့တာလဲဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သိပြီ။ ဒါပေမဲ့ အားလုံး နောက်ကျသွားပြီလေ။ မလိုအပ်တော့ဘူးထင်လို့ ကိုယ်ပြောချင်တဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



တချို့ကိုတော့ ပြောမနေတော့ပါဘူး"

"ကျွန်မဘက်ကလည်း ဦးထက်ကို ကျေးဇူးတင်နေမှာပါ"

ပြန်ပြောင်းသွားသည့် အခေါ်အဝေါ်ကြောင့် ထက်နောင်က အံ့ဩသွားပုံပေါ်သည်။ ဦးထက်ဟု အရင်လိုပြန်ခေါ်လိုက်မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း စန္ဒီး အံ့ဩသွားမိ၏။

ထက်နောင်ကပဲ ...

"စန္ဒီး ကိုယ် ခုချက်ချင်း လက်မှတ်ထိုးပေးလိုက်ရမလား။ ခုက"

စန္ဒီးက အလောမကြီးချင်သည့်သဘောနှင့် ...

"အိုး ... ရပါတယ်၊ ဒီနေ့ ထိုးထားနှင့်ရင်ရပါပြီ။ ကျွန်မလည်း အပြင်သွားစရာရှိတော့ ညနေကျမှ ယူမယ်လေ"

ထက်နောင်က ခေါင်းညိတ်လိုက်ရင်း ...

"အိုကေ ... စန္ဒီး။ မင်း ကံကောင်းပါစေ"

အသိအမှတ်ပြုသည့်အနေဖြင့် စန္ဒီး ပြုံးပြရင်း ထက်နောင်ရှေ့မှ လှည့်ထွက်လာခဲ့၏။

အိမ်အပြင်ဘက်သို့ရောက်ရောက်ချင်း ကျော်ကျော်ဆီ ဖုန်းခေါ်လိုက်ပါသည်။

"ငါ့အတွက်တော့ တော်တော်လေး ခက်ခက်ခဲခဲ ဆုံးဖြတ်ရတာပဲ ကျော်ကျော်။ ကွာရှင်းစာချုပ်မှာ ငါ လက်မှတ်ထိုးခဲ့ပြီ"

"ငါ့အပေါ် ပြန်ကြည့်တာ ကျေးဇူးပဲ စန္ဒီးရာ။ ငါ အရမ်းပျော်သွားပြီ သိလား။ နင် ငါ့အခန်း လာခဲ့ဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ …ခုတော့ ငါ့အမေဆီ ခဏသွားဦးမယ်။ ညနေ လောက်ကျမှ လာဖြစ်မယ်ထင်တာပဲ"

"အိုကေ …အိုကေ။ ငါ အခန်းမှာပဲ ရှိနေမယ်"

စနိုး ဖုန်းချလိုက်ပြီး အမေ့အိမ်သို့သွားရန် ကားငှားလိုက်ပါသည်။ ကားပေါ်ရောက်ရောက်ချင်း ဖုန်းဆက်ကြည့်လိုက်တော့ အမေက အပြင် သွားနေသဖြင့် ကားဆရာကို ကျော်ကျော်တို့အခန်းဘက်ဆီပဲ ပြန်မောင်းခိုင်း လိုက်ပါ၏။ ကျော်ကျော်က တစ်ရက်လုံး အခန်းမှာပဲရှိမယ်ဟု ပြောခဲ့သည် မဟုတ်လား။

ကိစ္စတော်တော်များများ အချိန်တိုလေးအတွင်းမှာ လျင်မြန်စွာ ပြောင်းလဲဖြစ်ပျက်နေသည်ကို လူလောကဟု ခေါ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

"မင်းကိစ္စတွေကလည်း ရှုပ်နေတာပဲ ထက်နောင်ရာ။ ဒါနဲ့ မင်း ယ်အချိန်အထိ ဟန်ဆောင်နေဦးမှာလဲဟ။ အပျက်ပျက်နဲ့ နှာခေါင်းသွေး တ်နေဦးမယ်"

"ငါသိပါတယ်ကွာ။ ငါ့အတွက် ကံတရားကပေးလာတဲ့ အခြေ နေကို ငါ လက်ခံရမှာပေါ့"

"မင်းကိုတော့ နားမလည်နိုင်တော့ဘူး ဟေ့ကောင်။ ကဲကဲ ... ရှိရင် ဖုန်းဆက်လိုက်၊ ခုတော့ ဒါပဲကွ"

"အေး ... အေး"

သူငယ်ချင်းဆရာဝန် ဖုန်းချသွားချိန်ထိ ထက်နောင် ငိုင်တွေ သည်။ ဘာတွေဆက်ဖြစ်ရမည်ဆိုတာထက် ဘာတွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေကို လက်ခံရမှာလဲဆိုတာကိုပဲ တွေးနေမိ၏။

ထိုအချိန်မှာပဲ ဖုန်းမြည်လာသဖြင့် နံပါတ်ကိုကြည့်လိုက်မိသည်။ မိတ်ဆွေထံမှမဟုတ်သည့် နံပါတ်အစိမ်း။ ဖုန်းဖွင့်ကိုင်လိုက်တော့ ...

"ဘယ်လိုလဲ ဒုက္ခိတကြီးရဲ့။ ခုတော့ အောက်ပိုင်းလည်းသေ မိန်းမကလည်း ကွာရှင်းသွားပြီဆိုတော့ ပဋာမြေလူးသလို ထွန့်ထွန့်လူးနေပြီ မလား။ ခံဦးပေါ့ဗျာ ... ဟား ဟား"

ထက်နောင်စိတ်ထဲ ဒိန်းခနဲဖြစ်သွားရပြီး ...

"ဟေ့ကောင် ... မင်း မင်းက ဘယ်သူလဲ။ ကျော် ကျော်ကျော် လား"

တစ်ဖက်က ရယ်သံသဲ့သဲ့နှင့်အတူ ...

"အမှန်ပေါ့ ကိုယ့်ဆရာ။ ဒါနဲ့ ခင်ဗျားအောက်ပိုင်းသေရမှာ အ မဟုတ်ဘူး။ ဟိုးအရင် ကျုပ်ချစ်သူသွယ်သွယ်ကို ကားနဲ့တိုက်မိကတည်းက ဖြစ်ရမှာဗျ။ ခုတော့ ... ကျုပ်မှာ ခင်ဗျားဒုက္ခရောက်ဖို့ အချိန်တွေ စောင့် လိုက်ရတာဗျာ ... ဟား ဟား"

"ဟေ့ကောင် ... အဲဒါဆို သွယ်သွယ်က"

"ဟုတ်ပ ... သွယ်သွယ်ဆိုတာ စနိုးမတိုင်ခင်က ကျုပ်သိပ်ချစ် ရတဲ့ချစ်သူပဲ။ ခင်ဗျားကြောင့် ဒုက္ခိတဖြစ်ပြီး နောက်ဆုံး သေကြောင်း သွားတာလေ။ မှတ်မိမှာပေါ့"

"ဟာ"

ခုတလော မမက်တော့သည့်အိပ်မက်ဆိုးပုံရိပ်တွေက မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါ်လာသည်။

ဒါဆို … စန်းနှင့်ကကော ဒီကောင်ဇါ်စနစ်တကျ ဖန်တီးမှုတွေလား။

"ဟော့ကောင် … မင်းယုတ်မာလှချည်လားကွ၊ အဲဒါဆို … စန်းက"

"စန်းကတော့ ဘာမှမသိဘူးလေ။ ခင်ဗျားနဲ့သူ ဆုံခဲ့တာတော့ တိုက်ဆိုင်တာပဲ။ ဒါပေမဲ့ … ခင်ဗျားနဲ့စန်း ပတ်သက်မှုတွေ ကျုပ် သိလာရတော့ စန်းနဲ့ခင်ဗျား နီးစပ်အောင် တစ်ဖက်က ကျုပ် တွန်းအားပေးနိုင်ခဲ့တာပေါ့"

"မင်းကွာ၊ ဟော့ကောင်ကျော်ကျော် … မင်း ငါ့ဆီက ဘာလိုချင်သို့လဲကွဟေ"

ကျော်ကျော်က တဟားဟားရယ်လိုက်သည်။ ပြီးမှ …

"ကျုပ် သိပ်လောဘမကြီးပါဘူး ဦးထက်နောင်။ ခုဆို ခင်ဗျားလည်း ဒုက္ခိတဖြစ်နေပြီ။ ကျုပ်ရဲ့စန်းကလည်း ခင်ဗျားနဲ့ ကွာရှင်းပြီးလို့ ကျုပ်ဆီ ပြန်ရောက်လာတော့မယ်။ ပိုဝမ်းသာစရာကောင်းတာက ခင်ဗျားရဲ့ ပိုင်ဆိုင်မှုတစ်ဝက်ပါ ပါလာဦးမယ်လေ။ ဒီတော့ … ဒီလောက် ခင်ဗျား ဆိုရင် ကျေနပ်ပါပြီဗျာ။ ကျုပ်ချစ်သူ သွဲ့ယ်သွယ်လည်း ကျေနပ်မှာပါ။ ခင်ဗျား ဒီအကြောင်းတွေသိမှ ဗိုခံစားလို့ ကောင်းမှာမို့ ပြောပြတာ။ ဟားဟား … ခံစားစမ်း ဦးထက်နောင်၊ ထိုင်ရာကမထဘဲ ခံစားလိုက်ဦး … ဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကျော်ကျော်က ဖုန်းချသွားလေသည်။ ဒီတစ်ကြိမ်မှာတော့ ဟန်ဆောင်မှုတွေကို ခွာချကာ ထက်နောင် ပိုးချဲလ်ပေါ် ထိုင်ရာမှ မတ်တတ် ထရပ်လိုက်ပါသည်။ ပြီး ... ခေါင်းစွပ်ပါသော ဂျာကင်အမည်းရောင်ကို ယူဝတ်လိုက်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"သိပ်ကျေနပ်စရာကောင်းတဲ့ လောကပဲကွာ ...ဟား ဟား ငွေရှာရလည်း သိပ်လွယ်ပါလား"

ဖုန်းပြောအပြီးမှာ အားရကျေနပ်စွာ ရေရွတ်ရင်း အခန်းဝဆီ အကြည့် ကျော်ကျော် အမှတ်မထင် ကြည့်လိုက်မိသည်။

"ဟင်"

အခန်းဝတွင်ရပ်ကာ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည့် စန်းကို တွေ့လိုက်ရသဖြင့် အံ့ဩသွားရ၏။ သူ ထက်နောင်နှင့် ပြောခဲ့တာတွေ အားလုံး စန်း ကြားသွားပြီလား။ ထိတ်လန့်တုန်လှုပ်သွားသောစိတ်နှင့် ...

"စန်း ...ငါ ...ငါ ရှင်းပြ"

"လူယုတ်မာ ကျော်ကျော်"

www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး စနိုး ချာခနဲလှည့်ကာ တိုက်ခန်းလှေကားပေါ်မှ ပြေးဆင်းလာခဲ့သည်။

"စနိုး . . . မသွားနဲ့"

ကျော်ကျော်၏တားသံကို ဂရုမစိုက်တော့ဘဲ အသားကုန် ပြေးဆင်းလာခဲ့၏။ ငါးလွှာတိုက်ခန်းမှ ပြေးဆင်းလာခဲ့ခြင်းဖြစ်သဖြင့် အောက်သို့ အမြန်ရောက်ရန် စိတ်လောနေမိသည်။

သို့သော် . . .

မြေညီထပ်လှေကားဝအနီးသို့ရောက်ချိန်မှာပဲ နောက်မှ ပြေးလိုက်လာသည့် ကျော်ကျော်၏ဖမ်းချုပ်မှုကို ခံလိုက်ရပြီး . . .

"စနိုး . . . မင်းကို မသွားနဲ့လို့ ပြောနေတယ်နော်"

စနိုးက ရုန်းဖယ်လိုက်ရင်း . . .

"လွှတ်နော် . . . လူယုတ်မာ၊ နင် ဖုန်းပြောတာတွေ ငါ အကုန်ကြားပြီးပြီ။ နင် မလွှတ်ရင် ငါအော်လိုက်မှာနော်"

"အော်ကြည့်လိုက်လေ စနိုး"

ခန္ဓာကိုယ်ချင်း ပူးကပ်ထားသလိုဖြစ်နေရင်းက နံဘေးဆီသို့ ချွန်ထက်သောအရာတစ်ခု လာထောက်သည်ကို စနိုး ခံစားလိုက်မိ၏။ ကျော်ကျော် သူမကို ဓားဖြင့် ခြိမ်းခြောက်နေလေပြီ။

စနိုး စိတ်ကိုစုစည်းလိုက်ရင်း . . .

"ကျော်ကျော် . . . နင် ငါ့ဆီက ဘာလိုချင်လို့လဲ"

ကျော်ကျော်က မထီတရီပြုံးလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"လိုချင်တာတွေကတော့ အများကြီးပေါ့ စနိုး။ မလောနဲ့လေ"

ထိုအချိန်မှာပဲ တိုက်ပေါ်သို့တက်ရန် လူတစ်ယောက် ဝင်လာသဖြင့် ကျော်ကျော်က စနိုးနှင့် သမီးရည်းစားတွေလို ခန္ဓာကိုယ် ပူးကပ်ထားရင်းက ဘေးသို့ ယို့ပေးလိုက်ကာ ...

"သွားပါဗျ ... သွားပါ"

စနိုးက ထိုလူကို အားကိုးတကြီး လှမ်းကြည့်လိုက်သော်လည်း ထိုလူက စနိုးတို့ကို သာမန် သမီးရည်းစားတွေပဲဟု ထင်ပုံရသည်။ တစ်ချက်လောက်ပဲ အကဲခတ်ကာ အပေါ်သို့ ဆက်တက်သွားလေ၏။

ထိုလူ မြင်ကွင်းက ပျောက်ကွယ်သွားတော့မှ ကျော်ကျော်က လေသံတီးတိုးဖြင့် ...

"အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးသွားတော့ ငါတို့ စကားပြောဖို့ လိုလိမ့်မယ် စနိုး။ သေချာအောင် ထပ်ပြောရရင် ညှိရမှာ"

အံကြိတ်ရင်း စနိုး ပြန်ပြောလိုက်သည်။

"ဘာမှညှိစရာမရှိဘူး ကျော်ကျော်။ နင့်ကိုငါ မုန်းလည်း မုန်းရွံလည်း ရွံတယ်"

"ဟား ဟား ... အသာလုပ်ပါဟ။ နင်ပဲ အရင်းချစ်ခဲ့တာဆို"

"တောက်!"

စနိုး တက်ခေါက်လိုက်မိ၏။ ထိုစဉ် ခေါင်းစွပ်အကျီအနက်နှင့် မျက်မှန်တပ်ထားသည့် လူတစ်ယောက် လှေကားအတွင်းသို့ ဝင်လာပြန်သဖြင့် ကျော်ကျော်က မျက်နှာလွှဲပြီး ကိုယ်ကို ယို့ပေးလိုက်သည်။ စနိုး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ထိုလူကို အားကိုးတကြီး စူးစိုက်ကြည့်မိရင်းက အံ့ဩမှုတွေ ဖွေးဖွေးလှုပ်သွားရလေသည်။

"ဟင် ... ဦးထက်"

စိတ်ထဲက မယုံနိုင်စွာ အသံတိတ် ရေရွတ်လိုက်မိခြင်းဖြစ်၏။ ကျော်ကျော်ကတော့ ရိပ်မိပုံမရချေ။ စနိုးကြောင်အမ်းနေချိန်မှာပဲ ထက်နောင်က ဆတ်ခနဲ ပြန်လှည့်လာပြီး ...

"ကျော်ကျော် ... မင်းကိုယ်မင်း သိပ်လည်နေပြီလို့ ထင်နေလားကွ"

ကျော်ကျော် အသံလာရာဆီ လှမ်းကြည့်ကာ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ ထိုအချိန်မှာပဲ ထက်နောင်က ရှေ့တိုးလာသဖြင့် ကျော်ကျော်က လက်ထဲရှိ ဓားဖြင့် ဆတ်ခနဲ လှမ်းထိုးလိုက်သည်။

"ကဲကွာ"

သို့သော်လည်း ထက်နောင်က မျှော်လင့်ထားပုံရပါသည်။ ကျော်ကျော့်ဓားကိုရှောင်ကာ လက်ကို လိမ်ချိုးရင်း ချုပ်ဖမ်းလိုက်ပါ၏။

"စနိုး ဓားကိုကောက်ထားလိုက်"

ကျသွားသောဓားကို ကောက်ယူလိုက်ချိန်အထိ စနိုး မယုံကြည်နိုင်သေး။ ထက်နောင်ကို အံ့ဩသလိုကြည့်ကာ ...

"ဦး ... ဦးထက် ခြေထောက်က"

ထက်နောင်က ပြုံးလိုက်ရင်း ...

"ကိုယ့်ခြေထောက် ဘာမှမဖြစ်ခဲ့ပါဘူး စနိုး။ မနိုးရရင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်နာချင်လို့ ဟန်ဆောင်ခဲ့တာပါ"

"ရှင် ဇာတ်နာချင်လို့ ဟုတ်လား။ ဘာကြောင့်လဲ"

ထက်နောင်က ...

"ပြီးမှပြောပြမယ်လေ စနိုး။ ဒီကောင့်ကို ရဲစခန်းအပ်ရဦးမယ်။ ဟော့ကောင် ... လာ"

ထက်နောင်၏လက်ထဲမှ မရုန်းနိုင်သဖြင့် ကျော်ကျော် ယက်ကန်ယက်ကန်ဖြင့် ပါသွားသည်။

ရပ်ကွက်ထဲမှ လူတချို့အကူအညီဖြင့် ကျော်ကျော်ကို ရဲစခန်းသို့ အပ်လိုက်သည်။ တရားလည်းစွဲရဦးမည်ပေါ့။

ရဲစခန်းမှပြန်ထွက်လာတော့ ထက်နောင်၏ကားပေါ်မှာပဲ စနိုး တက်ထိုင်လိုက်၏။

BURMESE CLASSIC

ထက်နောင်က ...

"ကွာရှင်းစာချုပ် လိုက်ယူမလို့လား စနိုး"

စနိုးက မျက်နှာတည်တည်လေးဖြင့် ...

"ဟုတ်တယ်၊ ဒါနဲ့ သိချင်တာကို မေးပါဦးမယ်။ ဦးထက်က ခြေထောက်မကောင်းချင်ယောင် ဘာလို့ဟန်ဆောင်ခဲ့တာလဲ"

ထက်နောင်က သက်ပြင်းချရင်း ...

"ကိုယ့်အသိဆရာဝန်ကို အကူအညီတောင်းပြီး စနိုးကို ညာခဲ့တာပါ။ တစ်အချက်က စနိုး ကိုယ့်အနားက ထွက်သွားလို့ရအောင် နောက်တစ်ချက်က"

www.burmeseclassic.com

www.burmeseclassic.com

စကားကို ဖြတ်ထားလိုက်သဖြင့် စန်းက ...

"နောက်တစ်ချက်က ဘာလဲ"

"စန်းရဲ့ဂရုစိုက်မှုလေးတွေများ ရမလားလို့ပါ။ ကိုယ် မင်းကို ချစ်မိနေပြီလေ။ အဲဒီအချိန်ကျတော့ မင်းက ကိုယ့်ကို မုန်းတီးပြီး ထွက်သွားဖို့ ဖြစ်နေခဲ့ပြီ။ အဲဒါကြောင့် ကိုယ် လုပ်မိလုပ်ရာတွေ လုပ်ခဲ့တာပါ"

"အင်း ... အဆိုးထဲက အကောင်းကတော့ ကျော်ကျော့်ရဲ့ စိတ်အစစ်အမှန်ကို သိလိုက်ရတာပဲ။ အဲဒီအတွက် ကျေးဇူးပဲ ဦးထက်"

ထက်နောင်က ပြုံးလိုက်ရင်း ...

"လာပြန်ပြီ ဒီကျေးဇူးတွေ စန်း"

နှစ်ယောက်သားအကြည့်ချင်းဆုံမိလိုက်ကြသည်။

"ကိုယ် မင်းကိုချစ်တယ် စန်း။ မင်းအပေါ်မှာလည်း ရွှေငါး လေးတစ်ကောင်လို ကန်ထဲမှာထားသလို မထားတော့ဘူးလေ။ ကိုယ့် ဘက်ကို ပြန်ကြည့်ပေးနိုင်မလား"

"ဟင့်အင်း"

"ဟာ"

ထက်နောင် ရေရွတ်လိုက်သဖြင့် စန်းက လွင်လွင်လေး ရယ် လိုက်ကာ ...

"ဟင့်အင်းဆိုတာက စန်းလေ ဦးထက်ရဲ့အရိပ်အောက်မှာ ရွှေငါးလေးတစ်ကောင်လို နေချင်ပါတယ်လို့ ပြောတာ။ တစ်ခုပဲ အိုးတွေ မချုပ်ချယ်နဲ့ပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီကွာ၊ ကိုယ်လည်း အချစ်ဆိုတာကို နားလည်လိုက်ပါပြီ စန်းရယ်"

ပြောရင်း သိုင်းဖက်လိုက်တော့ စန်းကလည်း ထက်နောင်၏ပခုံးပေါ်တွင် ခေါင်းလေးမှီထားလိုက်ပါသည်။

ခုတော့လည်း ရွှေငါးလေးဘဝက လုံခြုံမှုတွေနှင့်ပေါ့။ အရာရာသည် လှပစွာ။

လေးစားစွာ

မိုးစက်ဝိုင်း

pm5271122016

www.burmeseclassic.com